# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်း ချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘဝ နစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကိုချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။ **အတ္တဝဂ်(ဓမ္မပဒ - ၁၅၇)**


၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ် (၁၀၁)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ တောင်ကုတ်ဒီဂရီကောလိပ် ဖွင့်ပွဲတက်ရောက်

## နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပေါ် တည်မှီ





ဒုတိယသမ္မတ ဦးမြင့်ဆွေ တောင်ကုတ်ဒီဂရီကောလိပ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် ဂွ၊ သံတွဲ၊ ရမ်းဗြဲ၊ မာန်အောင်၊ ကျောက်ဖြူ၊ အမ်းနှင့် တောင်ကုတ် စသည့် ဒေသတစ်ဝန်းမှ ပညာသင်ကြားလိုသူများအတွက် အခွင့်အလမ်းပွင့်လန်းစေမည့် တောင်ကုတ်ဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ကျောင်းအုပ်ကြီး ဒေါက်တာဝင်းနိုင်တို့က ဒီဂရီကောလိပ်မုခ်ဦးအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပြောကြား

**ထားဝယ် ဇန်နဝါရီ ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌တွေ့ဆုံပြီး ဥပဒေပြုရေး၊ ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကာလသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို ဒီမိုကရေစီစနစ်ထွန်းကားရန်၊ ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ဒီမိုကရေစီအခွင့်အရေးများရမှ တရားဥပဒေစိုးမိုးမှုရရှိမည်ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုရှိမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိမည် ဖြစ်ပါကြောင်း၊ ဥပဒေပြု ရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် မဏ္ဍိုင်ကြီးသုံးရပ်သည် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ မဏ္ဍိုင် သုံးခုသည် တစ်ခုနှင့်တစ်ခု လွှမ်းမိုးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းမျိုးပြုလုပ်၍ မရပါကြောင်း၊ အပြန်အလှန်သာ ထိန်းကျောင်းနိုင်ပါကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁* ●




မြန်မာ့အလင်း

# သွားလမ်းသာ၍ လာလမ်းဖြောင့်စေရေး

လာမည့်ရက်သတ္တပတ်ကာလအတွင်း ရန်ကုန်မြို့နေပြည်သူများအဖို့ အချိုးအကွေ့အပြောင်းအလဲတစ်ခုနှင့် ကြုံတွေ့ကြရတော့မည်ဖြစ်သည်။ ရန်ကုန်မြို့ပြရေိယာအတွင်း လက်ရှိပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်မှ ယာဉ်များပြေးဆွဲခွင့်ကို ဇန်နဝါရီ ၁၅ ရက် ညပိုင်းတွင် အပြီးအပိုင်ရပ်ဆိုင်းကာ ဇန်နဝါရီ ၁၆ ရက် နံနက်မှ စတင်၍ ယာဉ်လိုင်းအသစ် ၅၈ လိုင်းမှ မော်တော်ယာဉ်များက ရန်ကုန်မြို့၏ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ ယင်းအပြောင်းအလဲက ရန်ကုန်မြို့၌ နေ့စဉ်ခရီးသွားနေကြသည့် ခရီးသည်ဦးရေ နှစ်သန်းကျော်တို့အပေါ်တွင် ရိုက်ခတ်မှုများ ရှိလာလိမ့်မည်ဖြစ်သည်။

ရန်ကုန်မြို့လယ်ဧရိယာတွင် ခရီးသည်တင်ယာဉ်လိုင်းသုံးလိုင်းမှ မော်တော်ယာဉ်များကသာ ပြေးဆွဲနေမည်ဖြစ်ပြီး ကျန်ယာဉ်လိုင်းများမှ ခရီးသည်တင်မော်တော်ယာဉ်များက မြို့ပြင်မြို့ပတ်ဆင်ခြေဖုံးမြို့နယ်များမှ ခရီးသည်များကို တင်ဆောင်ကာ မြို့လယ်နှင့် မြို့ပတ်ဆင်ခြေဖုံးဒေသများကို ချိတ်ဆက်၍ သယ်ယူပို့ဆောင်မည့် ယင်းအစီအစဉ်သစ်ကို လွန်ခဲ့သည့် ခြောက်လကျော်ခန့်ကပင် စီစဉ်နေခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ စနစ်သစ်အရ ခရီးသည်တင်ယာဉ်လိုင်းများ ကြီးကြပ်ကွပ်ကဲမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော "ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့"က တာဝန်ယူသွားမည်ဖြစ်ရာ ယခင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ (မထသ)၏ အခန်းကဏ္ဍမှာ နိဂုံးချုပ်ရတော့မည်ဖြစ်သည်။

မထသ၏ စီမံခန့်ခွဲနေသည့် စနစ်ဟောင်းကာလအတွင်း ရန်ကုန်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ စသည့် ပိုင်ဆိုင်သူအမျိုးမျိုးတို့၏ ခရီးသည်တင်မော်တော်ယာဉ်များက ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်တွင်ဝင်ရောက်၍ အပြိုင်အဆိုင် စီးပွားရှာနေကြခြင်းဖြစ်သည့် အလျောက် ခရီးသည်များ သက်သာချောင်ချိရေးထက် ပိုင်ရှင်များ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ အကျိုးစီးပွားဘက်ကိုသာ ဦးစားပေးသည့် စနစ်ဖြစ်ခဲ့သည်။ ခရီးသည်များများတင်နိုင်မှ ဝင်ငွေများများရရှိမည်ဖြစ်သည့်အတွက် အပြိုင်အဆိုင်မောင်း၊ အလုအယက်ခေါ်၊ အပြည့်အသိပ်တင်ကာ ခရီးသွားပြည်သူများအပေါ်တွင် အလေးထားမှု၊ လေးစားမှုတို့ လျော့နည်းခဲ့ပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့၏ ရိုင်းစိုင်းမှု၊ ရမ်းကားမှု၊ စည်းကမ်းမလိုက်နာမှု စသည်တို့မှာ ခရီးသွားပြည်သူတို့၏ ဝေဖန်စရာများဖြစ်ခဲ့ကာ ရန်ကုန်မြို့ကြီး၏ ပုံရိပ်ကို ညှိုးမှိန်စေသော အကြောင်းအရာတစ်ရပ်လည်းဖြစ်ခဲ့သည်။

စနစ်သစ်တစ်ရပ်ကို အစားထိုးဆောင်ရွက်ခြင်းက စနစ်ဟောင်း၏ အားနည်းချက်များ၊ အနိဋ္ဌာရုံများကို ပြုပြင်ဖယ်ရှားလိုခြင်းကြောင့်ဖြစ်ပြီး ခရီးသွားပြည်သူများ အဆင်ပြေစိတ်ချမ်းသာစွာ သွားလာနိုင်ရေးနှင့် တစ်ဖက်တွင်လည်း ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ ထိုက်သင့်သည့် အကျိုးစီးပွားဖြစ်ထွန်းရေးဟူသော နှစ်ဖက်စလုံး အဆင်ပြေစေမည့် ရည်ရွယ်ချက်များလည်းပါရှိရာ ခရီးသည်များ၊ ယာဉ်မောင်း၊ ယာဉ်လုပ်သားများအပါအဝင် သက်ဆိုင်သူအားလုံးက စနစ်သစ်အောင်မြင်ရေးအတွက် ပူးပေါင်းပါဝင်ကြရန် လိုအပ်မည်ဖြစ်သည်။

လာမည့် ဇန်နဝါရီ ၁၆ ရက်(တနင်္လာနေ့)နံနက်တွင် ယာဉ်လိုင်းနံပါတ်အသစ်များ၊ ခရီးစဉ်အသစ်များဖြင့် ပြေးဆွဲတော့မည်ဖြစ်ရာ ခရီးသည်များအနေဖြင့် မိမိတို့ နိစ္စဓူဝသွားလာနေကြရသည့် ခရီးစဉ်များအတွက် ယာဉ်လိုင်းနံပါတ်များကို ဂရုတစိုက်လေ့လာမှတ်သားကာ သွားလာခြင်း၊ ယာဉ်မောင်း၊ ယာဉ်လုပ်သားများကလည်း ခရီးသည်များသွားလိုရာခရီးကို အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲသည့်အဖွဲ့ကလည်း ယာဉ်များစည်းကမ်းတကျ မောင်းနှင်ရေး၊ ခရီးသွားပြည်သူများအပေါ် ဝန်ဆောင်မှုကောင်းမွန်ရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်ခြင်း စသည်တို့အားဖြင့် စနစ်သစ်ကို အောင်မြင်ချောမွေ့စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်မျှော်လင့် ပါကြောင်း။ ။




## "ကာတွန်းအဖော် စာဖတ်ပျော်"ကလေးစာကြည့်တိုက် အစီအစဉ် နောက်ဆုံးနေ့စည်ကား

ရန်ကုန် ဇန်နဝါရီ ၈

"ကာတွန်းအဖော် စာဖတ်ပျော်" ကလေးစာကြည့်တိုက် အစီအစဉ်ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း အမျိုးသားပြတိုက် (ရန်ကုန်) ဘက်စုံခန်းမ၌ ယနေ့နောက်ဆုံးနေ့အဖြစ် နံနက် ၉ နာရီခွဲက စတင်ဖွင့်လှစ်ရာ ဌာနဆိုင်ရာများ၊ စာကြည့်တိုက်ပညာရှင်များ၊ အုပ်ထိန်းသူများ၊ ကာတွန်းပညာရှင်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားများပြားခဲ့သည်။

"ကာတွန်းအဖော် စာဖတ်ပျော်"ကလေးစာကြည့်တိုက် အစီအစဉ်တွင် ဝါရင့်ကာတွန်းဆရာကြီးများ၏ အမှတ်တရကာတွန်းရေးဆွဲခြင်းအစီအစဉ်၊ ပုံပြင်ပြောခြင်း၊ ပန်းချီရေးဆွဲခြင်း အစီအစဉ်၊ ဉာဏ်စမ်းပဟေဠိအစီအစဉ်၊ ကလေးများအတွက် လက်မှုပညာအစီအစဉ်၊ ကလေးများ၏ ပြဇာတ်အစီအစဉ်၊ ကလေးစာပေဆိုင်ရာစာအုပ် ရုပ်ပြဇာတ်လမ်းမျိုးစုံရောင်းချခြင်းအစီအစဉ်များပါဝင်ပြီး အစီအစဉ်တိုင်းကို လေ့လာကြည့်ရှုအားပေးကြသူများ စိတ်ဝင်စားကြကြောင်း သိရသည်။

"ကာတွန်းအဖော် စာဖတ်ပျော်" ကလေးစာကြည့်တိုက် အစီအစဉ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်)က ကြီးမှူး၍ ကလေးသူငယ်များ၏ စာဖတ်ရှိန်မြှင့်တင်ရေးကို ကာတွန်းရုပ်ပုံများပါဝင်သည့် ကလေးစာပေများမှတစ်ဆင့် အထောက်အကူပြုရန်နှင့် ကလေးသူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးစေပြီး တီထွင်ဖန်တီးတတ်သည့် အလေ့အကျင့်ကောင်းများ ပိုမိုမြင့်မားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

"ဒီပွဲဟာ ကလေးတွေကာတွန်းရုပ်ပြတွေကတစ်ဆင့် စာဖတ်လာအောင်၊ အတွေးအခေါ်မှန်ကန်လာအောင် လမ်းကြောင်းထွင်ပေးတဲ့ပွဲလို့ဆိုနိုင်ပါတယ်။ ဒီပွဲမျိုး ကျယ်ကျယ်ပြန့်ပြန့် မကြာခဏ နေရာအနှံ့ လုပ်ပေးစေချင်တယ်။ ဦးဆောင်စီစဉ်ပေးတဲ့ အဖွဲ့အစည်းတွေ၊ ပါဝင်ကူညီတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ကျောင်းသားမိဘတစ်ဦးက ပြောကြားသည်။

ကိုချစ်

## မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် ဇန်နဝါရီ ၈

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့ ညနေ ၃ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာမည်။ (မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၈-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၇၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၂၉ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၄ · ၂၉ |
| ထိုင်း | တစ်ဘတ် | ၃၇ · ၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၉၂ |
| တရုတ် | တစ်ယွမ် | ၁၀၁ · ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၁၉၅ · ၉၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ဒုတိယသမ္မတ ဦးမြင့်ဆွေ တောင်ကုတ်ဒီဂရီကောလိပ် ကွန်ပျူတာလက်တွေ့လေ့ကျင့်ခန်းမအတွင်း လှည့်လည်ကြည့်ရှုစဉ် (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက တောင်ကုတ်ဒီဂရီကောလိပ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နှစ်သစ်ကူးပြောင်းစကာလတွင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး တောင်ကုတ်ကောလိပ်အား ဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယခင်က ရခိုင်ပြည်နယ်၌ စစ်တွေတက္ကသိုလ် တစ်ခုတည်းကိုသာ အားထား ရပ်တည်ခဲ့ရပါကြောင်း၊ တောင်တန်းများအထပ်ထပ် ကာရံထားသည့်ဒေသ၊ မြစ်ချောင်းအင်းအိုင် အဆီးအတား များလွန်းသည့်ဒေသတွင် ဒေသခံများအနေဖြင့် ပြည်နယ်မြောက်ပိုင်းတွင် အခြေစိုက်သော စစ်တွေတက္ကသိုလ်၌ ပညာသင်ကြားနိုင်ရေးအတွက် ခက်ခဲပင်ပန်းခဲ့ကြရပါကြောင်း၊ ငွေကြေး အခက်အခဲ၊ ခရီးလမ်းပန်းအခက်အခဲများသည် ပညာရှာလိုသူများကို အဟန့်အတား ဖြစ်စေခဲ့ပါကြောင်း။

အဆိုပါ အဆင်မပြေမှုများ ပြေလည်စေရန်အတွက် တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၏ အားထုတ်ကြိုးပမ်းမှုကြောင့် ၂၀၁၂ ခုနှစ်တွင် တောင်ကုတ်ကောလိပ်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ တောင်ကုတ်ဒေသကို အခြေခံ၍ ရခိုင်ပြည်နယ်တောင်ပိုင်းဒေသ သာမက ပြည်နယ်တစ်ခုလုံးနှင့် ပြည်ထောင်စုကြီး တစ်ခုလုံး ရှေ့ရောက်ရန် မိမိတို့အနေဖြင့် ပညာအုတ်မြစ်ခိုင်ခိုင်ချနိုင်ရန် လိုအပ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့သော တောင်ကုတ်ကောလိပ်သည် ယခု ဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့်ချိန်တွင် နေ့သင်တန်းကျောင်းသား ၁၆၀၀ ကျော်၊ အဝေးသင်ကျောင်းသား ၅၀၀၀ နီးပါး ပညာရှာမှီး ဆည်းပူးနိုင်သည်မှာ ကျက်သရေမင်္ဂလာ ရှိလှပါကြောင်း၊ ကျောင်းသားကျောင်းသူ ၆၀၀၀ ကျော်၊ ၇၀၀၀ နီးပါး ဝေးလံခေါင်ဖျား ငွေကုန်ကြေးကျများစွာဖြင့် ခက်ခက်ခဲခဲ မသွားရဘဲ ပညာသင်ကြားနိုင်သည့်အတွက် ၎င်းတို့၏ မိဘများနှင့် အားလုံးအတွက် ကျေနပ်ပီတိဖြစ်ရပါကြောင်း၊ တောင်ကုတ်ဒီဂရီကောလိပ်၌ ဘာသာရပ်ဌာနကြီး ရှစ်ခုကို ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် ဂုဏ်ထူးတန်းများအထိ သင်ကြားပေးနိုင်ပြီဖြစ်ပါကြောင်း။

ယခု ၂၀၁၇ ခုနှစ်တွင် ငါးနှစ်သားဝန်းကျင်သာရှိသေးသည့်ကျောင်း ဖြစ်သည့်အတွက် အခက်အခဲ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်တစ်ခုအနေဖြင့် ခိုင်ခိုင်မာမာရပ်တည် ဖွံ့ဖြိုးတိုးတက်လာရန် ပြည်သူလူထု၊ မိဘ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ညီညီညွတ်ညွတ်နှင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပေါ် တည်မှီနေပါကြောင်း၊ ပညာရေးကဏ္ဍကို အဓိက ဖော်ဆောင်နေသူများသည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဖြစ်ပါကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်၏ ပြောင်းလဲနေသော ပညာရေး ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားကြရန် အထူးလိုအပ်ပါကြောင်း၊ ထိုသို့ ကြိုးပမ်းရာ၌ အခြေခံလိုအပ်ချက်များဖြစ်သည့် ဆရာနှင့် ကျောင်းသားများ အတန်းမှန်ရန်၊ သင်ကြားရာတွင်လည်း ဆရာ ဆရာမများက လက်တွေ့ကျကျ သင်ကြားပို့ချပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် လက်တွေ့ဘဝတွင် အသုံးချနိုင်ရန်၊ မိမိ တတ်မြောက်ထားသော ပညာရပ်နှင့် မိမိဒေသ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နိုင်ရန် တောင်ကုတ်ဒီဂရီကောလိပ် အနေဖြင့် ဒေသနှင့်ကိုက်ညီပြီး ဒေသအကျိုးပြုမည့် ဘာသာရပ်များကို တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရန် အားထုတ်လုပ်ဆောင်သွားပါဟု မှာကြားလိုပါကြောင်း။

ဆရာ ဆရာမများကို အထူးမှာကြားလိုသည်မှာ ပညာသင်ကြားရာတွင် အုပ်စုလိုက်ပရောဂျက်၊ အခြေခံသုတေသနနှင့်ဆိုင်သောကိစ္စများကိုပါ သင်ပေးရန်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို စာပေပညာသင်ပေးရုံသာမက ကိုယ်နှုတ်နှလုံး လိမ္မာယဉ်ကျေးအောင်၊ ကာယ ဉာဏ ဖွံ့ဖြိုးတိုးတက်အောင် ဆုံးမပဲ့ပြင်ပေးရန် လိုအပ်သကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း စံနမူနာပြုအတုယူလေးစားထိုက်သူ၊ တောင်ကုတ်ဒီဂရီကောလိပ်၏ ဂုဏ်ဆောင်နိုင်သူများ ဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရန် မှာကြားလိုပါကြောင်း။

ယခုဖွင့်လှစ်လိုက်သော တောင်ကုတ်ဒီဂရီကောလိပ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက မိမိတို့ကျရာကဏ္ဍမှ ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြပြီး ယှဉ်ပြိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ မွေးထုတ်ပေးကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က အမှာစကားများ ပြောကြားကြပြီး မြို့မိမြို့ဖ ဦးကျော်တောင်နှင့် တောင်ကုတ်ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာဝင်းနိုင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုး၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) ဦးဘရွှေ၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြို့မိမြို့ဖ ဦးကျော်တောင်တို့ထံသို့ ကျောင်းအုပ်ကြီးက ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များကို ပေးအပ်သည်။

ဖွင့်ပွဲအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်ဒီဂရီကောလိပ်အတွင်းရှိ ဘာသာစကား လက်တွေ့လေ့ကျင့်ခန်းမ၊ ကွန်ပျူတာ လက်တွေ့လေ့ကျင့်ခန်းမ၊ စာသင်ခန်းများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ အဆောင်များ တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုကြသည်။

တောင်ကုတ်ဒီဂရီကောလိပ်သည် ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးအနီး မြေဧက ၂၁၂ ဒသမ ၂၀ ကေပေါ်၌ တည်ရှိကာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်ကုတ်ကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့မှ သံတွဲမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ပဲခူးရိုးမအား သစ်ထုတ်လုပ်ခွင့် ၁၀ နှစ် ရပ်နားပြီး ကျွန်းတောများ ပြန်လည်ဖြစ်ထွန်းလာသည်ထိ ထိန်းသိမ်းစောင့်ရှောက်မည်

**နေပြည်တော် ဇန်နဝါရီ ၈**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီက ကရင်ပြည်နယ် သံတောင်ကြိုးဝိုင်း အကွက်အမှတ်(၂)အတွင်း ကျွန်းသစ်စေ့ထုတ်ဧရိယာ ဧက ၂၀ သို့ရောက်ရှိစစ်ဆေးခဲ့သည်။

ထို့နောက် သံတောင်မြို့ သစ်တောဦးစီးဌာနရုံး၌ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ) ဒေါက်တာအာကာမိုးနှင့်တွေ့ဆုံပြီး ဒေသခံပြည်သူများမှ သံတောင်ကြီး



မြို့နယ်အတွင်းရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ဝင်ရောက်လုပ်ကိုင်နေသည့် ယာမြေ၊ ဥယျာဉ်ခြံမြေများအား တရားဝင်လုပ်ကိုင်ခွင့်ရရှိရေးနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ဆက်လက်၍ သံတောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ အနေဖြင့် ရိုးသားကြိုးစားရန်၊ ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်၊ ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ကိုင်ပြောဆိုရန်၊ အချင်းချင်း ရိုင်းပင်းကူညီစောင့်ရှောက်ရန်နှင့် တောလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဂရုစိုက်ရန် မှာကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် နော်ဘူဘောဆုတောင်းတောင်ရှိ ဆရာတော် ဦးဒူသူ၊ ဘုန်းတော်ကြီးဦးတင်အုန်းတို့နှင့် တွေ့ဆုံ၍ နော်ဘူဘောတောင်နှင့် သံတောင်ကြီးမြို့ပတ်ဝန်းကျင်ရှိ သစ်တောများသည် ဘာသာရေးအရသော်လည်းကောင်း၊ သဘာဝအခြေခံအပန်းဖြေစခန်း တစ်ခုအနေဖြင့်သော်လည်းကောင်း၊ စစ်တောင်းမြစ်၏ အရေးကြီးရေဝေရေလဲဒေသအနေဖြင့်သော်လည်းကောင်း အလွန်အရေးပါသည့် သစ်တောများဖြစ်သဖြင့် သဘာဝနယ်မြေအဖြစ် ထိန်းသိမ်းသတ်မှတ်ကာကွယ်နိုင်ရေးဆွေးနွေးခဲ့ပြီး နော်ဘူဘောဆုတောင်း တောင်ပေါ်သို့ တက်ရောက်လေ့လာသည်။

သံတောင်ကြိုးဝိုင်း အကွက်အမှတ်(၄) သံတောင်-တောင်ငူကားလမ်းမ မိုင်တိုင်အမှတ် ၁၃/၄ အနီး ၂၀၁၆ ခုနှစ် မိုးရာသီတွင်စိုက်ပျိုးထားသည့် အယ်လ်ဘီးဇီးယား သစ်မျိုး စမ်းသပ်စိုက်ခင်းတစ်ဧကကိုလည်းကောင်း၊ သံတောင်ကြိုးဝိုင်း အကွက်အမှတ်(၃) သံတောင်-တောင်ငူကားလမ်းမ မိုင်တိုင်အမှတ်(၁၀/၅)အနီးရှိ ၁၉၆၇ ခုနှစ်တွင် စိုက်ပျိုးတည်ထောင်ထားခဲ့သော စီးပွားရေးပျဉ်းကတိုးစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တောင်ငူ(မြောက်)သစ်ထုတ်ရေးဒေသ၊ သာဂရသစ်ဆိပ်သို့ ရောက်ရှိစစ်ဆေးခဲ့ရာ သစ်ဆိပ်တာဝန်ခံ လက်ထောက်မန်နေဂျာဦးစောသိန်းစိုးက သစ်ဆိပ်အတွင်း သစ်သိုလှောင်ထားရှိမှု၊ သစ်အဝင်/အထွက်စာရင်းများနှင့် မီးဘေးကာကွယ်ရေးဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦးက ပဲခူးရိုးမဒေသ သစ်ထုတ်လုပ်မှုရပ်နားခြင်းနှင့်စပ်လျဉ်း၍ ဌာနပိုင် သစ်ထုတ်ရေးဆင်နှင့်ယာဉ်ယန္တရားများ၊ ဝန်ထမ်းများအား အခြားသစ်ထုတ်ရေးနယ်များသို့ ပြောင်းရွှေ့မည့် အစီအစဉ်ကို ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပဲခူးရိုးမဒေသသည် မြန်မာ့ကျွန်းသစ်များပေါက်ရောက်ရာမူရင်းဒေသတစ်ခုဖြစ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် သစ်အလွန်အကျွံထုတ် လုပ်ခြင်းကြောင့် ယခုအခါ သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပဲခူးရိုးမဒေသ၌ ကျွန်းတောကြီးများ ပြန်လည်ဖြစ်ထွန်းလာသည်အထိ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန်   ဇန်နဝါရီ   ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်မည့် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအကြံပေးကော်မတီဝင် ဦးသော်ကောင်း၊ စာပေဗိမာန် စာတည်းမှူးချုပ် ဦးအောင်သန်း၊ Myanmar Heritage Publications အယ်ဒီတာချုပ် ဦးမြင့်သူ၊ စာပေပညာရှင်ဆရာ ဆရာမကြီးများနှင့် တက်ရောက်လာကြသူများက မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# နောင်လာနောက်သားတွေအတွက် ခေတ်မီပြီး ပြည့်ပြည့်စုံစုံနဲ့ အကျိုးရှိမယ့် စွယ်စုံကျမ်းကြီးဖြစ်ဖို့ ကြိုးစားပါမယ်

**တွေ့ဆုံမေးမြန်း-ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

**မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**

**အဆိုပါမြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ပါသည်။**



ဦးသော်ကောင်း



ဦးသိန်းထွန်း



ဦးအောင်သန်း

**ဦးသော်ကောင်း**
**မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအကြံပေးကော်မတီဝင်**

စွယ်စုံကျမ်းအနှစ်ချုပ်ဆိုတာ ရှိပါတယ်။ ပထမမူလ(၁၅)တွဲကို ထပ်ဖြည့်တာပါ။ အခုတော့ အနှစ်ချုပ်ကတော့ တစ်နှစ်တစ်ကြိမ် နှစ်တိုင်းထွက်နေတာပါ။ အရင်က ထုတ်ထားတဲ့ (၁၅)တွဲကို ပြန်ပြီး ခေတ်မီအောင် အသစ်ပြန်ရိုက်ဖို့ အခုဆွေးနွေးနေတာဖြစ်တယ်။ ထွန်းဖောင်ဒေးရှင်းစာပေအဖွဲ့က ကူညီနိုင်ဖို့ ကမ်းလှမ်းထားတာ ရှိပါတယ်။ စာပေဗိမာန်နဲ့ ထွန်းဖောင်ဒေးရှင်းစာပေအဖွဲ့နဲ့ ညှိနှိုင်းပြီး စွယ်စုံကျမ်း(၁၅)တွဲကို ပြန်ထုတ်မှာပါ။ အများပြည်သူတွေဖတ်ဖို့ ကောင်းတဲ့ စာအုပ်အဟောင်းတွေထဲက အုပ် ၁၀၀ လောက်ကို စာပေဗိမာန်က တာဝန်ယူပြီး ပြန်ထုတ်ပေးဖို့ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုရှိပါတယ်။ စွယ်စုံကျမ်းတွေက အတွဲလိုက် ထုတ်ပေးရတော့ အချိန်က ယူရပါတယ်။ ၁၉၅၄ လောက်က အတွဲ(၁)ထွက်လာတယ်။ ၁၉၇၆-၇၇ နောက်ဆုံးအတွဲ (၁၅)တွဲ ဖြစ်သွားပါတယ်။ (၁၅)တွဲကို ထပ်ဖြည့်တဲ့ တစ်နှစ်တစ်ကြိမ် ထွက်တဲ့ စွယ်စုံအနှစ်ချုပ်ထွက်ပါတယ်။ အဲဒီအနှစ်ချုပ်တွေထဲမှာပါတဲ့အကြောင်း အချက်တွေလည်း စွယ်စုံကျမ်းကြီးထဲမှာ ပြန်ထည့်ရမယ်။ အခုပြန်ထုတ်ရင် (၁၅)တွဲနဲ့ မပြီးတော့ဘူး။ မူလ(၁၅)တွဲကလည်း ထုတ်ပြီးသားလေ၊ အဲဒီထဲမှာပါတဲ့ အကြောင်းအချက်တွေက ပါပြီးသားလေ၊ ခေတ်မီအောင် ပြန်လုပ်ရမယ်။ ဘာသာရပ်အသစ်တွေ ပြန်ရေးရမယ်။ လေး၊ ငါးနှစ်နဲ့ပြီးအောင် ကြိုးစားချင်ပါတယ်။ အားလုံးကလည်း အသက်က ရလာကြပြီလေ၊ ခပ်မြန်မြန်လေး ထုတ်ချင်ပါတယ်။ မူလ(၁၅)တွဲကို ခေတ်မီအောင် လုပ်မယ်၊ ပညာရပ် အသစ်တွေထည့်မယ်။ တစ်နှစ်တစ်နှစ်ကို (၃)(၄)တွဲထွက်လာအောင် ကြိုးစားချင်ပါတယ်။ (၁၅)တွဲအားလုံးပြီးအောင် တော်တော်လေးလုပ်ရတယ်။ အခုတော့ အင်တာနက်ရှိတော့လွယ်တယ်။

အင်တာနက်က အကြောင်းအချက်တွေ ယူပြီးတော့ သုံးရတာပေါ့၊ စွယ်စုံကျမ်းကို တစ်ဦးချင်းဝယ်တာတော့ သိပ်မရှိဘူး၊ စာကြည့်တိုက်တွေအတွက်ကတော့ အဓိကမရှိမဖြစ်ရည်ညွှန်းစာအုပ်ဆိုတော့ မြန်မာပြည်မှာ စာကြည့်တိုက်ကို ခေတ်မီအောင် လုပ်နေတယ်။ ဒါကြောင့် မြန်မာလိုရေးထားတဲ့ စွယ်စုံကျမ်းကတော့ ရှိသင့်တယ်။ ပညာပေးပိုင်းကတော့ သုတပဒေသာအတွက်ရော အင်မတန်အရေးကြီးပါတယ်။ ပညာသင်ကြားရေးမှာလည်း အထောက်အကူဖြစ်တဲ့ ရည်ညွှန်းစာအုပ်လည်း ဖြစ်တယ်။

**ဦးသိန်းထွန်း(ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ)**

ထွန်းဖောင်ဒေးရှင်းအနေနဲ့ မြန်မာစွယ်စုံကျမ်းကို စနစ်တကျနဲ့ ခေတ်မီစွာ ထုတ်ဝေနိုင်ဖို့ ဝိုင်းဝန်းပံ့ပိုးပေးဖို့ အစီအစဉ်ရှိပါတယ်။ ထုတ်လုပ်ရေးကော်မတီနဲ့ အကြံပေးကော်မတီဆိုပြီး ဖွဲ့ထားတယ်။ ကျွန်တော်က ကော်မတီဝင်တစ်ယောက်ဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်းကို လိုအပ်ချက်တွေဖြည့်ဆည်းပြီး နိုင်ငံတကာအဆင့်မီ ဖြစ်အောင် ပြန်လည်ထုတ်ဝေဖို့ စီစဉ်တဲ့အစည်းအဝေးဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်းကြီးက နှစ်ပေါင်းတော်တော်ကြာပြီဖြစ်တဲ့အတွက် ခေတ်မီပြီး ပြည့်ပြည့်စုံစုံနဲ့ထုတ်ဖို့ ကော်မတီတွေဖွဲ့ပြီး ကော်မတီအလိုက် တာဝန်ယူထုတ်ပါမယ်။ နောင်လာနောက်သားတွေအတွက် ခေတ်မီပြီး ပြည့်ပြည့်စုံစုံနဲ့ အကျိုးရှိမယ့် စွယ်စုံကျမ်းကြီးဖြစ်ဖို့ ကြိုးစားပါမယ်။ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ ဗဟုသုတစွယ်စုံနဲ့ ရည်ညွှန်းချက်တွေကို ဒီစွယ်စုံကျမ်းက ရနိုင်တယ်။ ဒီစွယ်စုံကျမ်းတွေက မရှိမဖြစ်လိုအပ်ပါတယ်။ နိုင်ငံတိုင်းမှာလည်း ရှိပါတယ်။ နောင်လာနောက်သားတွေအတွက် တိုင်းပြည်နဲ့ လူမျိုး အကျိုးရှိဖို့အတွက် ဒီကျမ်းက အရေးကြီးပါတယ်။

**ဦးအောင်သန်း**
**(စာပေဗိမာန်စာတည်းမှူးချုပ်)**

ဒီနေ့လုပ်တဲ့အစည်းအဝေးကတော့ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေး ဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်းတွေကို မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကာလ ၁၉၅၄ ခုနှစ်ကနေ ၁၉၇၆ ခုနှစ်အထိ အက္ခရာအလိုက် (၁၅)တွဲ ထုတ်ခဲ့ပါတယ်။ ၁၉၇၆ ခုနှစ် နောက်ပိုင်းမှတော့ မြန်မာ့စွယ်စုံကျမ်းတွေ ထုတ်ဝေမှု မရှိတော့ဘဲ ၁၉၇၈ ခုနှစ် ကနေစပြီး မြန်မာ့စွယ်စုံကျမ်းအနှစ်ချုပ်ဆိုပြီး Year Book ဆိုပြီး တစ်နှစ်တစ်အုပ်နှစ်စဉ်စာပေဗိမာန်က ပြုစုထုတ်ဝေနေပါတယ်။ ၂၀၁၆ ခုနှစ်အတွက် မြန်မာ့စွယ်စုံကျမ်းတချို့လည်း ဆောင်ရွက်နေတာ ရှိပါတယ်။ အခု ဒီနေ့ ပြုလုပ်တဲ့အစည်းအဝေးကတော့ မြန်မာ့စွယ်စုံကျမ်း(၁၅)တွဲကို up to date ဖြစ်အောင် ပြန်လည်ပြင်ဆင်တည်းဖြတ်ပြုစုထုတ်ဝေဖို့အတွက် ညှိနှိုင်းတဲ့ အစည်းအဝေး ဖြစ်ပါတယ်။

စာပေဗိမာန်နဲ့ ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ Myanmar Heritage Publications ကလည်း တတ်နိုင်တဲ့ဘက်က ပူးပေါင်းဆောင်ရွက်မယ့်အပိုင်းတွေ ရှိပါတယ်။ စွယ်စုံကျမ်းတွေက နှစ်ကာလကြာမြင့်ပြီဖြစ်တဲ့အတွက် အချို့အချက်အလက်တွေက လက်ရှိနဲ့ မကိုက်ညီတာတွေ့ရပါတယ်။ ဥပမာ-မြန်မာနိုင်ငံ လူဦးရေသည် အရင်တုန်းက သန်း ၅၀ မရှိခဲ့ဘူး၊ အခုလက်ရှိသန်း ၅၀ ကျော်ခဲ့ပြီး ဒါမျိုးလေးတွေကအစ up to date အချက်အလက်တွေကို ပြုစုပြီး ပြည်သူ့အတွက် ထုတ်ဝေပေးမှာဖြစ်ပါတယ်။ အချို့အချက်အလက်တွေကလည်း ပြောင်းလဲစရာမလိုတဲ့အချက် တွေရှိပါတယ်။ လိုအပ်တဲ့ အပိုင်းတွေကို ပြင်ဆင်ဖြည့်စွက်ပြီး ပြုစုသွားမှာဖြစ်ပါတယ်။

# ပေါင်းတည်မြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်သရုပ်ပြလေ့ကျင့်

**ပေါင်းတည်   ဇန်နဝါရီ   ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၈ ရက် နေ့လယ်ပိုင်းက ပေါင်းတည်မြို့မဈေးကြီးနှင့် ရွှေတည်ဈေးနှစ်ခု၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များဖြင့် ကြိုတင်သရုပ်ပြလေ့ကျင့်မှုများဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့် (မြို့နယ်မီးဘေးအန္တရာယ်ကာကွယ်ရေးဥက္ကဋ္ဌ)၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြို့မိ/မြို့ဖများနှင့် ဈေးကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ကချင်တိုင်းရင်းသားရိုးရာ အတီးအမှုတ် အဆိုပြိုင်ပွဲ ကျင်းပ

**ဗန်းမော်   ဇန်နဝါရီ   ၈**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ကျောင်းထိုင်ကက်သလစ်ဘုန်းတော်ကြီး ဖာသာဂျွန်လထော်ဇော်ရော်ဦးစီးပြီး ကချင်တိုင်းရင်းသားရိုးရာအတီးအမှုတ်အဆိုအကများ တိမ်ကောပပျောက်မသွားစေရန် ရည်ရွယ်၍ ကချင်တိုင်းရင်းသားရိုးရာ အတီးအမှုတ်အဆိုပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက ဘူဒိုဇာ-ပေါက်ကုန်းရပ်ကွက်ရှိ ရိုးရာအိမ်တော်ဝင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ အေပြုနှစ်ခြင်းအသင်းတော်မှ သင်းထောက် ဦးအင်ဘရန်တန်ဂွန်း၊ ရောဘတ်နှစ်ခြင်းအသင်းတော်မှ ဆရာ ဦးဂွန်ထန်ထွဲဝါ၊ ထွယ်ဆန်နှစ်ခြင်းအသင်းတော်မှ ဆရာဦးမရန်ဘရန်အောင်နှင့် မူရင်းနှစ်ခြင်း ဆရာမ ဒေါ်ဆိုင်းဂျာတို့ တက်ရောက်ခဲ့ကြပြီး အဖွင့်ဆုတောင်းခြင်း၊ ကက်သလစ်ဘုန်းတော်ကြီးဖာသာဂျွန်လထော်ဇော်ရော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မြို့နယ်အတွင်းရှိ ကက်သလစ်ဘာသာဝင် ကချင်တိုင်းရင်းသား တိုင်းရင်းသူအဖွဲ့ ၁၁ ဖွဲ့တို့က ရိုးရာတေးသီချင်း အဆိုအကအတီးအမှုတ်များဖြင့် ပြိုင်ပွဲဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား ဥပဒေပြုရေး၊ ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပြောကြားစဉ် (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ကိုယ်စားလှယ်များ အနေဖြင့် မေးမြန်းသည့်မေးခွန်း၊ တင်သွင်းသည့် အဆိုများသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင်ပါရှိသည့် မေးခွန်း၊ အဆိုတို့နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များကို လိုက်နာကြရန်လိုကြောင်း။

ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထု အကျိုးစီးပွားဖြစ်ထွန်းစေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလအခြေအနေနှင့် လိုက်လျော ညီထွေမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်းတို့ ပြုလုပ်ရန်လိုကြောင်း၊ ထို့အပြင် ပြည်သူများ လေးစားလိုက်နာနိုင်သည့် ဥပဒေဖြစ်ရန်လည်း အထူးလိုအပ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံ တည်ဆောက်မည်ဆိုပါက သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန်ယုံကြည်မှုရှိခြင်းများဖြင့် တိုင်းပြည်နှင့်ပြည်သူလူထုအတွက် အနာဂတ်မျိုးဆက်များအတွက် အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ ပြယုဂ်သည် လွှတ်တော်များဖြစ်သည့်အတွက် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာလည်ပတ်နိုင်ရန် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များက အစဉ်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရာတွင် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရှိရန် ကိုယ်စားလှယ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Check and Balance ပြုလုပ်သည့်နေရာ၌ ကန့်သတ်ချက်ဘောင်များကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဖြစ်ရအောင် အထူးသတိပြုရန်လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးသမားများဖြစ်ပြီး ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူ မဖြစ်ရန် အထူးသတိပြုစေလိုကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်အောင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြပြီး လွှတ်တော်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

အမျိုးသားတစ်ဝက်မာရသွန် (၂၁ ကီလိုမီတာ) ပြိုင်ပွဲတွင် ကင်ညာနိုင်ငံသားနှစ်ဦးက ပထမနှင့်ဒုတိယဆု ဆွတ်ခူးပြီး အီတလီနိုင်ငံသားက တတိယဆုဆွတ်ခူးသည်။ အမျိုးသမီးတစ်ဝက်မာရသွန်တွင် မြန်မာနိုင်ငံသူ နွယ်စိုးက ကင်ညာနိုင်ငံသူ Wabera နောက်မှ တစ်မိနစ်တည်း နောက်ကျပန်းဝင်ခဲ့သဖြင့် ဒုတိယဆုနှင့်သာ ကျေနပ်ခဲ့ရသည်။ အင်္ဂလန်သူ Price က ကပ်၍ ပန်းဝင်ခဲ့သဖြင့် တတိယဆုရခဲ့သည်။ (၂၁ကီလိုမီတာ)ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး နှစ်မျိုးစလုံးအတွက် ပထမ အမေရိကန်ဒေါ်လာ ၁၆၀၀၊ ဒုတိယ ၉၀၀ နှင့် တတိယ ၅၀၀ သတ်မှတ်ထားသည်။

အမျိုးသားစိန်ခေါ်မာရသွန် (၁၀ ကီလိုမီတာ)ပြိုင်ပွဲတွင် ကင်ညာမှ Enok Kigen က အနိုင်ရဗိုလ်စွဲခဲ့သော်လည်း အမျိုးသမီးပြိုင်ပွဲတွင်မူ မြန်မာနိုင်ငံမှ သီတာဦးက အနိုင်ရဗိုလ်စွဲပြီး ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၈၀၀ ဆွတ်ခူးသွားခဲ့သည်။

ယခုနှစ် ရိုးမရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲတွင် မာရသွန်အပြေးသမားပေါင်း ၈၀၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၇၄၇၅ ဦးမှာ ပြည်တွင်းအပြေးသမားများဖြစ်ပြီး ၅၂၅ ဦးမှာ နိုင်ငံတကာမှဖြစ်ကြောင်း၊ ယခုနှစ်တွင် ယမန်နှစ်ကထက် အပြေးသမားပေါင်း ၂၀၀၀ ကျော် ပိုမိုလာခဲ့ကြောင်း၊ နိုင်ငံတကာအပြေးသမားများတွင် ကင်ညာ၊ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ UK၊ ပြင်သစ်တို့အပါအဝင် နိုင်ငံစုစုပေါင်း ၂၀ခန့်မှ အပြေးသမားများ ပါဝင်ခဲ့ကြောင်း သိရသည်။

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြပွဲပြိုင်ပွဲများကျင်းပ

**လောက်ကိုင် ဇန်နဝါရီ ၈**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၌ ဇန်နဝါရီ ၄ ရက်က (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် (Museum) ကိုးကန့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြတိုက်ငယ်ပြပွဲ၊ စာအုပ်ပြပွဲနှင့် မိဘမဲ့ဂေဟာမှကလေးငယ်များကို ဖိတ်ခေါ်၍ ပန်းချီရေးဆွဲပြိုင်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ရုံးအတွင်းရေး မှူးနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများတက်ရောက်ကာ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ ပန်းချီရေးဆွဲနေသောကလေးငယ်များအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးဝေဆန်းက ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကလေးငယ် ၂၀ အား ဆုချီးမြှင့်ပေးအပ်သည်။ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်တို့က ကြည့်ရှုအားပေးကာ ကိုးကန့်ရိုးရာယဉ်ကျေးမှုအမျိုးသားပြတိုက်ငယ်တွင် တိုင်းရင်းဝတ်စုံနှင့် စာအုပ်စာပေများ ထားရှိရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြကြောင်း သိရသည်။

**မဇေ**

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇန်နဝါရီ ၆ ရက် နေ့လယ်ပိုင်းက ခန္တီး-ဆင်သေ-လဟယ်လမ်း မိုင်တိုင် (၀/၀မှ ၅၄/၀ အထိ) စုစုပေါင်းအရှည် ၅၄ မိုင်ကို ကွန်ကရစ်လမ်း ၁ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း ၃၂ မိုင် ၆ ဖာလုံ၊ ကျောက်လမ်း ၁၁ မိုင် ၅ ဖာလုံ၊ အမာခံလမ်း ၇ မိုင် ၆ ဖာလုံ ဆောင်ရွက်ထားရှိမှုနှင့် အဆိုပါလမ်းပေါ်ရှိ ကျောက်စီမြေကာနံရံ၊ ရေမြောင်းများ၊ တံတားကြီး၊ တံတားငယ်များနှင့် Box Culvert များ တည်ဆောက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက လဟယ်မြို့ စာရာမေရိရိပ်သာ ဧည့်ခန်းမဆောင်၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးကေဆိုင်းနှင့်ဦးစီးရုံးအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားဆိုင်ရာကိစ္စရပ်များ ငါးနှစ်တာကာလအတွင်း နာဂဒေသဖွံ့ဖြိုးရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် ခန္တီး-ဆင်သေ-လဟယ်လမ်း၊ လဟယ်-ဒုံဟီး-နန်းယွန်းလမ်းနှင့် ထမံသီ-လေရှီးလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဆိုလာမီးအိမ်နှင့် အမှတ်တရလက်ဆောင်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌထံသို့ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လဟယ်-ဒုံဟီး-နန်းယွန်းလမ်း အခြေအနေကို မော်တော်ယာဉ်များဖြင့် သွားရောက် စစ်ဆေးသည်။ လဟယ်မြို့ရှိ ဗဟိုသာသနာပြုဌာန ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းမှ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ခန္တီး-ဆင်သေ-လဟယ်လမ်းအခြေအနေကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး အရှည်ပေ ၁၂၀ ဟွေထိုက်တံတား ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ အရှည်ပေ ၇၀ ဇရစ်ချောင်းတံတား ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄/၀) အမြင့်ပေ ၄၉၉၇ ပေရှိ တိန်ညိုတောင်သို့ရောက်ရှိပြီး အတက်အဆင်း မတ်စောက်သောနေရာ၌ လမ်းချဲ့ရန်နှင့် ကွန်ကရစ်လမ်းခင်းပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် အဆိုပါလမ်းပေါ်ရှိ နန့်စလိန်ကြိုးတံတား ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၁၄/၃) နှင့် (၁၄/၄) ကြား ဘေလီတံတားကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများက တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြံ့ခိုင်မှုအပိုင်း အမြဲမပြတ်စစ်ဆေးပေးရန် မှာကြားသည်။ ယင်းနောက် ချင်းတွင်းမြစ်ကူးတံတား(ခန္တီး) တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ချင်းတွင်းမြစ်ကူးတံတား (ခန္တီး) သည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ်၌တည်ရှိပြီး စုစုပေါင်း တံတားအရှည် ၈၀၉ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက်လျှင် တစ်မီတာစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၉၅ ဒသမ ၆ မီတာ၊ အမြင့် ၁၀ မီတာရှိကာ တံတားအမျိုးအစားမှာ အပေါ်ထည်ပင်မတံတားသံမဏိသံပေါင်၊ အောက်ထည် သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားပြီး ခွင့်ပြုအလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

ချင်းတွင်းမြစ်ကူးတံတား (ခန္တီး) တည်ဆောက်ပြီးစီးပါက ခန္တီးမြို့မှ လဟယ်မြို့အထိ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်လာကာ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးတို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ဆင်ခြေထောက်ရောဂါကင်းဝေးရေး ဆေးတိုက်ကျွေးခြင်းလုပ်ငန်း အသိပေးဆွေးနွေး

**မုံရွာ ဇန်နဝါရီ ၈**

၂၀၁၇ခုနှစ် "ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး လူအားလုံး ဆေးတိုက်ကျွေးခြင်းလုပ်ငန်း အသိပေးဆွေးနွေးခြင်း" အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆင်ခြေထောက်ရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်မှုများ၊ ဖြစ်ပွားမှုများနှင့် ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံး ဆေးတိုက်ကျွေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ အသိပေးဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ၁၉ မြို့နယ်မှ လူဦးရေ ၃၂၈၄၃၈၀ ဦးအား ပြည်သူ့ကျန်းမာရေးဦးစီးဌာန လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုပူးပေါင်း၍ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ကျွန်တော်နဲ့ ဖေဖေ



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

တစ်နေ့က မင်းရဲကျော်စွာလမ်းမှာရှိတဲ့ မြန်မာနိုင်ငံစက်မှုလက်မှုနဲ့ ကုန်သည်ကြီးများအသင်းချုပ်ခန်းမမှာ ဟောပြောဖို့ ဒေါက်တာ ထက်စံလင်းနှင့်အတူသွားခဲ့တယ်။ လမ်းတစ်ဝက်မှာ ကျွန်တော့်ရဲ့ညီဝမ်းကွဲဒေါက်တာပြည်ညွန့်ဆီက ဖုန်းဝင်လာတယ်။ " ဦးလေးဖေသက် အကြောင်း ဂျာနယ်ထဲမှာ ဖတ်လိုက်ရတယ်။ ဒီအကြောင်းကို ကျွန်တော်တစ်ခါမှ မကြားဖူးဘူး။ အစ်ကိုသိသလား"ဆိုပြီး မေးခွန်းထုတ်ခဲ့တယ်။ ဦးလေးဖေသက်က သူ့ရဲ့ဦးလေး၊ ကျွန်တော့်ရဲ့ဖေဖေဖြစ်တယ်။ကျွန်တော်က ချက်ချင်းပဲ ဒေါက်တာထက်စံလင်းကို ဂျာနယ်ကို ရှာခိုင်းလိုက်တယ်။ ဂျာနယ်က တစ်ပတ်ကျော်က ဂျာနယ်မို့ ရမှ ရပ့်မလားလို့ စိတ်ပူမိတယ်။

### ဖော်ပြထား

ဟောပြောပွဲပြီးတာနဲ့ သူကကျွန်တော့်လက်ထဲကို ဂျာနယ်ပေးခဲ့တယ်။ ဂျာနယ်က သူရိယနေဝန်း။ ဆောင်းပါးက အောင်ဆန်း၏စတုတ္ထမြန်မာနိုင်ငံတော်(၈)။ ဆောင်းပါးရှင်က မိုးဟိန်းဖြစ်ပြီး နေ့စွဲက ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့။ ဆောင်းပါး အရှည်ကြီးမှာ စာတစ်ပုဒ်က အောက်ပါအတိုင်း ဖော်ပြထား တယ်။" တိုက်ကြီးအနီးသို့ ရောက်နေသော ထားဝယ်ဗိုလ် ဖေသက်တပ်စုက အုပ်စုကွဲလာသော ဂေါ်ရခါးတပ်သား ၁၀ ယောက်ကို ဖမ်းမိသဖြင့် လိမ္မော်ခြံရှိ ဗိုလ်ချုပ်အောင်ဆန်းထံ သတင်းပို့သည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းကို ခြေတံရှည်အိမ်တစ်အိမ်၏ အောက်ထပ်၌ တွေ့သည်။ ဗိုလ်ဖေသက် ရောက်သွားချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းရှေ့ရှိ စားပွဲပေါ်၌ အငွေ့တထောင်းထောင်းထနေသည့် နွားနို့တစ်ခွက်ကို သောက်ချင်စဖွယ် တွေ့ရသည်။

ဗိုလ်ဖေသက် သတင်းပို့ပြီးသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်ဖေသက်ကို သူ့ရှေ့ရှိ နို့ခွက်ကိုယူသောက်ခိုင်းသည်။ ဗိုလ်ဖေသက်က မသောက်ရဲသဖြင့် မသောက်ဘဲနေသောအခါ ဗိုလ်ချုပ်အောင်ဆန်းက... " ငါအမိန့်ပေးတယ်,မင်းသောက်ရမယ်" ဟု အမိန့်ပေးသောကြောင့် သောက်ခဲ့ရသည်။

### အမြဲပြောလေ့ရှိ

ဗိုလ်ဖေသက်ဟာ- ကျွန်တော့်ရဲ့ဖေဖေ။ ဒီအကြောင်း သူ မကြာခဏ ပြောပြခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ အဖေ့ရဲ့ဟီးရိုး။ အခုလို အသိအမှတ်ပြုခြင်း ခံခဲ့ရတာကို သူကျေနပ်ခဲ့တယ်။

အမှန်တော့ ကျွန်တော့်ဖေဖေဟာ စစ်သားစစ်စစ်။ ဆယ်တန်းအောင်ပြီး ထားဝယ်မှာ အလုပ်လုပ်ရင်း ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ၁၉၄၁ ခုနှစ်မှာဝင်ခဲ့တယ်။ ပညာတတ်လူငယ်တစ်ဦးဖြစ်တာမို့ ဗိုလ်အဆင့်နဲ့ဝင်ခဲ့တယ်။ ၁၉၄၂ ခုနှစ်မှာ ဗိုလ်ကြီးရာထူး ရခဲ့တယ်။ ဒီတုန်းက တပ်ရင်း (၃) တပ်မှူးက ဗိုလ်မှူးဇေယျ။ ကျန်တဲ့ဗိုလ်ကြီးတွေ အားလုံးက ရဲဘော်သုံးကျိပ်ဝင်တွေ။ ဖေဖေတစ်ယောက်တည်း ရဲဘော်သုံးကျိပ်ဝင် မဟုတ်ပေမယ့် ဗိုလ်ကြီးဖြစ်ခဲ့တယ်။ သူနဲ့အတူ ထားဝယ်က ဝင်လာသူက တစ်ချိန်မှာ ဝန်ကြီးချုပ်ဖြစ်လာသူ ဗိုလ်မှူးချုပ်စိန်ဝင်း။ ဒီတုန်းက သူက ဒုဗိုလ်အဆင့်။ တော်လှန်ရေးကောင်စီဝင်တစ်ဦးဖြစ်တဲ့ ဗိုလ်မှူးကြီး အောင်ကြည်ဟာလည်း ဒုဗိုလ်အဆင့်။ လွတ်လပ် ရေးရပြီး ဖေဖေက ရန်ကုန်မြို့စစ်ရုံးမှာ စစ်ရာထူးခန့်တာဝန်ကို ဗိုလ်မှူးအဆင့်နဲ့ တာဝန်ယူခဲ့ပြန်တယ်။ ၁၉၅၀-၅၁ မှာ မြန်မာ့တပ်မတော်မှာ ခြေလျင်တပ်ရင်း အသစ်(၃) ရင်းကို ဖွဲ့စည်းခဲ့တာ။ ခြေလျင်တပ်ရင်း (၆)၊ (၇)၊ (၈)၊ ဖေဖေက ခြေလျင်တပ်ရင်း(၆)ရဲ့တပ်ရင်းမှူးတာဝန်ကို ဒုတိယဗိုလ်မှူးကြီးအဆင့်နဲ့တာဝန်ယူခဲ့တယ်။တပ်ရင်း(၆)ကဟသာတမြို့မှာ။ နောက်ပိုင်း ရှမ်းပြည်နယ် ကွတ်ခိုင်မြို့မှာ ကယားတပ်ရင်း(၁) တပ်ရင်းမှူးတာဝန်ယူခဲ့ပြန်တယ်။ ကွတ်ခိုင်မှာတာဝန်ယူပြီး ဖေဖေ မိတ္ထီလာမှာဖွင့်ပြီးနောက် ချောက်မြို့ကို ပြောင်းရွှေ့သွားတဲ့ ခြေလျင်တပ်ရင်း(၁၀)ကို ဦးစီးခဲ့ပြန်တယ်။ တပ်ရင်းမှူးအနေနဲ့ ခြေလျင်တပ်ရင်း (၂)ရင်းကို အသစ်ဖွဲ့စည်းပေးနိုင်ခဲ့တယ်။

### အခက်အခဲတွေ

၁၉၅၃ လောက်မှာ မြန်မာ့တပ်မတော်ဟာ ခြေလျင်တပ်ရင်း (၃)ရင်းကို ပေါင်းပြီး ဖွဲ့စည်းထားတဲ့ တပ်မဟာတွေကို စတင်ဖွဲ့စည်းခဲ့တယ်။ ဖေဖေဟာခြေလျင် တပ်ရင်း(၃)ရင်းရဲ့ တပ်ရင်းမှူး အတွေ့အကြုံရှိတာမို့ နောင်ဖွဲ့စည်းမယ့် တပ်မဟာကို ဦးစီးတဲ့တပ်မင်းဖြစ်ဖို့ အလားအလာ ကောင်းတယ်။ဒါပေမယ့် တပ်မင်းရာထူးမပေးဘဲ ချွေးသိပ်တဲ့ အနေနဲ့ ထိုင်းနိုင်ငံ မြန်မာသံရုံးမှာ ကြည်း၊ ရေ၊ လေစစ်သံမှူး အဖြစ် တာဝန်ပေးခြင်းခံခဲ့ရတယ်။ ထိုင်းနိုင်ငံ အပြင် အင်ဒိုနီးရှားအတွက်လည်း တာဝန်ကျခဲ့တယ်။ ဖေဖေ့ကို အခုလို တပ်မင်းမပေးခဲ့တာ အမှန်တော့ ခိုင်လုံတဲ့ အကြောင်းအရာရှိတယ်။ ဒါကတော့ သူ့ရဲ့အစ်ကိုကြောင့်ဖြစ်တယ်။ အစ်ကိုလုပ်သူက ဗကပဥက္ကဋ္ဌ သခင်ဗသိန်းတင်(ဒီတုန်းက တရုတ်နိုင်ငံမှာ အဝေးရောက် ဒုတိယဥက္ကဋ္ဌ တာဝန်ယူထားသူ)နဲ့ အမျိုးတော်စပ်တာကြောင့် တပ်ထဲမှာ ရာထူးမရခဲ့သလို အရပ်ဘက်ပြောင်းပြန်တော့ ညွှန်ကြားရေးမှူးချုပ် တာဝန်ပေးဖို့ကိုယ်ရေးရာဇဝင်တင်တဲ့အခါ မိသားစုစာရင်းဝင်ထဲမှာ သခင်ဗသိန်းတင် ပါဝင်နေတော့ အခက်အခဲတွေ့ရပြန်ရော။

> **ဖေဖေနဲ့ သူ့ရဲ့မောင်နှမတွေအကြောင်း အခုလို ဖော်ပြတာ ကိုယ်ရေးကိုယ်တာကိစ္စကို တင်ပြချင်လို့မဟုတ်ဘဲ နိုင်ငံရေးရင့်ကျက်မှု မရှိတာကို တင်ပြချင်လို့ဖြစ်တယ်။**
>
> **လူတစ်ယောက်ရဲ့ အရည်အချင်းကို သတ်မှတ်တဲ့နေရာမှာ သူ့ရဲ့ကိုယ်ပိုင်အရည်အချင်းကိုသာ ဆန်းစစ်သင့်တယ်။**

ဖေဖေ့မှာ သားချင်း (၁၂) ယောက်ရှိတယ်။ အကြီးဆုံးအစ်ကိုဖြစ်သူက စောစောဆုံးခဲ့တယ်။ သားချင်းထဲမှာ ဒေါက်တာပြည်ညွန့်ရဲ့ အမေဒေါ်မေကြွယ်က အကြီးဆုံး နေရာကိုယူတဲ့ (၁၂) ယောက်အနက် ကြီးကြီးနဲ့ အဒေါ်တို့ နှစ်ယောက်က မိန်းကလေးတွေ။ ကျန်တဲ့ (၁၀) ယောက်က ယောကျ်ားတွေ ဖြစ်ကြတယ်။ ဖေဖေက နံပါတ်(၅)။ သူ့အထက်က သခင်ဗသိန်းတင်၊ သခင်ဗသိန်းတင်အထက်က ဦးကြည်စိန်၊ သူကစီးပွားရေးလုပ်တယ်။ တက္ကသိုလ် တင်းနစ် လက်ရွေးစင်။ တစ်ချိန်က လန်ဒန်မြို့မှာ စီးပွားရေးရုံးရဲ့ ပထမဆုံးတာဝန်ခံ။ ဖေဖေ့အောက်ကညီက ထားဝယ်မှာပဲ စီးပွားရေးလုပ်တယ်။ ဦးလေးရဲ့အောက်က အဒေါ်ဒေါ်သန်းစု။ သူက အစိုးရဝန်ထမ်း ကုန်သွယ်ရေးဝန်ကြီးဌာနမှာ။ သူ့အောက်က တလောကဆုံးသွားတဲ့ ပါမောက္ခ ဒေါက်တာ ဦးစိုးမြင့်၊ အိုဂျီဦးစိုးမြင့်ဆိုပြီး ဆေးလောကမှာ နာမည်ကြီးတဲ့ ခွဲစိတ်ဆရာဝန်ကြီး။ သူ့အောက်ကညီက ဗိုလ်မှူးကြီး မျိုးအောင် အရှေ့တောင်တိုင်းမှာ တိုင်းမှူးဖြစ်ခဲ့တယ်။

### အမြန်ပယ်ချခံရ

နောက်ဆုံး နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ရဲ့ ပထမဦးဆုံး ကျောင်းအုပ် ဦးလေးက ရန်ကုန်မြို့ တော်ဝန်ဖြစ်ခဲ့သလို တပ်မ(၈၈)ရဲ့ တပ်မမှူးအနေနဲ့လည်း တာဝန်ထမ်းခဲ့တယ်။ တပ်မမှူးဘဝနဲ့ ရှမ်းပြည်နယ်မှာ သူ့ရဲ့အစ်ကိုကြီး သခင်ဗသိန်းတင်နဲ့ စစ်ပွဲတွေခင်းခဲ့ရတယ်။ ဦးလေးဟာ ဖေဖေ့လိုပဲ အစ်ကို့ကြောင့် ဒုက္ခရောက်ခဲ့တယ်။ အမျိုးသား ဒီမိုကရေစီ နာယကကြီး သူရဦးတင်ဦးနဲ့ တွေ့တိုင်း ကိုမျိုးအောင်ကို ဗိုလ်မှူးချုပ်ရာထူးအတွက် အထက်ကို တင်တယ်။ ဒါပေမယ့် အစ်ကို့ကြောင့် အမြန်ပယ်ချခံခဲ့ရတယ်လို့အမြဲ ပြောလေ့ရှိတယ်။ ဦးလေးဟာ အပြစ်လုံးဝမရှိဘဲ ဗိုလ်ကြီးအနန်းကျော်မြင့်အမှုနဲ့ တပ်ထဲကထွက်ပြီးထောင်ကျခဲ့ရတယ်။ ဦးဝင်းထိန်နဲ့အတူတူ ၁၉၉၀ ပြည့်နှစ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက အမတ်အဖြစ် ထားဝယ်မှာ အရွေးခံရတယ်။ သူနဲ့အတူ သူငယ်ချင်းဖြစ်သူ အညာသား ဗိုလ်မှူးကြီးလှဖေက ထားဝယ်ခရိုင် လောင်းလုံးမြို့မှာအရွေးခံခဲ့တာ။

ဦးလေးနဲ့အတူ မဲဆွယ်ခဲ့တဲ့အတွေ့အကြုံတွေကို ဒေါက်တာတင်မျိုးဝင်းက အမြဲပြောပြတယ်။ ဗိုလ်မှူးကြီးလှဖေက ဖေဖေရဲ့အချစ်ဆုံး ရဲဘော်။ ခလရ(၆)ထဲက ဒုဗိုလ်အနေနဲ့တာဝန်ယူပြီးဖေဖေသွားရာခေါ်ခဲ့တာ။ ဦးလေးမျိုးအောင် ယခုလို မတရားလုပ်ခံရတာကိုဖေဖေသိရင် စိတ်ကောင်းမှာ မဟုတ်ဘူး။ သူကညီတော်မောင်ကို တပ်ထဲမဝင်စေချင်ဘူး။ ပင်ပန်းမှာစိုးလို့။ ဂျပန်ခေတ်မှာ ၁၆ နှစ်အရွယ် တပ်ထဲဝင်ဖို့ ဖေဖေရှိရာကို သူလိုက်လာခဲ့တာ။ သူနဲ့အတူနောင် အားကစားဦးစီးဌာနရဲ့ညွှန်ချုပ်ဗိုလ်မှူးကြီး ဂွမ်ရှိန်လည်းပါတယ်။ ဖေဖေက တပ်ထဲမဝင်ရဘူးဆိုတော့ သူကတခြားတပ်ကို ပြောင်းပြီး ဝင်ခဲ့တယ်။ လွတ်လပ်ရေးရပြီး တက္ကသိုလ်ကို ခေတ္တတက်ပြီး နောင်တော့ တပ်ထဲအပြီးအပိုင်ဝင်ခဲ့တာ။ နောက်တစ်ဦးက သစ်လုပ်ငန်းရဲ့အထွေထွေမန်နေဂျာ တာဝန်ယူပြီး အနားယူခဲ့တဲ့ဦးမြင့်အောင်။ သူ့အောက်ကဦးလေး ဦးမြင့်မောင်ကတော့ အစ်ကိုအကြီးဖြစ်သူ ဦးကြည်စိန်နဲ့စီးပွားရေးအတူလုပ်တယ်။ ဖေဖေရဲ့ညီအငယ်ဆုံးက မြို့နယ်ဆရာဝန်ကြီးဦးမျိုးမြင့်။

ဖေဖေက အသက်ငယ်ငယ်နဲ့ဆုံးခဲ့တယ်။ ကျွန်တော် အင်္ဂလန်က ပါရဂူဘွဲ့ရပြီး သုံးလလောက်မှာ ဆုံးခဲ့တယ်။ အသက်က ၆၀ မပြည့်သေးဘူး။ စက်မှုဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူး တာဝန်ယူဆဲမှာ ကင်ဆာရောဂါနဲ့ဆုံးခဲ့တာ။ ဖေဖေတို့ မောင်နှမတွေအများကြီးရှိပြီး တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ် သိပ်သံယောဇဉ်ကြီးတယ်။ ဖေဖေတို့အမျိုးကို ကျီးကန်းအမျိုးလို့ သတ်မှတ်ကြတယ်။ တစ်ယောက်ကို ထိရင် ကျန်တဲ့သူတွေက ဝိုင်းတွယ်တယ်လို့ ကြားဖူးတယ်။ ၁၉၆၃ ငြိမ်းချမ်းရေး ဆွေးနွေးပွဲလုပ်တဲ့အချိန် ဘဘကြီး သခင်ဗသိန်းတင် ရန်ကုန်လာပြီး ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ တွေ့တယ်။ တွေ့တဲ့အချိန် သူ့ရဲ့မောင်နှမတွေနဲ့ တွေ့ခွင့်တောင်းတာမို့ ဖေဖေတို့အားလုံး သွားခဲ့တယ်။ ဘွားဘွားလည်း ပါတယ်။ ဘဘရဲ့ဇနီးကတောထဲမှာ ဆုံးသွားပြီး သမီးသုံးယောက်ကို ထားဝယ်ကို ပြန်ပို့လိုက်တယ်။ ကြီးကြီးရဲ့ ညီမတွေက စောင့်ရှောက်ထားတာ သူတို့သုံးယောက် ကိုလည်း ဖခင်နဲ့တွေ့ဖို့ ခေါ်ပေးတယ်။ အားလုံးသိကြတဲ့အတိုင်း ဆွေးနွေးပွဲ မအောင်မြင်ခဲ့ဘူး။ သခင်ဗသိန်းတင်က မပြန်ခင် ဗိုလ်ချုပ်ကြီးနေဝင်းကို မှာခဲ့တယ်တဲ့ "ဗိုလ်နေဝင်း ကျွန်တော့် မောင်နှမတွေဟာ နိုင်ငံရေး မလုပ်ကြဘူး။ ကျွန်တော် လုပ်နေတာလည်း သူတို့နဲ့ မပတ်သက်ဘူး။" အခုလို မှာခဲ့ပေမယ့် လက်တွေ့မှာတော့ ကြုံပြင်ခုတ်၊ ကြုံငုတ်ပါမကျန် လမ်းစဉ် ရွေးခဲ့တယ်။

### နိုင်ငံရေးရင့်ကျက်မှုမရှိ

ဖေဖေတို့မောင်နှမတွေ အခုလိုအခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရသလို ကျွန်တော့်အလှည့်ကျတော့လည်း ခံရပြန်ရော၊ နိုင်ငံခြား ပညာတော်သင်လျှောက်ပြီး ရေးဖြေစာမေးပွဲမှာ အောင်မြင်ခဲ့ပေမယ့် နှုတ်ဖြေစာမေးပွဲ ဝင်တဲ့အခါ "ခင်ဗျားဘကြီးဘယ်မှာ ရှိသလဲ" ဆိုတဲ့မေးခွန်းတစ်ခုနဲ့ ကျန်ခဲ့တယ်။ နောက်တစ်နှစ်ကျမှ လူကြီးတွေကို ဖေဖေပြောတော့ ကျွန်တော့်ကို လွှတ်လိုက်တယ်။ ၁၉၈၃ ခုနှစ်လောက်မှာ ကုလသမဂ္ဂအဖွဲ့အစည်းက အလုပ်တာဝန်ပေးဖို့ကမ်းလှမ်းခဲ့တယ်။ ဒါပေမယ့် ကိုယ်ရေးရာဇဝင်ဖြည့်ပြီး ဝန်ကြီးများအဖွဲ့ဝင်တဲ့အခါ အပယ်ခံရပြန်တယ်။ ၁၉၈၆ ခုနှစ်မှာ ဘွဲ့လွန်ပါရဂူဆုရပြန်တော့ အခုလိုပဲ အပိတ်ခံရပြန်တယ်။ ဒီအချိန်မှာ ဖေဖေကမရှိတော့ဘူး။ နောက်ဆုံးကြံရာမရတာနဲ့ လူကြီးတွေဆီ ၁၅ ပြား တံဆိပ် ခေါင်းကပ်ပြီး အသနားခံစာရေးတယ်။ တစ်လတစ်ကြိမ် သုံးလလောက်ရေးပြီး ဆက်မရေးတော့နဲ့ သွားချင်သွားဆိုပြီး ခွင့်ပြုခဲ့တာမို့ ကျွန်တော်အနောက်ဂျာမနီနိုင်ငံမှာသုံးနှစ်ကြာခဲ့တယ်။ ၁၉၈၉ ခုနှစ်မှာ ကျွန်တော့်ကို ညွှန်ကြားရေးမှူးချုပ် တာဝန်ပေးမယ်ဆိုတော့ ကျွန်တော့်ရဲ့ နောက်ခံသမိုင်းသိရဲ့လားလို့ ကျွန်တော်မေးခဲ့တယ်။ ထည့်မစဉ်းစားလို့ထင်ပါရဲ့ ကျွန်တော်ညွှန်ချုပ် ဖြစ်ခဲ့တယ်။ ဖေဖေနဲ့သူ့ရဲ့မောင်နှမတွေအကြောင်း အခုလို ဖော်ပြတာ ကိုယ်ရေးကိုယ်တာကိစ္စကိုတင် ပြချင်လို့မဟုတ်ဘဲ နိုင်ငံရေးရင့်ကျက်မှု မရှိတာကို တင်ပြချင်လို့ဖြစ်တယ်။

လူတစ်ယောက်ရဲ့အရည်အချင်းကို သတ်မှတ်တဲ့နေရာမှာ သူ့ရဲ့ကိုယ်ပိုင်အရည်အချင်းကိုသာ ဆန်းစစ်သင့်တယ်။ သခင်ဗသိန်းတင်ဟာ သူ့ရဲ့အစ်ကိုဖြစ်တာကို ဖေဖေက ဘာမှတတ်နိုင်တာမဟုတ်ဘူး။ ဒီလိုပဲ သူဟာကျွန်တော့်ရဲ့ဦးလေးဖြစ်နေတာ ကျွန်တော်လည်း ဘာမှမတတ်နိုင်ပါဘူး။ ဦးလေးတော်တာကို ကျွန်တော်မငြင်းဘူး။ သူကသူ ကိုယ်ကကိုယ်ပဲ။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာ ပဒေသရာဇ်စနစ် အတွေးအခေါ်တွေ ရှိနေခဲ့တယ်။ယုံကြည်မှုကင်းခဲ့တယ်။ လူတစ်ဦးတစ်ယောက်ကို ဝါးလုံးရှည်နဲ့ယမ်းတဲ့အဖြစ်မျိုးဟာ မရှိသင့်တော့ပါဘူး။ ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံရေးအရပြောင်းလဲလာချိန်မှာ အခုလို အာဃာတတရားတွေ ကင်းဝေးနိုင်ပါစေလို့ ဆုတောင်းမိပါတယ်။

# ရော်ဘာအစေးခြစ်ခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းသင်တန်းဖွင့်

**ဖာပွန် ဇန်နဝါရီ ၈**

စိုက်ပျိုးရေးဦးစီးဌာန ကရင်ပြည်နယ် ဦးစီးမှူးရုံးမှကြီးမှူး၍ ရော်ဘာအစေးခြစ်ခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းသင်တန်းကို ဒီဇင်ဘာလနောက်ဆုံးပတ်က ဖာပွန်မြို့နယ် ကမာမောင်းမြို့ ဝါကော်ကျေးကျေးရွာအုပ်စု ကျွန်းတောရွာ ဦးစောမျိုးချစ်၏ ရော်ဘာခြံတွင် ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ခြံရှင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင်ရော်ဘာ အစေးခြစ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အဆင့်မြင့်ရော်ဘာပြား ပြုပြင်ထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကိုလည်းကောင်း၊ စာတွေ့လက်တွေ့ သင်ခန်းစာများကို မြန်မာ၊ ကရင် နှစ်ဘာသာဖြင့် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ကမမောင်းဒေသရှိပုဂ္ဂလိကခြံရှင်များနှင့်ဒေသအတွင်း အခြေချနေထိုင်သည့်လုပ်သားများ၊ ရော်ဘာစိုက်ခင်းများတွင် နည်းစနစ်မှန်ကန်စွာ အစေးခြစ်တတ်မြောက်ပြီး ဈေးကောင်းရရှိမည့် အဆင့်မြင့်ရော်ဘာပြားများ ထုတ်လုပ်သည့် နည်းစနစ်များကို သိရှိနားလည်ပြီး တစ်နိုင်တစ်ပိုင်ပုဂ္ဂလိကခြံရှင်ငယ်များအတွက် အလုပ်သမားငှားစရာမလိုဘဲ မိမိတို့မိသားစုဖြင့် အစေးခြစ်နိုင်ခြင်းကြောင့် ဝင်ငွေပိုမိုရရှိကာ လုပ်သားရှားပါးသည့်အခက်အခဲ ဖြေရှင်းနိုင်ခြင်း၊ ဒေသတွင်း အလုပ်လက်မဲ့ပြဿနာများကို ဖြေရှင်းနိုင်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှစ်ရှည်သီးနှံ ဌာနခွဲမှ သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**



# သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်ပွား လှည့်လည်ကိန်းဝပ်အပူဇော်ခံ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၈**

သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ ဗုဒ္ဓစွယ်တော်တိုက်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ပူဇော်ရန် ပင့်ဆောင်လာခဲ့သည့် ဗုဒ္ဓမြတ်စွယ်တော်ပွားကို မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှပင့်ဆောင်လာရာ ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကျောက်ပန်းတောင်းမြို့သို့ ရောက်ရှိခဲ့ပြီး မြို့တွင်းသို့ လှည့်လည်အပူဇော်ခံ၍ မဟာစေတီကြီးဘုရားဝင်းရှိ အောင်ဓမ္မာရုံတော်ကြီး၌ တစ်ညတာကိန်းဝပ်စံပယ်မည် ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓမြတ်စွယ်တော်ပွားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ လည်ပေါ်သာသနာ့ဗိမာန်တော်ကြီး၌ ထားရှိပူဇော်ရန်အတွက် သီရိလင်္ကာနိုင်ငံမှ ဆရာတော်ဘန္ဒန္တ ပညာသီရိ၏ စီစဉ်ပေးမှုဖြင့် ပင့်ဆောင်ပူဇော်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး စွယ်တော်ပွားကို (၂၂-၁၂-၂၀၁၆)ရက်မှ (၂၈-၁၂-၂၀၁၆) ရက်အထိ သီရိလင်္ကာနိုင်ငံ ဗုဒ္ဓစွယ်တော်တိုက်တွင်အပူဇော်ခံပြီး (၂၉-၁၂-၂၀၁၆) ရက်နေ့တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ (International meditation centre)အင်တာနေရှင်နယ် မက်ဒီတေးရှင်းစင်တာကျောင်း၌ (၂၉-၁၂-၂၀၁၆)ရက်မှ (၄-၁-၂၀၁၇) ရက်အထိ ကိန်းဝပ်အပူဇော်ခံခဲ့ကြောင်း သိရသည်။

ယင်းနောက် ဇန်နဝါရီ ၅ ရက် ည ၁၀ နာရီတွင် ယင်းကျောင်းတိုက်တော်မှ ကိုလံဘိုလေဆိပ်သို့ ပင့်ဆောင်ပူဇော်ပြီး TG Thailand airway ဖြင့် ပင့်ဆောင်လာရာ ဇန်နဝါရီ ၆ ရက် နံနက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ ထို့နောက် နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ KBZ airway လေယာဉ်ဖြင့် ညောင်ဦးလေဆိပ်သို့ ပင့်ဆောင်လာရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့ပြီး ညောင်ဦးလေဆိပ်မှ ချောက်မြို့သို့ ပင့်ဆောင်၍ တစ်ညတာကိန်းဝပ် အပူဇော်ခံခဲ့ကြောင်း သိရသည်။

ယင်းနောက် ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီတွင် ချောက်မြို့မှ ကျောက်ပန်းတောင်းမြို့သို့ ပင့်ဆောင်ခဲ့ပြီး ကျောက်ပန်းတောင်းမြို့၌ တစ်ညတာကိန်းဝပ်အပူဇော်ခံ၍ ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့သို့ ဆက်လက်ပင့်ဆောင်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်ပွားမြို့တွင်းသို့ လှည့်လည်ပင့်ဆောင်အပူဇော်ခံရာသို့ ကျောက်ပန်းတောင်းမြို့မှ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့များနှင့် ဝတ်အသင်းများက လိုက်ပါပူဇော်ခဲ့ကြပြီး ညပိုင်းတွင် မြို့မရပ်ကွက်ရှိ မဟာစေတီကြီးဘုရား အောင်ဓမ္မာရုံကြီး၌ ကိန်းဝပ်အပူဇော်ခံထားရှိရာ မြို့ပေါ်ရပ်ကွက်များမှ ဘုရားဖူးပြည်သူများအပြင် ကျေးရွာများမှ ဘုရားဖူးပြည်သူများပါ လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။ **နေအောင်(မြန်/ဆက်)**



# မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီလီမိတက်မှတာဝန်ရှိသူများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဆွေးနွေး






**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်သည် ဇန်နဝါရီ ၆ ရက် ညနေပိုင်းက အမရပူရမြို့နယ်ရှိ မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီလီမိတက် (South-East Asia Pipeline Co.,Ltd) သို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လျှပ်စစ်စွမ်းအင်ဖြည့်ဆည်းနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးဝန်ကြီးများနှင့် အဖွဲ့အစည်းဝင်များ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်တို့လည်း ပါဝင်ခဲ့ပြီး South-East Asia Crude Oil Pipeline Co., Ltd. (SEAOP) and South-East Asia Gas Pipeline Co., Ltd. (SEAGP) တို့မှ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပညာရှင်များက မိမိတို့ဆောင်ရွက်လျက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပို့လွှတ်မှုဆိုင်ရာများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ဘဏ္ဍာရေးဆိုင်ရာများ၊ မန္တလေးမြို့ရှိ ဗဟိုထိန်းချုပ်ရေးစခန်းမှ ပိုက်လိုင်းတစ်လျှောက် ကွန်ရက်စနစ်ဖြင့် စီမံဆောင်ရွက်ခြင်းကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ကြရာ ဝန်ကြီးချုပ်က သိလိုသည်များကို မေးမြန်းခဲ့ကာ မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားထုတ်လွှတ်မှုအတွက် အကူအညီပေးရေး၊ ဓာတ်ငွေ့သုံးယာဉ်များ Gas လိုအပ်လျှင် ဖြည့်ဆည်းနိုင်ရေး၊ ဓာတ်အားလိုင်းများ ပြုပြင်နိုင်ရေးနှင့် ရေနံနှင့် ဓာတုလုပ်ငန်းများ ဖွံ့ဖြိုးစေရန် ကူညီပေးရေးဆိုင်ရာကိစ္စရပ်များ ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့အပြင် ဝန်ကြီးချုပ်က “နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည့် စီမံကိန်းများ၊ ပြည်သူအချင်းချင်း ချစ်ခင်ညီညွတ်စေသော ဆက်ဆံရေးများကို မျှော်လင့်လျက် နှစ်နိုင်ငံပြည်သူလူထု၏ အကျိုးစီးပွားများကို ဆောင်ရွက်နိုင်ပါစေကြောင်း” စသည်ဖြင့်လည်း ဧည့်မှတ်တမ်းတွင် ရေးထိုးခဲ့သည်။

မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ၂၀၁၃ ခုနှစ် ဇူလိုင်လက စတင်လည်ပတ်၍ ၂၀၁၄ ခုနှစ် ဧပြီမှ စတင်ကာ ကျောက်ဖြူ၊ ရေနံချောင်း၊ တောင်သာနှင့် မန္တလေးစသည့် မြို့လေးမြို့၌ သဘာဝဓာတ်ငွေ့ကို အောင်မြင်စွာ ခွဲတမ်းထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသည် နိုင်ငံလေးနိုင်ငံမှ ကုမ္ပဏီခြောက်ခုက အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်က အစုရှယ်ယာရှင် ခြောက်ခုဖြစ်သော CNPC- SEAP (တရုတ်)၊ MOGE (မြန်မာ)၊ DAEWOO International (ကိုရီးယား)၊ KOGAS, ONGC Caspian E& P B.V, GAIL စသည့် ကုမ္ပဏီများပူးပေါင်း၍ ဟောင်ကောင်အခြေစိုက် ဖက်စပ်ကုမ္ပဏီ (SEAGP အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီ)ကို တည်ထောင်ကာ မြန်မာ- တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ဆောင်ရွက်နေခြင်းဖြစ်သည်။

ယင်းစီမံကိန်းသည် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကြောင်း တစ်ခုနှင့် ရေနံပိုက်လိုင်းတစ်ခုဖြင့် ပိုက်လိုင်း နှစ်ခုသွယ်တန်းထားပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရမ်းဗြဲကျွန်းမှ စတင်၍လည်းကောင်း၊ ရေနံစိမ်းပိုက်လိုင်းသည် မဒေးကျွန်းမှ စတင်၍ လည်းကောင်း အပြိုင်သွယ်တန်းထားခြင်းဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ လည်ပတ်နေသော ဓာတ်ငွေ့များသည် “ရွှေ” သဘာဝဓာတ်ငွေ့လုပ်ကွက်မှဖြစ်ပြီး ရေနံပိုက်လိုင်းမှ ပို့လွှတ်သော ရေနံများသည် အရှေ့အလယ်ပိုင်းနှင့် အခြားဒေသမှ ပို့လွှတ်သော ရေနံများဖြစ်ကာ သဘောတူစာချုပ်ပါ လုပ်ငန်းလည်ပတ်ကာလမှာ နှစ် ၃၀ ဖြစ်ကြောင်း၊ ယင်းပိုက်လိုင်းများသည် မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး ရှမ်းပြည်နယ်များကို ဖြတ်သန်းပြီး တရုတ်နိုင်ငံရွှေလီမြို့မှတစ်ဆင့် တရုတ်နိုင်ငံအတွင်း ပို့လွှတ်သွယ်တန်းထားခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကျောဖုံးပါ မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Political Dialogue အစီအစဉ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(နန္ဒာဝင်း၊ ဝင်းဝင်းမော်)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။

၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။

၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။

၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။

၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# ရွှေဗဟိုဈေးကွက်ကြီး ထူထောင်ရေး ကြိုးပမ်းနေပြီ

**ရန်ကုန် ဇန်နဝါရီ ၈**

ရွှေဗဟိုဈေးကွက်ကြီး ထူထောင်သွားနိုင်ရန် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းက အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အမြန်ဆုံးအကောင်အထည် ပေါ်ပေါက်လာရေး လိုအပ်သည်များ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။

“မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းအနေနဲ့ ရွှေဗဟိုဈေးကွက်ကြီး ပေါ်ပေါက်လာရေး အကောင်အထည်ဖော် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဒီအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း လိုအပ်သည်များ ပံ့ပိုးကူညီသွားဖို့ အသင့်ရှိနေပါတယ်”ဟု တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ယနေ့ မွန်းလွဲပိုင်းတွင် ပန်ဒါဟိုတယ်၌ ကျင်းပသော (၁၄) ကြိမ်မြောက် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ နှစ်ပတ်လည်အခမ်းအနားတွင် ပြောသည်။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် ရွှေဗဟိုဈေးကွက်ကြီး ပေါ်ပေါက်လာရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ ဘယ်လိုမူဝါဒ၊ ဘယ်လိုစည်းမျဉ်းစည်းကမ်းတွေနဲ့ ဖော်ဆောင်မလဲဆိုတာ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ ရွှေဗဟိုဈေးကွက်ကြီး ပေါ်ပေါက်လာဖို့ ပထမမူကြမ်းနဲ့ ဒုတိယမူကြမ်းကို ရေးဆွဲပြီးသွားပြီဖြစ်ပါတယ်။ မကြာမီမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ဆွေးနွေးဖို့လည်း ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကရော မြို့တော်ဝန်ကပါ ဒီရွှေဗဟို ဈေးကွက်ကြီးပေါ်ပေါက်လာရေးကူညီပေးမယ်လို့သိရပါတယ်” ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်ဝင်းက အဆိုပါအခမ်းအနားတွင် သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားသည်။




မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် ရွှေဗဟိုဈေးကွက်ကြီးကို ၂၀၁၇ ခုနှစ်အတွင်း ပေါ်ပေါက်လာရန် မျှော်လင့်ထားကြောင်း၊ သို့သော်လည်း အစိုးရ၏ ပံ့ပိုးကူညီမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှုသည် အဓိကအရေးကြီးကြောင်း၊ ရွှေဗဟိုဈေးကွက်ကြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့် ရွှေတင်သွင်းမှု၊ ဖြန့်ဖြူးရောင်းချမှုတို့သည် လျင်မြန်သွက်လက်လာမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းတွင် ရွှေထုတ်လုပ်ခြင်း၊ ရွှေသန့်စင်ခြင်း၊ ရွှေအတုံးလိုက်ရောင်းချခြင်း၊ ရွှေပန်းထိမ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ ရောင်းချခြင်းဟူ၍ လုပ်ငန်းအမျိုးအစားငါးမျိုးဖြင့် ပါဝင်လျက်ရှိကြောင်း၊ ရွှေဗဟိုဈေးကွက်ကြီး ပေါ်ပေါက်လာပါက ရွှေဈေးတည်ငြိမ်ရေးနှင့် ရွှေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

◆ *ကျောဘုံးမှ*

တိုက်ခိုက်ခံရတဲ့ဖြစ်စဉ်က ဇန်နဝါရီ ၅ ရက် ညပိုင်းမှာ ဖြစ်တာပါ။ သူတို့လုပ်တဲ့ အလုပ်ရုံနဲ့ နေတဲ့အဆောင်က လမ်းလျှောက်ရင် ၁၀ မိနစ်ပဲ ကြာတယ်တဲ့။ ပြန်လာတဲ့အခါမှာ ဖြတ်လမ်းကနေ ပြန်လာတယ်လို့ ပြောပါတယ်။ အဲ့ဒီအချိန်မှာ ရုတ်တရက် ကားနှစ်စီး၊ ဆိုင်ကယ်တွေနဲ့ လူတွေရောက်လာတယ်၊ ဆိုင်ကယ်စီးဦးထုပ်တွေဆောင်းထားပြီးမှ ဝင်ပြီးတိုက်ခိုက်တယ်၊ ဓားတွေနဲ့ ခုတ်တယ်လို့ သိရပါတယ်။

"ဖြစ်ဖြစ်ချင်းမှာပဲ မလေးရှားမှာရှိတဲ့ အလုပ်သမားသံအရာရှိတွေ စက်ရုံကို လိုက်သွားပါတယ်။ သံရုံးက ပထမအတွင်းဝန်ရယ်၊ စစ်သံရုံးက တစ်ဦးပါပါတယ်။ စက်ရုံကို အခြေအနေသွားမေးပြီး ဒီကိစ္စကို ဘယ်လိုလုပ်ပေးမလဲဆိုတာကို ဆွေးနွေးကြတယ်။ ဒဏ်ရာရသူတွေကို ဆေးကုသနိုင်ရေး ဆွေးနွေးတယ်။ ရဲစခန်းနဲ့ ဆေးရုံကိုလည်းသွားပြီးတော့ဆောင်ရွက်ပေးစရာရှိတာတွေကို လုပ်ဆောင်ပေးတယ်။ နောက်ထပ်ကျန်တဲ့ ခုနစ်ယောက်အုပ်စုကို ဒီကနေ့ ရဲစခန်းမှာ ဖြစ်စဉ်နဲ့ ပတ်သက်လို့ မေးဖို့ခေါ်ထားတယ်လို့ သိရပါတယ်။ မနေ့က အထိတော့ ရဲတွေက စုံစမ်းနေတာတွေ ရှိပါတယ်။

"ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး မြန်မာအလုပ်သမား ခုနစ်ဦးကို ဖမ်းဆီးထားတာ မဟုတ်ပါဘူး။ ဖြစ်စဉ်နဲ့ ပတ်သက်လို့ မေးမြန်းဖို့ ခေါ်ထားတာပါ။ ဒီဖြစ်စဉ်ဟာ ရခိုင်ပြည်နယ်ဖြစ်စဉ်နဲ့ ပတ်သက်မှု ရှိ၊ မရှိ ဆိုတာကိုတော့ စုံစမ်းဖော်ထုတ် နေဆဲဖြစ်လို့ အတိအကျပြောလို့ မရသေးပါဘူး"ဟု ပြောသည်။

အဆိုပါစက်ရုံ၌ အလုပ်လုပ်နေသည့် မြန်မာအလုပ်သမား ၃၀ အနက် ၁၅ ဦးမှာ တရားဝင် အလုပ်လုပ်ကိုင်နေခြင်းဖြစ်ပြီး ကျန် ၁၅ ဦးမှာ တရားမဝင် အလုပ်လုပ်ကိုင်နေသူများဖြစ်သည်ဟု ဆိုသည်။ ယခုသေဆုံး၊ ဒဏ်ရာရနှင့် စစ်ဆေးခံနေရသူ ၁၅ ဦးတွင် တရားဝင်နှင့် တရားမဝင် အလုပ်လုပ်ကိုင်နေသူများ ရောပါနေကြောင်း သိရသည်။


ဦးဇော်ဌေး


ဦးမျိုးအောင်


ဦးစိန်ဦး

တရားဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများအတွက် မြန်မာနိုင်ငံမှ သက်ဆိုင်ရာကုမ္ပဏီများကို သွားရောက်ကူညီရန် ဆောင်ရွက်ခိုင်းထားပြီး ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံရှိ အလုပ်ရှင်အေဂျင်စီအသင်းချုပ်သို့လည်း ဆက်သွယ်၍ ကူညီဆောင်ရွက်ပေးရန် ညှိနှိုင်းထားပြီး ဖြစ်ကြောင်း သိရသည်။ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသူများအတွက်လည်း သံရုံးမှ တာဝန်ရှိသူများနှင့် အလုပ်သမားသံအရာရှိများက တန်းတူအခွင့်အရေးရအောင် လိုက်လံဆောင်ရွက်နေသည်ဟု အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်ထံမှ သိရှိရသည်။

နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "မလေးရှားနိုင်ငံမှာ မြန်မာအလုပ်သမားတွေ တိုက်ခိုက်ခံရတဲ့ ဖြစ်စဉ်နဲ့ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ မြန်မာသံရုံးက တာဝန်ရှိသူတွေနဲ့ မလေးရှားက တာဝန်ရှိသူတွေ ပူးပေါင်းပြီးတော့ ဒီဖြစ်စဉ်နဲ့ ပတ်သက်လို့ အသေးစိတ်သိရအောင်၊ ဒီဖြစ်စဉ် ဘာကြောင့်ဖြစ်ရတာလဲ၊ ဘယ်သူတွေ လုပ်တာလဲ၊ ဘယ်လိုအကြောင်းအရင်း နောက်ခံတွေရှိသလဲ၊ ဘယ်လိုအကြောင်းတွေ ဆက်စပ်နေသလဲ၊ ကျန်တဲ့ဆက်စပ်မှုတွေ ဘာတွေရှိသလဲ။ ဒါတွေသိရှိရအောင် မလေးရှားရဲတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။

"ဘာကြောင့်ဖြစ်ရတယ်ဆိုတာသိမှ ဘာဆက်လုပ်ရမယ်ဆိုတာသိပြီး လုပ်လို့ရမှာပါ။ မလေးရှားမှာရှိတဲ့ မြန်မာအလုပ်သမားတွေ၊ မြန်မာနိုင်ငံသားတွေအနေနဲ့ ဒီဘက်မှာ တစ်ခုခုဖြစ်တိုင်း အဲဒီဘက်မှာ တစ်ခုခုဖြစ်တယ်ဆိုတဲ့ ယူဆချက်တွေ ရှိပါတယ်။ မြန်မာနိုင်ငံပြည်တွင်းရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုနဲ့ မလေးရှားရောက် မြန်မာနိုင်ငံသားတွေရဲ့အခြေအနေတိုးတက်မှုတွေ ဆက်စပ်မှုရှိနေတယ်ပေါ့။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနဆိုရင် မလေးရှားကို အလုပ်သမားတွေ စေလွှတ်ဖို့ ရပ်ဆိုင်းထားတဲ့အထိ ဖြစ်ခဲ့ပါတယ်။

"ဖြစ်တော့ မလေးရှားရောက် မြန်မာနိုင်ငံသားတွေအနေနဲ့ သွားရောက်လုပ်ကိုင်တဲ့အခါမှာ ဘယ်နေရာတွေက အန္တရာယ်များတယ်၊ ဒါဆိုမသွားနဲ့။ မဖြစ်မနေသွားရမယ်ဆိုရင်လည်း အနည်းစုနဲ့မသွားဘဲနဲ့ အများစုနဲ့သွား၊ မတတ်သာလို့ အများစုနဲ့ သွားမယ်ဆိုရင်လည်း ဘယ်သူက ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာကို ကိုယ့်ကွန်ရက်နဲ့ကိုယ် အဆက်မပြတ်စေဖို့ လိုပါတယ်။ အလုပ်သမားတွေအနေနဲ့ အလုပ်သမားအဖွဲ့အစည်းတွေ၊ နာရေးကူညီမှုအသင်းလိုဟာမျိုးတွေနဲ့ စုစည်းပြီးတော့ သံရုံးတွေနဲ့ အဆက်မပြတ် ဆောင်ရွက်ဖို့လိုပါတယ်"ဟု ဦးဇော်ဌေးက ပြောကြားသည်။

ရေရှည်အနေဖြင့် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံ အစိုးရချင်း ဆွေးနွေးညှိနှိုင်းနေကြောင်း၊ တရားဝင်လမ်းကြောင်းမှ တရားဝင်အလုပ်သမားများ စေလွှတ်ရေး၊ အလုပ်သမားများအတွက် ရသင့်ရထိုက်သည့် တရားဝင်အခွင့်အရေးများ ရရှိရေး၊ အကာအကွယ်လုံခြုံမှုရရှိရေးတို့ကို မလေးရှားနိုင်ငံနှင့် ညှိနှိုင်းပြီး ဆောင်ရွက်နေကြောင်း၊ ထိုင်းနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေသည့်ပုံစံမျိုး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ပါက ဥပဒေကြောင်းအရ ထိုက်တန်သည့် အခွင့်အရေးရရှိမည် မဟုတ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် သံရုံးနှင့် ဆက်သွယ်စေလိုကြောင်း၊ သံရုံးတွင် တွဲဖက်ထားသည့် အလုပ်သမားသံအရာရှိများနှင့် ဆက်သွယ်စေလိုကြောင်း၊ အဓိကမှာ မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ၏ အကျိုးစီးပွားဖော်ဆောင်နိုင်ရန်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ညှိနှိုင်းပြီးဆောင်ရွက်သွားလျှင် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများ၏ အနေအထား ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း ဦးဇော်ဌေးက ဖြည့်စွက်ပြောကြားသည်။


ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ Yangon Books Street စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းတွင် စာအုပ်အရောင်းဆိုင်များ၌ ဇန်နဝါရီ ၈ ရက်က နိုင်ငံခြားသားများ ကြည့်ရှုလေ့လာကြစဉ် (ဓာတ်ပုံ- ဇော်မင်းလတ်)

# သီပေါ ဘော်ကြိုဘုရားကြီးပွဲတော် ကျင်းပမည်

**သီပေါ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် ဇန်နဝါရီ ၇ ရက်က စည်းဝေးခဲ့ကြသည်။

ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ ပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ ခြောက်ရက်တိုင်တိုင် ရှမ်းကဇာတ်၊ မြန်မာအငြိမ့်များနှင့် ရိုးရာယဉ်ကျေးမှု အကအလှများ၊ စင်တင်တေးဂီတများအပြင် အခြားပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် ဆုံးဖြတ်ကြသည်။

ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ ပွဲတော်သို့ လာရောက်ဖူးမြော်ကြမည့် တောင်ပေါ်နေဒေသခံသွေးချင်းများ သွားလာမှု လွယ်ကူအဆင်ပြေရေးအတွက် မြန်မာ့မီးရထားဌာနက ပွဲတော်ရက်များအတွင်း တစ်ရက်လျှင် အသွားအပြန် သုံးခေါက်နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ပြေးဆွဲပေးမည်ဖြစ်ကြောင်း မီးရထားရုံပိုင်ထံမှ သိရသည်။

**စိုင်း(သီပေါ)**

# မြောက်ဦးမြို့ မဂ်လမာရ်အောင် ချောင်းကူးသံကူကွန်ကရစ်တံတား ပြီးစီးတော့မည်

**မြောက်ဦး ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့အတွင်းရှိ တန်ခိုးကြီး အထင်ကရဘုရားတစ်ဆူဖြစ်သော ရှေးဟောင်းသမိုင်းဝင် မင်္ဂလမာရ်အောင်ဘုရားသို့ သွားရောက်ဖူးမြော်ရာတွင် အဓိကကျသော မင်္ဂလမာရ်အောင်တံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်တည်ဆောက်လျက်ရှိရာ မကြာမီတည်ဆောက်မှု ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းသမိုင်းဝင်တံတားမှာ ၂၀၁၆ ခုနှစ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တံတားကိုယ်ထည်မှာ ပြိုကျပျက်စီးခဲ့ရာ ရခိုင်ပြည်နယ် အစိုးရက ခွင့်ပြုငွေကျပ် ၁၂၈ သန်းဖြင့် ပြန်လည်ဆောက်လုပ်ခြင်းဖြစ်သည်။ ယခုအသစ်ဆောက်လုပ်သော မင်္ဂလမာရ်အောင်ဘုရားသွားလမ်း ချောင်းကူးတံတားမှာ အရှည် ပေ ၈၀ ၊ အနံ ၁၄ ပေ၊ ရေကင်းလွတ်ရေယာ အမြင့် ၂၅ ပေရှိသော (RC) သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။

အဆိုပါတံတားမှာ မြောက်ဦးဒေသရှိ ရှေးဟောင်းသမိုင်းဝင် မင်္ဂလမာရ်အောင်ဘုရား၊ ဗားမဲ့/ဗားဂရားဂူနှင့် အခြားသမိုင်းဝင်ဘုရားစေတီပုထိုးများသို့ ပေါင်းကူးဆက်သွယ်ပေးသော တံတားလည်းဖြစ်သည်။ တံတားတည်ဆောက်မှုပြီးစီးပါက ဒေသခံ မြို့သူ မြို့သားများနှင့် ပြည်တွင်း/ ပြည်ပ ဘုရားဖူးဧည့်သည်များ သွားလာရေး အဆင်ပြေ လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**



# အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ နေပြည်တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

# ကူညီထောက်ပံ့ရေး အစီအစဉ်ကနေ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီးသွားနေ

**တွေ့ဆုံမေးမြန်း - ဇင်ဦး (မြန်မာ့အလင်း)၊ ဓာတ်ပုံ-သီဟစည်သူ**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး

**မောင်တော ဇန်နဝါရီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် မောင်တောဒေသ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများနှင့်ပတ်သက်၍ UN၊ INGOs ကူညီကယ်ဆယ်ရေး အဖွဲ့များနှင့် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၇ ရက် ညပိုင်းက တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၊ နယ်စည်းမထား ဆရာဝန်များအဖွဲ့ (MSF)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အာရှဂျပန်ပေါင်းကူးရေး အဖွဲ့ (BAJ)၊ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးအဖွဲ့(ACF)၊ နေရာတိုင်းမှ အထောက်အပံ့ပေးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအဖွဲ့(Care)၊ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)၊ အပြည်ပြည်ဆိုင်ရာ လူမှုအဖွဲ့အစည်း (Malteser)နှင့် နိုင်ငံတကာ လူထုမိသားစု အကျိုးပြုလုပ်ငန်း (CFSI) အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကိုဖော်ပြလိုက်ပါသည်။

**မေး ။ ။ ဒီနေ့ UN၊ INGOs တွေနဲ့ ဘယ်လို အကြောင်းအရာမျိုးတွေ ဆွေးနွေးဖြစ်ခဲ့ပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ မောင်တောကို ရောက်လာတာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ ဆောင်ရွက်ဖို့ပါ။ ဒီမှာနှစ်ရက်နေပြီး မောင်တောမြောက်ပိုင်းဒေသမှာရှိတဲ့ ရွာပေါင်း ၂၅ ရွာကို ကူညီထောက်ပံ့ရေးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ သူတို့ရဲ့ လက်ရှိတွေ့ကြုံရတဲ့ အခက်အခဲတွေ၊ နောက်ပြီးတော့ အာဟာရချို့တဲ့မှုရှိမရှိ အခြေအနေတွေကို သိရှိခဲ့ရပါတယ်။

ဒီနေ့ UN၊ INGOs တွေနဲ့ လုပ်တဲ့ အစည်းအဝေးမှာတော့ ရခိုင်ဒေသနဲ့ ပတ်သက်ပြီးတော့ ပြည်နယ်မှာ Coordination Committee ဆိုတာ ရှိပါတယ်။ UN၊ INGOs တွေနဲ့ အစိုးရအဖွဲ့နဲ့ ဒီဒေသကပြည်သူတွေကို ကူညီထောက်ပံ့ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ဖို့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့ တွေ့ဆုံတာဖြစ်ပါတယ်။

ဆွေးနွေးတဲ့ အချက်တွေကတော့ အစိုးရဘက်ကနှစ်ရက်တာ အတွေ့အကြုံတွေ ပြောပြတယ်။ အဲဒီမှာလည်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ ဆွေးနွေးဖြစ်ပါတယ်။ သူတို့ဘက်ကလည်း ဒီဒေသမှာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လို ကူညီထောက်ပံ့လို့ရမလဲဆိုတာတွေ ဆွေးနွေးပါတယ်။ ကျွန်တော်တို့ အဖွဲ့မှာ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးပါတယ်။ သူကလည်း လုံခြုံရေးနဲ့ဆိုင်တဲ့ ကိစ္စရပ်တွေကို ရှင်းပြခဲ့ပါတယ်။

**မေး ။ ။ နယ်မြေရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေဆဲကာလမှာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့တွေကို သွားလာဖို့အတွက် ဘယ်လိုပုံစံ ခွင့်ပြုထားပါသလဲ။ ကောလာဟလသတင်းတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေ ရှိပါသလား။**

ဖြေ ။ ။ အခု နယ်မြေရှင်းလင်းရေးနဲ့ လုံခြုံရေးနဲ့ပတ်သက်လို့ လိုအပ်ချက်တွေ ရှိနေသေးတယ်။ သူတို့ အကူအညီပေးရေး အဖွဲ့တွေအနေနဲ့လည်း ဒီနေရာတွေကို သွားဖို့လာဖို့အတွက် ခွင့်ပြုထားတယ်။ အဲဒီလို သွားတဲ့လာတဲ့ အခါမှာ ဒေသခံဝန်ထမ်းတွေ၊ အဖွဲ့အစည်းတွေကို ခွင့်ပြုထားတဲ့အတွက် ကူညီနိုင်တယ်၊ ထောက်ပံ့နိုင်တယ်။ ပြည်ထောင်စုအစိုးရရော၊ ပြည်နယ်အစိုးရကရော လူသားချင်းစာနာထောက်ထားမှု အကူအညီတွေကို ဆက်လက်ဆောင်ရွက်နေပါတယ်လို့ ဆွေးနွေးခဲ့ပါတယ်။

တချို့လုပ်ငန်းတွေမှာ နိုင်ငံတကာကနေ အထင်မှား အမြင်မှားဖြစ်စေတဲ့ သတင်း၊ မဟုတ်တဲ့သတင်းတွေ ပျံ့နေတာတွေ ရှိနေတဲ့အတွက် ဒီနယ်မြေမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ UN၊ INGOs အဖွဲ့အစည်းတွေအနေနဲ့ ပကတိအခြေအနေအမှန်အတိုင်း တွေ့တဲ့မြင်တဲ့အတိုင်း ဖော်ပြခြင်းအားဖြင့် တကယ့်အမှန်တရားဖြစ်ပေါ်ပြီး လုပ်ငန်းဆောင်ရွက်မှုတွေ အောင်မြင်မယ်၊ အဟန့်အတားမဖြစ်တော့ဘူးပေါ့။ ဒီလိုမဟုတ်ရင် မတရားစွပ်စွဲ ခံရတာတွေ၊ မဟုတ်တာ ကိုဟုတ်တာလုပ်ပြီးတော့ သတင်းထုတ်ပြန်တာတွေနဲ့ ပတ်သက်ပြီး UN၊ INGOs အဖွဲ့အစည်းတွေက ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ပကတိအမှန်အတိုင်းတင်ပြရင်၊ အားလုံးပူးပေါင်းဆောင်ရွက်ကြရင် ပြဿနာတွေ ပိုမိုကြီးထွားမလာတော့ဘဲနဲ့ ပိုမိုရှင်းလင်းလွယ်ကူပြီးတော့ ပြည်သူတွေအတွက် အကျိုးရှိမယ်။ ကူညီထောက်ပံ့ရေး အစီအစဉ်ကနေ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး သွားနေတာဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေဟာ ကိုယ့်ကိုယ်ကိုယ် ရပ်တည်နိုင်ပြီးတော့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်နိုင်မှ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်လာမှာ ဖြစ်ပါတယ်။

အဲလိုမဟုတ်ဘဲ ကူညီထောက်ပံ့မှုတွေပဲ လုပ်နေရမယ်ဆိုရင် ဘယ်တော့မှ တိုးတက်လာမှာ မဟုတ်ဘူးဆိုတာ UN၊ INGOs တွေကလည်း နားလည်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ဖို့အတွက် ဘယ်လို ပူးပေါင်းဆောင်ရွက်ရမလဲဆိုတာတွေကို ဆွေးနွေးခဲ့ပါတယ်။

# တပ်မတော်စစ်ကြောင်းနှင့် TNLA လက်နက်ကိုင်အဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွား ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၈**



ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းသည် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ယနေ့နံနက် ၈ နာရီ ၂၅ မိနစ်ခန့်က ဟိုနောင်ကျေးရွာ၏အရှေ့ဘက် ၁ မိုင်ခန့်အကွာသို့ အရောက်၌ TNLA လက်နက်ကိုင်အဖွဲ့ အင်အား ၃၀ ခန့်က လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်အဖွဲ့များသည် နံနက် ၈ နာရီ မိနစ် ၄၀ ခန့်တွင် တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

ဆုတ်ခွာရာနောက်သို့ တပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းခဲ့ရာ နံနက် ၉ နာရီခန့်တွင် ဟိုနောင်ကျေးရွာ၏ အရှေ့ဘက် ၁ မိုင်ခွဲခန့်အကွာသို့ အရောက်၌ လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်အဖွဲ့များသည် တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်များအတွင်း လက်နက်ကိုင်အဖွဲ့များထံမှ အေကေ ၄၇ ကျည်အိမ်တစ်ခုနှင့် ယင်းကျည်အတောင့် ၃၀၊ ဗုံးသီးခြောက်လုံး၊ ကျောပိုးအိတ် လေးလုံး၊ ပြောက်ကျားယူနီဖောင်း နှစ်ထည်၊ TNLA လည်စည်းတစ်ခု၊ ဆန်စလွယ်နှစ်ခု၊ စောင်ထူသုံးထည်၊ အရပ်ဝတ် နှစ်စုံ၊ ဘက်ထရီအိုးနှစ်လုံး၊ ဒီတိုနေတာ တစ်ခုနှင့် ရေပုံး နှစ်ပုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကွတ်ခိုင်မြို့ ရပ်ကွက်(၅)ရှိ နေအိမ်မှ ဒေသန္တရလုပ် အဝေးထိန်းမိုင်းတစ်လုံး တွေ့ရှိရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၈**

ကွတ်ခိုင်မြို့ ရပ်ကွက်(၅)ရှိ နေအိမ်တစ်လုံးမှ ဒေသန္တရလုပ် အဝေးထိန်းမိုင်းတစ်လုံးအား ယမန်နေ့က တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့များက ရှင်းလင်းခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့ ရပ်ကွက်(၅)ရှိ ဒေါ်မာမွန်း၏ နေအိမ်၌ ဇန်နဝါရီ ၇ ရက် ည ၇ နာရီခွဲခန့်တွင် မိုင်းတစ်လုံးတွေ့ရှိကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ရှင်းလင်းရာ ဘောစေ့ ၄၀၀၀ ပါဝင်သည့် စက္ကူဖာ တစ်ခု၊ အဝေးထိန်း ဆားကစ်အုံ တစ်ခု၊ လျှပ်စစ်စနက်တံနှစ်ချောင်း၊ ဝိုင်ယာကြိုး တစ်ချောင်းနှင့် ပင်တိုပလပ်ယမ်းပြင်း အမှုန့်တို့ဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလုပ် အဝေးထိန်းမိုင်းတစ်လုံးဖြစ်ကြောင်း တွေ့ရှိရပြီး အဆိုပါမိုင်းအား သက်မဲ့ပြုလုပ်ရှင်းလင်းခဲ့ကြောင်း၊ အဆိုပါ မိုင်းကို ဒေါ်မာမွန်း၏နေအိမ်၌ အိမ်ငှားနေထိုင်သူတစ်ဦးက ယင်းနေ့ညပိုင်းတွင် ကွတ်ခိုင်မြို့ အမှတ်(၅)ရပ်ကွက်၊ ကွတ်ခိုင်-သိန္နီ ကားလမ်းဘေးအမှိုက်ပုံးအတွင်းမှ တွေ့ရှိ၍ ဘက်ထရီဟုယူဆသဖြင့် ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ထိန်းချုပ်နယ်မြေအတွင်းမရှိသည့် စစ်ဘေးရှောင်များအား နေရပ်သို့ပြန်လည်နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးမည်

**မြစ်ကြီးနား ဇန်နဝါရီ ၈**

အထက်ဌာန ညွှန်ကြားချက်အရ အစိုးရထိန်းချုပ်နယ်မြေအတွင်းမရှိသော စစ်ဘေးရှောင်စခန်းနေပြည်သူများအား မိမိတို့နေရပ်သို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အကူအညီတောင်းခံလာမည်ဆိုပါက နယ်ပယ်အသီးသီးမှ သယ်ယူပို့ဆောင်ရေးနှင့် လိုအပ်သော အကူအညီများကို လူမှုရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်က ပြောကြားသည်။

မြစ်ကြီးနားမြို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသော ကချင်ပြည်နယ် စစ်ဘေးရှောင်တိုင်းရင်းသား မိသားစုများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လူသားချင်းစာနာထောက်ထားမှု အကူအညီရိက္ခာများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားတွင် အထက်ပါအတိုင်း ပြောကြားသည်။

"ဒေသအတွင်း နိုင်ငံအတွင်းမတည်ငြိမ်မှုရှိနေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ ပြည်ထောင်စုအစိုးရအနေနဲ့ နယ်မြေတည်ငြိမ်အေးချမ်းဖို့အတွက် ဆောင်ရွက်နေပါတယ်။ လတ်တလော မတည်ငြိမ်မှုကြောင့် နေရပ်စွန့်ခွာလာသူတွေကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ အစိုးရအဖွဲ့က အခြားသော ဘာသာရေး၊ လူမှုရေး၊ ပြည်ပအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ထောက်ပံ့ပေးအပ်နေပါတယ်"ဟု အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။



ယင်းအခမ်းအနားတွင် ကချင်ပြည်နယ် စစ်ဘေးရှောင် မိသားစုများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လူသားချင်းစာနာထောက်ထားမှု အကူအညီရိက္ခာများဖြစ်သော ဆန်အိတ် ၂၀၁၀၊ ဆီပိဿာ ၄၀၂၀၊ ဆားပိဿာ ၄၀၂၀၊ ပဲပိဿာ ၄၀၂၀ နှင့် ခြုံစောင်အထည် ၁၀၀၀ တို့ကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက ပေးအပ်လှူဒါန်းရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်က လက်ခံယူခဲ့သည်။

ကချင်ပြည်နယ်အတွင်း အစိုးရထိန်းချုပ်နယ်မြေနှင့် အစိုးရထိန်းချုပ်နယ်မြေ၌မရှိသော စစ်ရှောင်စခန်း စုစုပေါင်း ၉၄ ခု၊ အိမ်ထောင်စု ၈၀၄၀ ၊ လူဦးရေ ၃၉၅၈၅ ဦး ရှိကြောင်း၊ ယခုကဲ့သို့ ထောက်ပံ့ပစ္စည်းများကိုလည်း ရခိုင်ပြည်နယ်၌ အိမ်ထောင်စု ၁၆၄၂၄ စု၊ လူဦးရေ ၁၃၉၇၄၅ ဦးအတွက် ဆန်အိတ် ၄၀၈၀၊ ဆား ၈၁၂၀ ပိဿာ၊ ဆီ ၈၁၂၀ ပိဿာ၊ ပဲ ၈၁၂၀ ပိဿာ လတ်တလောဖြစ်ပွားနေသော ရှမ်းပြည်နယ်အတွက် ဆန်အိတ် ၁၂၅၀၊ ပဲ ပိဿာ ၆၀၀၀၊ ဆားပိဿာ ၆၀၀၀၊ ဆီပိဿာ ၂၁၀၀ တို့ကို နယ်စပ်ရေးရာဝန်ကြီးဌာနက သွားရောက်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ဘဂ္ဂဒက်အရှေ့ပိုင်းတွင် အိုင်အက်စ်အဖွဲ့၏ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၁၃ ဦးသေဆုံး



**ဘဂ္ဂဒက် ဇန်နဝါရီ ၈**

ဘဂ္ဂဒက်မြို့အရှေ့ပိုင်းရှိ အသီးအရွက်ဈေးတစ်ခု၌ တနင်္ဂနွေနေ့က အိုင်အက်စ်အဖွဲ့၏ လက်ချက်ဟုယူဆရသည့် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၁၃ ဦး သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့်ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

တိုက်ခိုက်မှုလုပ်ဆောင်သူသည် ရှီးယိုက်အစ္စလာမ်ဘာသာဝင်များ ကြီးစိုးသည့် ဂျမီလာရှိ အသီးအရွက်ဈေးသို့ ဂိတ်တံခါးကို ချိုးဖြတ်ကာ ဝင်ရောက်လာခဲ့သည်။ လုံခြုံရေးအဖွဲ့များက အတင်းဖြတ်ကျော်ဝင်ရောက်လာသည့်ကားကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီးနောက်တွင် တိုက်ခိုက်သူက ကားကိုဗုံးဖောက်ခွဲခဲ့ကြောင်း ရဲတပ်ဖွဲ့ သတင်းရင်းမြစ်များက ပြောကြားသည်။

အွန်လိုင်းပေါ်တွင် ပေါ်ထွက်လာသည့် ဖော်ပြချက်များက တိုက်ခိုက်မှုကို အိုင်အက်စ်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဗုံးသမားသည် အဆိုပါနေရာ၌စုဝေးလျက်ရှိသည့် ရှီးယိုက်အစ္စလာမ်ဘာသာဝင်များကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်နှင့် အခြားမြို့ကြီးများတွင် လွန်ခဲ့သောရက်သတ္တပတ်မှစတင်ကာ အဆက်မပြတ်ပေါ်ပေါက်လာနေသည့် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် လူပေါင်းများစွာ သေဆုံးခဲ့ရသည်။

(ရိုက်တာ)

# အိုင်ဗရီကို့စ်တပ်ဖွဲ့ဝင်များ ဆူပူအုံကြွမှုဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ငြိမ်သက်

**အဘစ်ဂျန် ဇန်နဝါရီ ၈**

အိုင်ဗရီကို့စ်နိုင်ငံ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သည့် ဘူအာကေးမြို့ရှိ လမ်းများပေါ်တွင် ရှိနေခဲ့ကြသည့် တပ်ဖွဲ့ဝင်များသည် ယခုအခါ လမ်းများပေါ်မှ ပြန်လည်ထွက်ခွာသွားခဲ့ပြီဖြစ်ကြောင်း မြို့နေပြည်သူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

တပ်မတော်သားများသည် တာဝန်ထမ်းဆောင်မှုအတွက် အပိုကြေးခံစားခွင့်ပြုရန်နှင့် ပိုမိုကောင်းမွန်သည့် စားဝတ်နေရေးကို စီစဉ်ပေးရန်အတွက် အိုင်ဗရီကို့စ်ရှိ လမ်းများပေါ်တက်ကာ နှစ်ရက်ကြာအောင် ဆန္ဒပြတောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ စီးပွားရေးမြို့တော်ဖြစ်သည့် အဘစ်ဂျန်ရှိ တပ်ဖွဲ့ဝင်များ အပါအဝင် လမ်းများပေါ်တက်ကာ ဆူပူတောင်းဆိုမှုသည် သောကြာနေ့ နှောင်းပိုင်းတွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြို့ကြီးများနှင့် မြို့ငယ်များရှိ လေ့ကျင့်ရေးစခန်းများမှ တပ်ဖွဲ့ဝင်များလည်း ဆန္ဒပြတောင်းဆိုမှုတွင် ပါဝင်လာကြသည်။

ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ပြီးခဲ့သည့် စနေနေ့က အစိုးရနှင့် တပ်ဖွဲ့ဝင်များအကြား သဘောတူညီမှုရရှိသည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိခဲ့သည်။ ဆန္ဒပြသူများက အစိုးရ၏ညှိနှိုင်းဆွေးနွေးမှုကို လက်ခံကာ စစ်တန်းလျားများဆီသို့ အသီးသီးပြန်သွားခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ တပ်ဖွဲ့ဝင်အမှုထမ်းများ အနေဖြင့် တနင်္လာနေ့တွင် တောင်းဆိုထားသည့်အတိုင်း ရရှိမည်ဟုမျှော်လင့်ခဲ့ကြကြောင်း သိရသည်။



အိုင်ဗရီကို့စ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး အလိန်ရစ်ချတ်အား ဇန်နဝါရီ ၇ ရက် သတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်

(ရိုက်တာ)

# မြောက်ကိုရီးယားခေါင်းဆောင်၏ မွေးနေ့ပွဲ မထင်မရှားပြီးဆုံးခဲ့

**ပြုံယမ်း ဇန်နဝါရီ ၈**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ၎င်း၏ မွေးနေ့ပွဲကို အခမ်းအနားပွဲများဖြင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့ခြင်းမရှိကြောင်း သိရသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းကလည်း အလားတူပင်ဖြစ်သည်။ လေ့လာသုံးသပ်သူအချို့က မွေးနေ့ကို တိတ်တဆိတ်သာ ကျင်းပရသည့်ရည်ရွယ်ချက်မှာ ၎င်းအား နှိမ့်ချသည့် ခေါင်းဆောင်တစ်ဦးအဖြစ် ပုံဖော်လို၍ဖြစ်ကြောင်း ဝေဖန်သုံးသပ်ခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ခေါင်းဆောင်သမ္မတကင်၏ အသက်ကို အတိအကျ သိရှိရခြင်းမရှိပေ။ ဇန်နဝါရီ ၈ ရက်တွင် ၎င်းသည်အသက် (၃၃နှစ်) သို့မဟုတ်(၃၄နှစ်) ပြည့်မည်ဖြစ်သည်ဟူ၍သာ အကြမ်းဖျင်းသိရှိခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းစာက မြောက်ကိုရီးယားခေါင်းဆောင်၏ ၂၀၁၇ တွင် ကျရောက်မည့်မွေးနေ့ကို အခမ်းအနားပွဲလမ်းသဘင်များဖြင့် ကျင်းပသွားနိုင်ဖွယ်ရှိသည်ဟု ပြီးခဲ့သည့်အောက်တိုဘာလက ဖော်ပြခဲ့သော်လည်း ထိုသို့ ဆင်ယင်ကျင်းပခဲ့ခြင်းမရှိဘဲ တိတ်တဆိတ်အနေအထားဖြင့်သာ ပြီးဆုံးသွားခဲ့ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)



# တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း၌ နှစ်နှစ်ထောင်သက်တမ်းရှိသည့် မြို့ဟောင်းတွေ့ရှိ

**ပေကျင်း ဇန်နဝါရီ ၈**

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်ရှိ မြို့တော်ရှန်ယန်းတွင် သမိုင်းဝင်ရှေးဟောင်းနယ်မြေတစ်ခုကို တွေ့ရှိခဲ့ပြီး အဆိုပါရှေးဟောင်းနယ်မြေသည် အချိန်ကာလအားဖြင့်လွန်ခဲ့သော နှစ်နှစ်ထောင်ခန့်က တည်ရှိခဲ့သည့် မြို့တစ်မြို့ဖြစ်ကြောင်း ရှန်ယန်းယဉ်ကျေးမှုအမွေအနှစ်နှင့် ရှေးဟောင်းသုတေသနအဖွဲ့အစည်းက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါသုတေသနအဖွဲ့သည် ရှန်ယန်းမြို့တော် ဟူနန်ခရိုင် ကျင်ကျန်ဇီဒေသတွင်း ၂၀၁၆ ဇူလိုင်လကတည်းက သုတေသနပြုရှာဖွေလေ့လာမှု စတင်ပြုလုပ်ခဲ့သည်။ အဆိုပါနေရာတွင် စတုရန်းမီတာ ၅၀၀ ခန့်အထိ တူးဖော်ခဲ့ပြီးဖြစ်သည်။

သုတေသနပညာရှင်များသည် အဆိုပါနေရာတွင် နေအိမ်အကြွင်းအကျန်များ၊ မြေတိုက်ခန်းများ၊ စာအုပ်ထူများ၊ မြေအိုးများ၊ ကြေးထည်များ၊ သံမဏိထည်များနှင့် ကျောက်သားဖြင့်ပြုလုပ်ထားသည့် ပစ္စည်းများကို တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။ ကျင်ကျန်ဇီ၌ ကြေးခေတ်နှင့် ဟန်မင်းဆက်လက်ထက် (ဘီစီ ၂၀၂ မှ အေဒီ ၂၂၀ )အထိ လူသားများနေထိုင်ခဲ့သည့် ရှည်လျားသောသမိုင်းအထောက်အထားများ ရှိခဲ့ဖူးကြောင်း သိရသည်။

(ဆင်ဟွာ)

# တူရကီနိုင်ငံ အစ္စတန်ဘူလ်၌ အကြမ်းဖက်အန္တရာယ်ခြိမ်းခြောက်မှုများကို ခက်ခဲစွာရင်ဆိုင်နေရ

**အစ္စတန်ဘူလ် ဇန်နဝါရီ ၈**

တူရကီနိုင်ငံ၏အထင်ရှားဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်တွင်ကြောက်ခမန်းလိလိ တိုက်ခိုက်ခံရမှုများနှင့် အထူးသဖြင့် နှစ်သစ်ကူးညက အစ္စတန်ဘူလ်နိုက်ကလပ်တွင် သေနတ်ဖြင့်ပစ်ခတ်ကာ လူအစုလိုက်အပြုံလိုက် သေဆုံးစေခဲ့သည့် တိုက်ခိုက်မှုကြောင့် မြို့နေပြည်သူများသည် အများပြည်သူစုဝေးရာနေရာများကို ရှောင်ရှားလျက် ကြောက်ရွံ့ထိတ်လန့်စွာ နေထိုင်ရလျက်ရှိသည်။

လူ ၃၉ ဦးကို သေစေလောက်သည်အထိ တစ်ကိုယ်တော်သေနတ်သမားတစ်ဦး၏ အကြမ်းဖက်တိုက်ခိုက်ခဲ့မှုက အစ္စတန်ဘူလ်မြို့သူမြို့သားများအား ၎င်းတို့၏ ဆက်လက်ရှင်သန်နေထိုင်ရမည့် ဘဝရှေ့ရေးအတွက် ခက်ခဲဆုံးရှုံးမှုများကို ပေါ်ပေါက်လာစေခဲ့သည်။

ယခုအခါ ဒေသခံပြည်သူများသည် စားသောက်ဆိုင်၊ ကော်ဖီဆိုင်နှင့် ယမကာဆိုင်များသို့ မသွားရဲမလာရဲအောင် ကြောက်ရွံ့လျက်ရှိသည်။ ၂၀၁၅ ခုနှစ်နွေရာသီမှစတင်ကာ တူရကီသည် ဗုံးခွဲတိုက်ခိုက်မှုပေါင်း ၃၀ ကျော်ကို တွေ့ကြုံခံစားခဲ့ရပြီး အဆိုပါတိုက်ခိုက်မှုများအတွင်း လူလေးရာကျော် သေဆုံးခဲ့ရပြီဖြစ်သည်။ အကြီးအကျယ်တိုက်ခိုက်မှုခြောက်ခုအတွင်း ၁၅၅ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

(ဆင်ဟွာ)

# ယာဉ်မောင်းလိုင်စင်ထုတ်ပေးမှု ရှစ်သိန်းအထိရှိလာတော့မည်

**ရန်ကုန် ဇန်နဝါရီ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇန်နဝါရီ ၆ ရက်က တောင်ဥက္ကလာပမြို့နယ် မြင်သာရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန) ရုံးသို့ သွားရောက်ကာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားပြီး ယာဉ်မောင်းလိုင်စင်ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်စီးရေ ရှစ်သိန်းခန့်ရှိနေပြီး လာမည့် ဖေဖော်ဝါရီလကုန်ပိုင်းတွင် မှတ်ပုံတင် ယာဉ်မောင်းလိုင်စင် ထုတ်ပေးမှုမှာလည်း ရှစ်သိန်းအထိ ရှိလာတော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသိန်းဦးက အဆိုပါအခမ်းအနားတွင်ရှင်းလင်းတင်ပြ ရာတွင် ထည့်သွင်းပြောကြားသည်။

"ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးက ကညနရုံးမှာ တစ်ရက်ကို ယာဉ်မောင်းလိုင်စင်လာရောက်ဖြေဆိုသူ ၆၀၀ မှ ၈၀၀ အထိရှိပါတယ်။ လာမယ့် ဖေဖော်ဝါရီလမှာတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ မော်တော်ယာဉ်အရေအတွက်နဲ့အညီ ယာဉ်မောင်းလိုင်စင်ထုတ်ပေးနိုင်သူအရေအတွက်မှာလည်း ရှစ်သိန်းအထိ ရှိလာတော့မှာဖြစ်ပါတယ်" ဟု ဦးသိန်းဦးက ပြောသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်အထိ ရန်ကုန်တိုင်းဒေသကြီး ကညနရုံးမှ စုစုပေါင်းယာဉ်မောင်းလိုင်စင်ထုတ်ပေးထားသူပေါင်း ၇၉၇၈၈၈ ဦးရှိကြောင်း ကညန ရုံးစာရင်းဇယားများအရ သိရသည်။

ယာဉ်မောင်းလိုင်စင် ခုနစ်မျိုးရှိကြောင်း၊ က-၁ လိုင်စင်မှာ အသက် ၁၆ နှစ်ပြည့် တက္ကသိုလ်ကျောင်းသားများအား ရည်ရွယ်၍ ထုတ်ပေးမည့် လိုင်စင်ဖြစ်ကြောင်း၊ "က" လိုင်စင်မှာ ၁၈ နှစ်ပြည့်လိုင်စင်ဖြစ်ပြီး ဆိုင်ကယ်မောင်းလိုင်စင်ဖြစ်ကြောင်း၊ "ခ" လိုင်စင်မှာ ကိုယ်ပိုင်ယာဉ်မောင်းလိုင်စင်ဖြစ်ပြီး သင်မောင်းလိုင်စင် သုံးလပြည့်မှ ဖြေဆိုခွင့်ရှိကြောင်း၊ "ဂ" လိုင်စင်မှာ စက်ယန္တရားကြီးမောင်းလိုင်စင်ဖြစ်ကြောင်း၊ "ဃ" လိုင်စင်မှာ ဘတ်စ်ကားနှင့် တက္ကစီမောင်းလိုင်စင်ဖြစ်ပြီး "ခ" လိုင်စင် သုံးနှစ်ပြည့်မှ ဖြေဆိုခွင့်ရှိကြောင်း၊ "င" လိုင်စင်မှာ ယာဉ်အားလုံးမောင်းနှင်နိုင်သော လိုင်စင်ဖြစ်ကြောင်း၊ "ဌ" လိုင်စင်မှာ လယ်ယာသုံးနှင့် ထော်လာဂျီမောင်းလိုင်စင်ဖြစ်ကြောင်း သိရသည်။



ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများအနေဖြင့် မြင်သာကညနရုံးတွင် စာတွေ့ဖြေဆိုရပြီး အောင်ရှုံးစာရင်းကို ချက်ချင်းထုတ်ပြန်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး ကညနရုံးတွင် မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း၊ မော်တော်ယာဉ်သက်တမ်းတိုးခြင်း၊ ယာဉ်လိုင်စင်များ ထုတ်ပေးခြင်း၊ မော်တော်ယာဉ်များအား ကွန်ပျူတာစနစ်ဖြင့် စစ်ဆေးပေးနေပြီဖြစ်ကြောင်း သိရသည်။ **သတင်း-မြင့်မောင်စိုး ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် အသစ်များ ကတိသစ္စာပြု အခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတွင် ကော်မတီဝင် တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခြင်းခံထားရသည့် ကော်မတီဝင်အသစ်များ ကတိသစ္စာပြုခြင်း အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ယုဇနခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးကြမည့် ကော်မတီဝင်များကို တစ်မြို့လုံး စိတ်ဝင်စားနေကြသည့်အတွက် မြို့တော်အတွက် မည်မျှပေးဆပ်နိုင်မည်ကို စဉ်းစားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရွေးချယ်ခံထားရသူများကိုလည်း ကဏ္ဍအလိုက် အသင့်တော်ဆုံးပုဂ္ဂိုလ်များကို ရွေးချယ်ခန့်ထားပေးခြင်းဖြစ်သည့်အတွက် အကဲဖြတ်မစောဘဲ ၎င်းပုဂ္ဂိုလ်များ၏ လုပ်ရည်ကိုင်ရည်ကို စောင့်ကြည့်ပေးစေလိုကြောင်း၊ ကော်မတီဝင်များအား ယနေ့အခါကမှာကြားလိုသည်မှာ စေတနာထား၍ ရိုးသားစွာ ကတိသစ္စာပြုထားသည့်အတိုင်း လုပ်ဆောင်ပါက စည်ပင်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်အဖြစ် ပြည်သူများက ရွေးကောက်တင်မြှောက်ထားသည့် ကော်မတီဝင် ခြောက်ဦးမှာ အောင်မြေသာစံမြို့နယ်မှ ဦးခိုင်မြင့်(ခ) ဦးမောင်မောင်၊ ချမ်းအေးသာစံမြို့နယ်မှ ဦးကျော်ဇေယျ၊ မဟာအောင်မြေမြို့နယ်မှ ဦးကျော်ဇောအောင်၊ ချမ်းမြသာစည်မြို့နယ်မှ ဦးဇော်မျိုးလွင်(ကိုမိုး)၊ ပြည်ကြီးတံခွန်မြို့နယ်မှ ဦးစောဟန်နှင့် အမရပူရမြို့နယ်မှ ဦးရဲမွန်တို့ဖြစ်ကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုက်ရိုက်ရွေးချယ်ခန့်အပ်သည့် ကော်မတီဝင် ငါးဦးမှာ ဦးအောင်ကျော်ထွန်း(ဥပဒေ)၊ ဒေါ်မြင့်မြင့်သန်း(အင်ဂျင်နီယာ)၊ ဦးသစ်ဆင်း(ဆရာဝန်)၊ ဦးကျော်ဆန်းမြင့်(ခ)ဦးကျော်ရင်မြင့်(စာရေးဆရာ)နှင့် ဦးရဲမြတ်သူ (IT ပညာရှင်) တို့ဖြစ်ကြသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရွေးချယ်ခန့်အပ်သည့် ကော်မတီဝင် ငါးဦးအနက် ဦးအောင်ကျော်ထွန်း(ဥပဒေ)အား အတွင်းရေးမှူးအဖြစ် ရွေးချယ်တာဝန်ပေးထားပြီး ပြည်သူများက ရွေးချယ်တင်မြှောက်ထားသူ ခြောက်ဦးအနက်မှ တစ်ဦးကို ဒုတိယမြို့တော်ဝန်အဖြစ် ဆက်လက်ရွေးချယ် တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဆွေးနွေး

**ရေး ဇန်နဝါရီ ၈**

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(မွန်ပြည်နယ်) JMC-S(MON)မှ ကော်မတီဝင်များအဖွဲ့က မွန်ပြည်နယ် ရေးမြို့နယ် နှင်းစုံကျေးရွာ ဘုန်းကြီးကျောင်းသို့ ဇန်နဝါရီ ၇ ရက်က ကွင်းဆင်းပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(မွန်ပြည်နယ်) ဒုတိယဥက္ကဋ္ဌ(၁) စောပလေ့က အမှာစကားပြောကြားပြီး JMC-S ကော်မတီဝင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးက NCA စာချုပ် ဖြစ်ပေါ်လာရသည့် အကြောင်းရင်းများကိုလည်းကောင်း၊ ကော်မတီဝင် ရဲမှူးကြီးဘိုဘိုဦးက တရားဥပဒေစိုးမိုးရေးဆိုင်ရာများကိုလည်းကောင်း၊ ကော်မတီအတွင်းရေး မှူး (၁) KNU တပ်မဟာ(၁)မှ စောကျော်မြင့်က JMC ၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်က နှစ်ဖက်တပ်များလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စစ်ဘက်ကျင့်ဝတ်များကိုလည်းကောင်း၊ ကော်မတီဝင် အရပ်ဘက်ဆိုင်ရာ ဒေါက်တာမိယဉ်ချမ်းနှင့် နော်ဆာထူးတို့က အရပ်သားပြည်သူများ စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ရေးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း၊ မြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့စည်းများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး သိရှိလိုသည်များကို တင်ပြဆွေးနွေးကာ ကော်မတီတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**နေမျိုးထွဋ်(ရေး)**



# ရန်ကုန်ဘတ်စ်ကားပြုပြင်ပြောင်းလဲပြေးဆွဲမှု ခရီးသည်များကြိုဆို

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်မြို့တွင် လမ်းအသုံးပြုသွားလာနေရသူများအနေဖြင့် ကားလမ်းမပေါ်တွင် ပြုပြင်စီမံဆောင်ရွက်မှုများ မြင်တွေ့လာရမှုနှင့်အတူ သွားလာရေးအဆင်ပြေမှုကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် ခံစားလာရသည်။

ကုန်တင်ယာဉ်ကြီးများ၊ ကုန်သေတ္တာတင်ယာဉ်များကိုလည်း ဒီဇင်ဘာ ၇ ရက်မှစ၍ နေ့ပိုင်းသွားလာခွင့်မပေးဘဲ ည ၉ နာရီမှ နောက်တစ်နေ့ ၆ နာရီအတွင်းသာ ခွင့်ပြုထားသောလမ်းကြောင်းများအတိုင်း သွားလာခွင့်ပြုခဲ့သည်။ ယာဉ်ကြော ရှုပ်ထွေးမှုရှိသော သီရိမင်္ဂလာဈေးသစ်နှင့် ကြည့်မြင်တိုင်စံပြငါးဈေးဝန်းကျင်တို့ တွင်လည်း ဈေးရောင်းချမှုနှင့် ယာဉ်ပိတ်ဆို့နေရာယူမှုတို့ကိုပါ တစ်ပြေးညီ ရှင်းလင်းပေးခဲ့သည်။

အထက်ပါဖြစ်စဉ်နှစ်ရပ်ကို သက်ဆိုင်ရာမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရာတွင် ရာနှုန်းပြည့် အောင်မြင်သည်ဟု မဆိုနိုင်သော်လည်း အများပြည်သူများ သွားလာမှုအဆင်ပြေခြင်းခံစားလာရသည်။ အချိန်ကာလအားဖြင့် တစ်လဝန်းကျင်ကျော်လာပြီဖြစ်ပြီး တွေ့ကြုံရသော အခက်အခဲအနည်းငယ်များကို ဖြေရှင်းပေးရန် ကျန်ရှိနေသေးသော်လည်း အများပြည်သူများအနေဖြင့် ယင်းဖြစ်စဉ်နှစ်ရပ် လုပ်ဆောင်ပေးမှုအပေါ် သဘောတူပြောဆိုမှုများသည်။

အများပြည်သူသုံးယာဉ်လိုင်းများတွင် သတ်မှတ်ကားခနှုန်းထားထက် ပိုမိုကောက်ခံယူသော်လည်း သတ်မှတ်ခရီးစဉ်လမ်းကြောင်းအတိုင်း ခရီးဆုံးထိ ပြေးဆွဲမှုမရှိဘဲ ကွေ့ကားများအဖြစ် ပြေးဆွဲမှုအချို့ရှိလာသည်။

လက်ရှိယာဉ်လိုင်းပြေးဆွဲမှုစနစ်သည် ဇန်နဝါရီ ၁၅ ရက်တွင် နောက်ဆုံးဖြစ်ပြီး ဇန်နဝါရီ ၁၆ ရက်မှစ၍ ခရီးတိုလမ်းကြောင်းသို့ ယာဉ်လိုင်းများစုစည်း၍ လိုင်းပေါင်း ၅၈ လိုင်းဖြင့် ပြေးဆွဲမည်ဟု သိရှိရသည်။

မြို့ထဲပတ်နေသော လိုင်းကားတွေကို ၅ မိနစ်တစ်ခါ လွှတ်ပေးမည်ဖြစ်ပြီး မြို့ပြင်ကလာသောလိုင်းကားများကို မြို့တွင်းလိုင်းကားများနှင့် ချိတ်ဆက်ရမည်ဟု သိရသည်။ ကားခမှာ ငွေကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀ ဖြစ်ပြီး ခရီးစဉ်အတိုင်းလိုက် ကောက်ခံသွားမည်ဟု သိရသည်။ လက်ရှိ ဘတ်စ်ကားပြုပြင်ပြောင်းလဲရန် ကုမ္ပဏီရှစ်ခုက လိုင်းပေါင်း ၅၈ လိုင်းပြေးဆွဲမည်ဟု သိရသည်။

လက်ရှိပြေးဆွဲနေသော အခြေအနေကဲ့သို့ ပိုင်ရှင်တစ်ဦးချင်းကားခရယူခြင်း၊ ယာဉ်လုပ်သားအနေဖြင့်လည်း ဝင်ငွေရရှိမှုအပေါ် လုပ်အားခရယူခြင်းမျိုးမဟုတ်တော့သဖြင့် ခရီးသည်များအတွက် လက်ရှိအနေအထားထက် ပိုမိုကောင်းမွန်သော အခြေအနေများ ခံစားလာရနိုင်သည်။

ဆက်လက်၍ လုပ်ဆောင်ရန် စီစဉ်နေဆဲဖြစ်သည့် ယာဉ်စီးရေ လွန်စွာများပြားသော စီးလုံးငှား တက္ကစီအငှားယာဉ်များ စာရင်းကောက်ယူ၍ စည်းကမ်းတကျ ပြေးဆွဲရန် စီစဉ်နေမှု၊ ဗဟိုမှ မီးပွိုင့်များ ထိန်းချုပ်ရေးစနစ် ပြီးစီးအသုံးချနိုင်မည့်ကာလ နီးကပ်လာမှု၊ ရန်ကုန်မြို့တွင်း အများပြည်သူပိုင်လမ်းများပေါ်တွင် ယာဉ်ရပ်နားခများကောက်ခံရန် စီစဉ်နေမှုများသည်လည်း ကြုံတွေ့လာရဦးမည်ဖြစ်သည်။ သို့ဖြစ်ရာ ရန်ကုန်မြို့တွင်း နေ့စဉ် လူဦးရေ နှစ်သန်းဝန်းကျင်မှာ လိုင်းကားများ အသုံးပြုသွားလာနေရာတွင် ၂၀၁၇ နှစ်အတွင်း အဆင်ပြေလွယ်ကူမှုများ စတင်ကြုံတွေ့လာရမည်ဖြစ်သည်။

၂၀၁၆ နှစ်ကုန်လပိုင်းများတွင် သက်ဆိုင်ရာမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောဖြစ်စဉ်နှစ်ရပ်၏ အကျိုးသက်ရောက်မှုကို ရန်ကုန်မြို့တွင်း သွားလာနေသူများ ကိုယ်တွေ့ခံစားလာရသည်။ ယင်းဖြစ်စဉ်များနည်းတူ ၂၀၁၇ ဇန်နဝါရီ ၁၆ ရက်တွင် အကောင်အထည်ဖော်မည့် ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများ ပြုပြင်ပြောင်းလဲမှုအပေါ် ခရီးသည်များအနေဖြင့် ကြိုဆိုမှုများနှင့်အတူ စောင့်မျှော်လျက်ရှိသည်။

**ခင်ဆိုင်**

# မဟာထူပါရုံစေတီတော် ဘက်စုံမွမ်းမံ တည်ဆောက်နိုင်ရန် အလှူတော်ငွေပေးအပ်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၈**

မော်လမြိုင်ကျွန်းမြို့ မဟာထူပါရုံစေတီတော်မြတ်အား ဘက်စုံမွမ်းမံတည်ဆောက်နိုင်ရေးအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၅ ရက်က မော်လမြိုင်ကျွန်းမြို့ မဟာထူပါရုံစေတီတော်မြတ်၌ ကျင်းပသည်။ အလှူတော်ငွေပေးအပ်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၊ မြို့နယ်မှအလှူရှင်များ၊ စေတီတော်ဘက်စုံမွမ်းမံတည်ဆောက်ရေးကော်မတီဝင်များ၊ မြို့ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်မှ စေတနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် အလှူတော်ငွေပေးအပ်ပွဲတွင် မဟာထူပါရုံစေတီတော် ဘက်စုံမွမ်းမံ တည်ဆောက်နိုင်ရေးအတွက် အလှူတော်ငွေကျပ် ၃၆၉၄၂၀၀ အား စေတီတော်အကျိုးတော်ဆောင် ဦးအောင်မျိုးထွဋ်နှင့် ဦးကြည်ဝင်းတို့က ပေးအပ်လှူဒါန်းရာ စေတီတော်ဘက်စုံမွမ်းမံတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်က လက်ခံခဲ့ကြောင်း သိရသည်။ **မော်ကျွန်း မြင့်အောင်**

# တွီးဆောမ်ကြိုးတံတားနှင့် ဖိုင်စိချောင်းကူးကြိုးတံတားတည်ဆောက်

**တွန်းဇံ ဇန်နဝါရီ ၈**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သော မွလ်ပီး-နတ်ဇန်ကျေးရွာကြား တွီးဆောမ်ကြိုးတံတားနှင့် တာ့ဇန်- လွမ့်ဇန်ကျေးရွာကြား ဖိုင်စိချောင်းကားကူးကြိုးတံတားတို့ကို တည်ဆောက်လျက်ရှိသည်။

တွီးဆောမ်ကြိုး တံတားကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၀ ဖြင့်လည်းကောင်း၊ ဖိုင်စိချောင်းကြိုးတံတားကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၅၀ဖြင့်လည်းကောင်း အကုန်အကျခံဆောင်ရွက်ခြင်းဖြစ်ရာ သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအတွက် ဆောက်လုပ်နေကြသည်။ ယင်းကြိုးတံတားများတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါက မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလာမည်ဖြစ်သည့်အပြင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



# အလောင်းတော်ကဿပ ဘုရားဖူးရာသီလမ်း စတင်ဖွင့်

**ယင်းမာပင် ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏ အနောက်မြောက်ဘက် မိုင် ၆၀ ခန့် အကွာတွင်တည်ရှိသည့် အလောင်းတော်ကဿပသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ နှစ်စဉ်လာရောက်လျက်ရှိရာ ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းမြေ့စွာ လာရောက်ဖူးမြော်နိုင်ရေး အလောင်းတော်ကဿပ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကပိုင် - သပိတ်ဆေးဘုရား ရာသီလမ်းဖွင့်ပွဲကို ယင်းမာပင်မြို့နယ် ကပိုင်ကျေးရွာတွင် ဇန်နဝါရီ ၇ ရက်က ကျင်းပခဲ့သည်။



အလောင်းတော်ကဿပသို့ ဘုရားဖူးလာရင်း ဒေသန္တရဗဟုသုတများပါ တစ်ပါတည်း ရှာမှီးနိုင်ပေသည်။ လမ်းခရီး၌ လျှိုမြောင်တောင်ကြား ချောက်ကမ်းပါးများတွင်ပါ သစ်ကြီးဝါးကြီးများ ထူထပ်စွာပေါက်ရောက်နေပြီး တောတောင် အလွန်ကြီးမားသော အရပ်ဖြစ်ကာ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည်လည်း အာဆီယံအမွေအနှစ်စာရင်းဝင်တစ်ခုဖြစ်ကြောင်း သိရသည်။

အလောင်းတော် ကဿပသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများသည် သပိတ်ဆေးစခန်းသို့ ရောက်သည်နှင့် ရှင်မဟာကဿပ ရဟန္တာမထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော် ကိန်းဝပ်စံပယ်ရာ လိုဏ်ဂူတော်သို့ တစ်မိုင်ခန့် ခြေကျင်ခရီးဖြင့်လည်းကောင်း၊ ဆင်လိမ္မာကြီးများကိုစီး၍ လည်းကောင်း အရောက်သွားနိုင်သလို ချစ်စဖွယ် ဆင်ပေါက်စလေးများနှင့် တွဲလျက် အမှတ်တရ ဓာတ်ပုံများလည်း ရိုက်ကူးနိုင်သည်။

အလောင်းတော်ကဿပ စံကျောင်းတော်အတွင်းတွင် မြောက်အရပ်သို့ ဦးခေါင်းပြုကာ လက်ယာနံတောင်းစောင်းလျက် ညောင်စောင်းထက်၌ ပရိနိဗ္ဗာန်ပြုတော်မူဟန် ထုလုပ်ပူဇော်ထားသော ရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ ရုပ်ပွားတော်ကို ဖူးတွေ့နိုင်သည်။ ထိုမှတစ်ဆင့် ရုပ်ကလာပ်တော် အစစ်ကိန်းဝပ်စံပယ်ရာ ကျောက်လိုဏ်ဂူတော်သို့ သွားရောက်ဖူးမြော်လေ့လာနိုင်သည်။

အဆိုပါ ကျောက်လိုဏ်ဂူကြီး အတွင်းရှိ ကျောက်ပန်းဆွဲ၊ ကျောက်ပန်းခက်၊ ကျောက်ပန်းခိုင်ကြီးများမှ ကျောက်စက်ရေများ တစ်စက်စက်ကျလျက်ရှိပြီး ကျောက်စက်ရေတို့မှာ ရေခဲရေကဲ့သို့ အေးစက်နေကြောင်း သိရသည်။

ယင်း ကျောက်ပန်းဆွဲများမှ ကျောက်စက်ရေများသည် အဇာတသတ်မင်းကြီး၏ သစ္စာစကားကြောင့် ဖြစ်ထွန်းလာသော ရေစင်နှင့် အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ မေတ္တာဖြင့် ထားခဲ့တော်မူသော မေတ္တာရေစင်များ ပူးပေါင်းကာ သိဒ္ဓိရေစင်များအဖြစ် အစဉ်ကျဆင်းနေရာ ဘုရားဖူးလာသူများမှ သန့်ပြန့်သော ဘူးငယ်များဖြင့်ခံယူ၍ မိမိတို့နေအိမ်သို့ပင့်ဆောင်သွားကာ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးစီးပွားအတွက် အဓိဋ္ဌာန်ပြုဆုတောင်းနိုင်ကြောင်းလည်း သိရသည်။

အဆိုပါ အလောင်းတော်ကဿပသို့ မော်တော်ကားဖြင့် ဘုရားဖူးလာရောက်ကြရာတွင် မုံရွာ - တရော်ကျင်းညောင်ကိုင်း- ကပိုင် - အလောင်းတော်လမ်းနှင့် မုံရွာ - ယင်းမာပင် - ဇီးတော - ကပိုင် - အလောင်းတော်လမ်းတို့မှ သွားရောက်မှုများပြားပြီး ကျန်လမ်းများဖြစ်သည့် ယင်းမာပင် - လည်ငေါက် - ကပိုင်- အလောင်းတော်လမ်း၊ ယင်းမာပင်- ပြန်လှည့်-တရော်ကျင်း-ကပိုင်- အလောင်းတော်လမ်းနှင့် ယင်းမာပင် - စားတော်ပြင်- ကုန်းရွာ - ကပိုင် - အလောင်းတော်လမ်းတို့မှလည်း သွားရောက်နိုင်ကြောင်းနှင့် အလောင်းတော်ကဿပ ဘုရားဖူးရာသီတွင် မုံရွာမြို့မှ အလောင်းတော်ကဿပအထိ မော်တော်ယာဉ်အသင်းများမှလည်း တိုက်ရိုက်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# တက္ကသိုလ်ကင်းထောက်များ စခန်းချတွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

တက္ကသိုလ်ကင်းထောက်များ ပြင်ပတောတွင်းစခန်းချ ပညာရပ်များ လေ့ကျင့်သင်ကြား ဆွေးနွေးရန်နှင့် ပြင်ပလူမှုရေးလုပ်ငန်းများ ဗဟုသုတရရှိနိုင်ရန် ကင်းထောက်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်ရည်ရွယ်၍ တက္ကသိုလ်ကင်းထောက်များ စခန်းချတွေ့ဆုံပွဲကို ဇန်နဝါရီ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တန်း စံပြကျေးရွာ ဝဋ္ဋုဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ရက္ခဗေဒဥယျာဉ်နှင့် ငြိမ်းချမ်းရေးစင်တာ တောစခန်း၌ ကျင်းပမည်ဖြစ်သည်။

စခန်းချတွေ့ဆုံပွဲတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့သော မြန်မာကင်းထောက် ရာပြည့်အထိမ်းအမှတ် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် မှတ်တမ်းစာအုပ် ပြုစုထုတ်ဝေမည့်အပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းနှင့် မြန်မာ့ကင်းထောက် ရှေ့လုပ်ငန်းစဉ်များ၊ ပြင်ဦးလွင်မြို့နယ် ကင်းထောက်စခန်းများ ဆောက်လုပ်ရန်ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာ တင်ညို၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် ကင်းထောက်ကြီးများ စုပေါင်းဆွေးနွေးခြင်း၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများရှိ ကင်းထောက်လုပ်ငန်းဆွေးနွေးပွဲ တက်ရောက်ခဲ့သော တက္ကသိုလ်ကင်းထောက်များက ပြည်ပကင်းထောက်အတွေ့အကြုံများ ဆွေးနွေးပြောကြားကာ တက္ကသိုလ်ကင်းထောက်များအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်း၊ ရှေ့ဆက်ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအစဉ်များ ဆွေးနွေးခြင်းနှင့် ကျောက်တန်းစံပြကျေးရွာ ဝဋ္ဋုဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျောင်းသားကျောင်းသူလေးများ ခေတ်မီစာကြည့်တိုက်စနစ်၊ ကွန်ပျူတာစင်တာတို့နှင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှုလုပ်ငန်းများ လေ့လာကာ တောတွင်းစခန်းချပညာရပ်များ လေ့ကျင့်သင်ကြားကြမည်ဖြစ်သည်။

တက္ကသိုလ်ကင်းထောက် စခန်းချတွေ့ဆုံပွဲသို့ ကင်းထောက်ကြီးများ၊ တက္ကသိုလ်၊ ကောလိပ်များမှ တက္ကသိုလ်ကင်းထောက် ၅၀၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက် ၁၀ ဦး၊ မြန်မာနိုင်ငံအမျိုးသမီးကင်းထောက် ၁၀ ဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုလတ် (သတင်းစဉ်)**


**တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရယူထားသော်လည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိုက်ပျိုး/အသုံးပြုမှုမရှိသည့် ဧရိယာအား ပြန်လည်အပ်နှံရန် ထုတ်ဆင့်သည့်ကြော်ငြာစာ**

၁။ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများမပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိက/ကုမ္ပဏီ/အဖွဲ့အစည်း/ဌာနဆိုင်ရာ ဦးရေ(၁၅၉)အား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဧရိယာ(၂၀၉,၂၅၈)ဧကအား နှစ် ၃၀ လုပ်ကိုင်ခွင့်/အသုံးပြုခွင့်ပေး၍လည်းကောင်း၊ ဒေသအာဏာပိုင် ကြိုတင်ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိက/ကုမ္ပဏီ/အဖွဲ့အစည်း/ဌာနဆိုင်ရာ ဦးရေ ၉၅ အား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဧရိယာ ၁၉၆,၈၉၁ ဧကအားလည်းကောင်း၊ ဝန်ကြီးဌာန ကြိုတင်ခွင့်ပြုချက်ဖြင့် ကုမ္ပဏီတစ်ခုအား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဧရိယာ ၅,၀၀၀ ဧကအားလည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုချက်ဖြင့် ကုမ္ပဏီတစ်ခုအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ၁၃၃,၆၀၀ ဧကအားလည်းကောင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခဲ့ပါသည်။

၂။ ထိုသို့လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခဲ့သော်လည်း ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ အခန်း ၇ တွင် ဤဥပဒေမပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများနှင့်ပတ်သက်၍ ပုဒ်မ-၂၂၊ ပုဒ်မခွဲ(က)တွင် ခွင့်ပြုမိန့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ၊ ခွင့်ပြုမိန့်ထုတ်ပြန်သည့် ရက်စွဲနှင့် စာအမှတ်တို့ကို ပြည့်စုံစွာဖော်ပြပြီး အမှန်တကယ် ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးသော ဧရိယာနှင့် ကျန်ရှိနေသော ဧရိယာတို့ကို အထောက်အထားခိုင်လုံစွာဖြင့် ဓာတ်ပုံမှတ်တမ်းများ ပူးတွဲလျက် မှတ်တမ်းပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။ ပုဒ်မ-၂၂၊ ပုဒ်မခွဲ(ခ) တွင် ဖော်ထုတ်လုပ်ကိုင်အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ပုဒ်မ၂၂၊ ပုဒ်မခွဲ(ဂ)တွင် မူလခွင့်ပြုကာလထက် ကျော်လွန်သည့်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်းမရှိသေးသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟုလည်းကောင်း၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)တွင် မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်းတွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် သိမ်းဆည်းမည့်အပြင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရမည်ဟုလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၄၇၊ နည်းဥပဒေခွဲ(ဃ)တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိပြီးနောက် ဆက်လက်လုပ်ကိုင်နိုင်ခြင်း၊ အသုံးပြုနိုင်ခြင်းမရှိပါက ဗဟိုကော်မတီသို့ ပြန်လည်အပ်နှံရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ သို့ဖြစ်ပါ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်လုပ်ကိုင်နိုင်ခြင်း၊ အသုံးပြုနိုင်ခြင်း မရှိပါက ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ဖော်ပြပါအတိုင်း ပြန်လည်အပ်နှံရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရယူထားသူများမှ လုပ်ကိုင်အသုံးပြုနိုင်ခြင်းမရှိသည့်ဧရိယာအား ပြန်လည်အပ်နှံခြင်းမရှိပါ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(က) လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိထားသော ကာယကံရှင်ကိုယ်တိုင် သို့မဟုတ် တရားဝင်ကိုယ်စားလှယ်လွှဲစာရထားသော ပြန်လည်အပ်နှံမည့်သူသည် မြို့နယ်ဦးစီးဌာနရုံး (မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန)သို့ ခွင့်ပြုမိန့်မူရင်းကတ်နှင့် ဆက်လက်လုပ်ကိုင်နိုင်ခြင်း၊ အသုံးပြုနိုင်ခြင်းမရှိကြောင်း ဖော်ပြသည့် လက်မှတ်ရေးထိုးထားသော လျှောက်လွှာနှင့်အတူတင်ပြရမည့် ခွင့်မိန့်ရ ကာယကံရှင် သက်ရှိထင်ရှားမရှိပါက သက်ဆိုင်ရာတရားရုံး၏ အမွေဆက်ခံပိုင်ခွင့် ဒီကရီ/လက်မှတ် တင်ပြရမည်။

(ခ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိပြီးနောက် ဆက်လက်လုပ်ကိုင်နိုင်ခြင်း၊ အသုံးပြုနိုင်ခြင်းမရှိသည့် မြေဧရိယာ တစ်စိတ်တစ်ဒေသအား ပြန်လည်အပ်နှံသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြေစာရင်းပုံစံ ၁၀၅၊ မြေပုံမူရင်း ၃ ပုံကို အောက်ပါအတိုင်း တင်ပြရမည်-

(၁) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိခဲ့သည့် မြေဧရိယာအတွက် မြေစာရင်းပုံစံ-၁၀၅၊ မြေပုံမူရင်း(၁)ပုံ၊

(၂) တစ်စိတ်ဒေသပြန်လည်အပ်နှံမည့် မြေဧရိယာအတွက် မြေစာရင်းပုံစံ-၁၀၅၊ မြေပုံမူရင်း(၁)ပုံ၊

(၃) ကျန်ရှိသည့် မြေဧရိယာအတွက် မြေစာရင်းပုံစံ ၁၀၅၊ မြေပုံမူရင်း ၁ ပုံ

၄။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ခွင့်ပြုမိန့်မူရင်းကတ်ပြား ပြန်လည်အပ်နှံခြင်းမရှိပါက (ဥပမာ၊ ပျောက်ဆုံးပါက သက်ဆိုင်ရာရဲစခန်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ သဘာဝဘေးအန္တရာယ်/မီးဘေး/လေဘေး/ရေဘေးကြောင့် ပျက်စီးခြင်းဖြစ်ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံချက်) ပါရှိရန် လိုအပ်ပါသည်။

**ဥက္ကဋ္ဌ**
**တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုသရေးဦးစီးဌာနလက်အောက်ရှိ ကျိုင်းတုံဆေးရုံကြီးနှင့် ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများအတွက် ဆေးဝါးများနှင့် ဓာတ်မှန်/ဓာတ်ခွဲဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းသည့်ရက်** - ၉-၁-၂၀၁၇ ရက် (တနင်္လာနေ့)
**တင်ဒါလျှောက်လွှာပိတ်သည့်ရက်** - ၂၃-၁-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ

ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီးရုံခန်းတွင် ပိတ်ရက်မရှိ တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**
**ကျိုင်းတုံဆေးရုံကြီး**
**ဖုန်း-၀၈၄-၂၁၅၁၁၊ ၀၈၄-၂၂၅၁၄**



**ပြည်ထဲရေးဝန်ကြီးဌာန**
**အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး**
**ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသား/သူ၊ အချုပ်သား/သူနှင့် လုပ်အားရှင်များ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန် လိုအပ်သော ရိက္ခာဆန်များကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ရောင်းချမည့်ရက်** - ၁၈-၁-၂၀၁၇ ရက်မှ ၂၆-၁-၂၀၁၇ ရက်အထိ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၇-၁-၂၀၁၇ ရက် ၁၁:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်အချိန်** - ၂၇-၁-၂၀၁၇ ရက် ၁၂:၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင် ကျပ်၁၅၀၀၀ိ- နှုန်းဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာနတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၄၁၊ ၀၅၉-၂၃၅၉၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ ထားဝယ်မြို့**



**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၉-၁-၂၀၁၇ရက်
**တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၂၃-၁-၂၀၁၇ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**
**ဖုန်း-၀၅၂-၂၂၂၁၂၇၊ ၀၅၂-၂၂၃၀၅၄**



**ပျောက်ဆုံးကြောင်း**

မသီတာမျိုးဇင် (ဘ)ဦးမျိုးဇင် ၁၀/သဖရ(နိုင်)၁၂၂၈၃၇၏ မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၄၂၈၉၆၁၊ ၀၉-၄၅၀၀၀၇၉၁၉**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၄၊ အောင်ချမ်းသာ-ခ)၊ ဦးပိုင်အမှတ် ၁၂၁၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်ကို ဦးသက်နိုင်ထွန်းအမည်ဖြင့်မြို့မြေအမှုတွဲအမှတ် ၁၈၃/၁၉၉၃ အရ ၂၈-၄-၁၉၉၅ မှ၂၇-၄-၂၀၂၅ ရက်ထိ နှစ် ၃၀ မြေငှားဂရန်ရရှိထားသောမြေအား ဦးသက်နိုင်ထွန်းမှ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးညွန့်မြိုင်မှ ဒေါ်စန်းခင် ၂၃-၁၂-၂၀၁၆ ရက်တွင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ စာချုပ်အမှတ် ၃၇၄/၂၀၁၆ ဖြင့် တရားဝင်စာချုပ်ချုပ်ဆိုထားသောစာချုပ် (မိတ္တူ/မူရင်း)များ တင်ပြကာ ဒေါ်စန်းခင်မှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာခြင်းအပေါ် မည်သည့်အတွက်ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လီတွေ့်အရာရှိ၊**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# အခြေခံပညာအဆင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၈**

ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ၃ × ၃ သုံးဦးစီ ကွင်းတစ်ဝက်ကစားရသော ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲများကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ ရှေးဦးစွာ အမျိုးသမီးဗိုလ်လုပွဲပြိုင်ပွဲအဖြစ် မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းအား ခြောက်မှတ်-နှစ်မှတ်ဖြင့် အနိုင်ရရှိပြီး အမျိုးသား ဗိုလ်လုပွဲပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ် တောင်ပိုင်းအသင်းအား ၁၄ မှတ်-ခုနစ်မှတ်ဖြင့် အသီးသီးအနိုင်ရဗိုလ်စွဲသွားသည်။

ဆုပေးပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသမီး (၃ × ၃ )ဘတ်စကက်ဘောပြိုင်ပွဲ၌ ပူးတွဲတတိယဆုရရှိသော ရှမ်းပြည်နယ် မြောက်ပိုင်းအသင်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအသင်း၊ ဒုတိယ ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ပထမဆုရရှိသော မွန်ပြည်နယ်အသင်းတို့အားလည်းကောင်း၊ အမျိုးသား (၃ × ၃ )ဘတ်စကက်ဘောပြိုင်ပွဲ၌ ပူးတွဲတတိယဆုရရှိသော ကရင်ပြည်နယ် အသင်းနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့အသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် ပထမဆုရရှိသော မွန်ပြည်နယ်အသင်း တို့အားလည်းကောင်း၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများအား မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် အမှုဆောင်များနှင့် အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး အမျိုးသမီးတံခွန်စိုက်ပထမဆုရရှိသော မွန်ပြည်နယ်အသင်းနှင့် အမျိုးသားတံခွန်စိုက် ပထမဆုရရှိသော မွန်ပြည်နယ်အသင်းတို့အား မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## မကွေးအသင်းဂိုးပြတ်သွင်းပြီး Charity Cup ပြိုင်ပွဲတွင်ဗိုလ်စွဲ




**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၁၇ ရာသီ MNL Charity Cup ပြိုင်ပွဲအဖြစ် MNL အမှတ်ပေးချန်ပီယံ ရတနာပုံအသင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ချန်ပီယံ မကွေးအသင်းသည် ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ မကွေးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ Charity Cup ပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိသည့် မကွေးအသင်းသည် ဒုတိယပိုင်း သွင်းဂိုးများဖြင့် အနိုင်ရကာ ပထမဆုံးအကြိမ် ဗိုလ်စွဲခဲ့သည်။ ရတနာပုံအသင်းသည် ဒုတိယအကြိမ် ယှဉ်ပြိုင်ခွင့်ရသည့် အကြိမ်တွင်လည်း ကံမကောင်းခဲ့ဘဲ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။ ရတနာပုံအသင်းသည် ရာသီမတိုင်မီ ကစားသည့် တိုယိုတာမဲခေါင်ပြိုင်ပွဲနှင့် ယခု Charity Cup ပြိုင်ပွဲတို့တွင် နိုင်ပွဲမရရှိခဲ့ဘဲ ရလဒ်များ ဆိုးရွားခဲ့ရာ ရာသီသစ်အတွက် စိုးရိမ်စရာဖြစ်ခဲ့သည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမားသုံးဦးစီ အပါအဝင်လူစုံပါဝင်ခဲ့ပြီး ရတနာပုံအသင်းတွင် ရန်ပိုင်၊ အောင်သူ၊ သိန်းသန်းဝင်း၊ မျိုးကိုထွန်း၊ မကွေးအသင်းတွင် နန္ဒကျော်၊ ကျော်ဇင်ဖြိုး၊ ထူးထူးအောင်တို့ပါဝင်ခဲ့သည်။ လူစုံပါဝင်ခဲ့သော်လည်း နှစ်သင်းစလုံး ပထမပိုင်းတွင် ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေပြီး အပြန်အလှန် ကစားနိုင်ခြင်းမရှိခဲ့ပေ။ ထပ်မံခေါ်ယူစမ်းသပ်နေသည့် ရတနာပုံ တိုက်စစ်မှူး မာရှယ်မှာလည်း အသင်းနှင့် အံမဝင်သေးသောကြောင့် အောင်သူ တစ်ယောက်တည်း ရုန်းကန်ခဲ့ရသည်။ ဒုတိယပိုင်းအစ တစ်မိနစ်တွင် မကွေးအသင်းဂိုးစရခဲ့ပြီး တိုက်စစ်မှူး ဆယ်လာကသွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မကွေးကစားပုံပိုကောင်းလာသလို ရတနာပုံအသင်းမှာ လူအပြောင်းအလဲလုပ်ခဲ့သော်လည်း ကစားအားတက်မလာခဲ့ပေ။ ၆၈ မိနစ်တွင် မကွေးအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဆယ်လာက ရတနာပုံ နောက်တန်းအားနည်းချက်ကို အခွင့်ကောင်းယူကာ ခေါင်းတိုက်သွင်းယူခဲ့သည်။ ရတနာပုံအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ မကွေးအတွက် တတိယဂိုးကို မိနစ် ၉၀ တွင် မောင်မောင်စိုးက သွင်းယူခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကွင်းဝင်ကြေးနှင့် MNL ကလပ်အသင်းများမှ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၉၀ ကို တွံတေးမြို့နယ်ရှိ မင်္ဂလာပရဟိတကျောင်း၊ စွန့်ပစ်ခံဘိုးဘွားများ စောင့်ရှောက်မှု မန္တလေး ထူးမတောင်ကျောင်းနှင့် မိဘမဲ့ကလေးများစောင့်ရှောက်မှု မန္တလေး စက်မှုကျောင်းအတွက် ငွေကျပ်သိန်း ၃၀ စီ လှူဒါန်းသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အနိုင်ရသည့် မကွေးအသင်းအားချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်သည်။ ပွဲမစမီ မွန်းလွဲ ၂ နာရီမှစ၍ Rဇာနည်၊ လင်းလင်း၊ ဂျီလတ်၊ နန်းခင်ဇေယျာစသည့်အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်2G/7533၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်9H/9471၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်5H/7671၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဖယ/၇၉၁၂၀ Nulang 110 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံဖြိုး ၁၄/ပသန(နိုင်)၂၁၉၈၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဩဘာလမ်းအပေါ်ပိုင်း၊ ဗညားဒလလမ်းမကြီးအနီး၊ (၁၅ပေ×ပေ၆၀)ပထမထပ်၊ အိပ်ခန်းနှစ်ခန်း၊ ပါကေးခင်း၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်၊ ကိုယ်ပိုင်ရေမီးစုံ၊

**ကျပ်သိန်း ၇၀၀ (ညှိနှိုင်း)**

**ဖုန်း-၀၉-၄၂၂၄၅၉၅၇၉၊ ၀၉-၅၂၀၃၃၅၉**

### ဝန်ထမ်းကျား (၁) ဦး အလိုရှိသည်

Grand Fortuna Co., Ltd သည် Logistics & Supply Company ဖြစ်ပါသည်။ Company တွင် တာဝန်ထမ်းဆောင်ရန် ရိုးသားကြိုးစားသော အောက်ပါဝန်ထမ်းကို အလိုရှိပါသည်။

Operation Assistant ကျား (၁) ဦး
- တက္ကသိုလ်မှ ဘွဲ့ရပြီးသူဖြစ်ရမည်။
- ကွန်ပျူတာ (MS Work နှင့် Excel) ကောင်းမွန်စွာအသုံးပြုနိုင်ရမည်။
- English Language အခြေခံ ပြောနိုင်/ရေးနိုင်ရမည်။
- အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်းဖြစ်ရမည်။
- (လျှောက်လွှာတင်ရန် နောက်ဆုံးရက် 25-Jan-2017 ရက် ညနေ (၄း၀၀)

ဆက်သွယ်ရန်လိပ်စာ - Grand Fortuna Co., Ltd
အမှတ် ၆၀၊ ပတ္တမြားလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph:09-974056681~82, 09-799676254~55
E-mail: info.grandfortuna@gmail.com;info@grandfortuna.net

THREE STAR
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက်
ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း
1HP 255000-Ks
1.5HP 310000-Ks
(Copper Pipe-10', Wire, Frame, Transportation)
"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/6763 Toyota Probox NCP 50 S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်သွင် ၁၂/ဒလန(နိုင်)၀၄၃၅၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/1738 Honda Civic 5D3 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လဲ့ဝါဆွေ ၆/ပလန(နိုင်)၀၆၈၂၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်ကြီးအမှတ် (၄၈)၊ မြေကွက်အမှတ် ၁၁၅၊ ဧရိယာ ၀ ဒသမ ၁၂၄ဧကရှိ အမည်ပေါက် ဒေါ်ညွန့်ရင်(ဘ)ဦးအေး (အေအီး-၁၁၅၁၁၁)၏ (၃၀-၈-၁၉၉၅)ရက်စွဲပါနှစ် (၃၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား (၁-၁၂-၂၀၀၀)ရက်စွဲပါ စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၁၆)နှစ်တိုင်တိုင် အိမ်ထောင်စုစာရင်းဖြင့် ပိုင်ဆိုင်နေထိုင်ခဲ့သူ ဦးလာဆာ(ဘ)ဦးလာဆာ ၁/မမတ(နိုင်)၀၁၅၄၄၆က ၎င်းသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အဆိုပါမြေကွက်ကို ၎င်းထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**မောင်မောင်သန်း**
**တရားလွှတ်တော်ရှေ့နေ (၈၀၈၂)**
**တိုက် (၉/၁၁)၊ အခန်း ၃၀၁၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၁၁၂၁၁၈၊ ၀၉-၇၃၁၅၁၂၈၅**

### ကြော်ငြာစာ
### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇)
### တောင်ကြီးခရိုင်တရားရုံးတော်
### ၂၀၁၆ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၃
### ကွယ်လွန်သူဖခင် ဦးအောင်ဆန်း၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

**ဦးအဂ္ဂ** **လျှောက်ထားသူ**

တောင်ကြီးမြို့၊ မြို့မရပ်၊ အနောက်မြို့ပတ်လမ်း၊ အမှတ် ၂၆၁တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဖခင်ဦးအောင်ဆန်း၏ကျန်ရစ်ခဲ့သော အမွေပစ္စည်းများအပေါ် အမွေထိန်းလက်မှတ်ရရှိထားသော သားကြီးဖြစ်သူ ဦးအဂ္ဂက

၁။ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ နယ်မြေ(၃)၊ အမှတ် ၂၆၁ရှိ မြေ၊ အဆောက်အအုံနှင့် ဆိုင်ခန်းတွဲများ။
၂။ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၇)၊ မုံတဝလမ်း၊ အမှတ် (၀တ/ ၁၅၇)ရှိ အိမ်မြေ။
၃။ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ သီရိမင်္ဂလာတိုက်အမှတ် (၁၁၀)ရှိ မြေညီထပ်တိုက်ခန်း။
၄။ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ရတနာရပ်ကွက်၊ (တာယော)ရှိ အကွက်အမှတ် (၁/၁၉၀)ရှိခြံ။
၅။ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ သီရိမင်္ဂလာတိုက်အမှတ် (၅၀၅)လေးလွှာတိုက်ခန်း။

စသည့်အမွေပစ္စည်းများနှင့် ပတ်သက်၍ စီမံခန့်ခွဲနိုင်ရန်အတွက် လျှောက်ထားလာသည်ဖြစ်၍ လျှောက်ထားမှုကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီ(၂၅)ရက် (၁၃၇၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ရက်)၌ ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် အထက်ဖော်ပြပါပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟုအဆိုရှိသူတို့သည် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီ(၂၅)ရက် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက် နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးအားလည်းကောင်း၊ လာရောက်၍ ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ ဦးအဂ္ဂ၏လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ်၊ ဇန်နဝါရီ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စိုးဟန်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

# မြန်မာ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အနာဂတ်

## မောင်ပါဝါ

*ယမန်နေ့မှအဆက်*

၂။ **လေစွမ်းအင်** (Wind Power)

ဒုတိယအနေဖြင့် လေစွမ်းအင်အကြောင်းကို ဖော်ပြဆွေးနွေးလိုပါသည်။ လေစွမ်းအင်ထုတ်ယူသုံးစွဲမှုကို မည်သည့်အချိန်တွင် စတင်ခဲ့သည်ဟု တိကျစွာ ပြောဆိုရန် ခက်ခဲသော်လည်း ၁၉ ရာစုနှစ် ပတ်ဝန်းကျင်တွင် အင်ဂျင်နီယာများသည် လျှပ်စစ်ကို တိုက်ခတ်လေအား အသုံးချ၍ ထုတ်ယူသုံးစွဲလာခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ၁၈၈၈ ခုနှစ်တွင် အမေရိကန်လူမျိုး Ohio မြို့ရှိ Charles Brush ဆိုသူက အချင်း ၁၇ မီတာရှိ လေရဟတ်တာဘိုင်ကို တီထွင်ဘက်ထရီအားသွင်းခဲ့ပြီး ၁၅ နှစ်တိုင်လျှပ်စစ်မီးလင်းစေခဲ့ပါသည်။ ၎င်းနောက်တွင် စွမ်းအားတူလည်ပတ်ပေးနိုင်သည့် ၂ မီတာအချင်း တာဘိုင်ကို တီထွင်စမ်းသပ်ခဲ့ပြီးနောက် လေစွမ်းအင်နည်းပညာကို တစ်ခေတ်ပြောင်းလဲစေခဲ့ပါသည်။ ယင်းနောက်တွင် နှစ်ပေါင်း ၇၀ ခန့် အဆင့်ဆင့် နည်းပညာစမ်းသပ်ပြောင်းလဲမှုများဖြင့် အမေရိကန်နှင့် ဒိန်းမတ် (Denmark) နိုင်ငံများတွင် သုံးစွဲလာခဲ့ကြပါသည်။ ၁၉၅၇ ခုနှစ်တွင် Gedser ဒေသ Danish ကမ်းရိုးတန်း (Denmark) တွင် Johannes Juul က စက်တပ်ဆင်အင်အား ၂၀၀ ကီလိုဝပ်ရှိ လျှပ်စစ်ထုတ်လုပ်နိုင်မှုဖြင့် လေစွမ်းအင် ခေတ်သမိုင်းကို ဖောက်ထွင်းမှတ်တမ်းဝင်ခဲ့ပါသည်။

လေစွမ်းအင် သည် ယနေ့ ကမ္ဘာ့စွမ်းအင်ထုတ်ယူသုံးစွဲမှုတွင် အလျင်အမြန် ထင်ရှားကျော်ကြား လာပြီး လူအများကထောက်ခံလိုလားသော စွမ်းအင်ဖြစ်ပါသည်။ လေစွမ်းအင်မှ လျှပ်စစ်ထုတ်ယူမည့်စနစ်များ (Wind Power Technologies) ကို ယနေ့ နိုင်ငံအတော်များများတွင် တပ်ဆင်အသုံးပြုလျက် ရှိကြသည့်အနက် ဥရောပ အနောက်ပိုင်းနိုင်ငံများ၊ အမေရိကန်၊ အိန္ဒိယနှင့် တရုတ်တို့သည် အထင်ကရနိုင်ငံများ ဖြစ်လာကြပါသည်။ နည်းစနစ်ပိုင်းတွင် အရွယ်အစားနှင့် ဒီဇိုင်းပုံစံကွာခြားမှု ရှိကြသော်လည်း အခြေခံတည်ဆောက်မှုစနစ်ပညာရပ်များမှာ တူညီကြကြောင်း တွေ့ရှိရပါသည်။

လေရဟတ်၏ ဒလက်များ (Blades) လေတိုက်ခတ်လျှင် လည်ပတ်ပြီး အတွင်းပိုင်း နည်းပညာရပ်အရ တပ်ဆင်ထားသော ဂျင်နရေတာ (Generator) အား မောင်းနှင်လည်ပတ်စေလျက် လျှပ်စစ်ဓာတ်အားစီးဆင်းမှုကို ဖန်တီးထွက်ပေါ်စေပါသည်။ တာဘိုင်ဒလက်များ (Turbine Blades) အရွယ်အစားပေါ်မူတည်၍ အရွယ်အစားကြီးမားပြီး လေတိုက်ခတ်မှုနှုန်း မြင့်မားလာသည့်အလျောက် လျှပ်စစ်ပိုမိုထုတ်ပေးနိုင်ကြောင်း တွေ့ရှိရပါသည်။ လေစွမ်းအင်စနစ်တွင် ပါဝင်တပ်ဆင်ထားသည့်အစိတ်အပိုင်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှပေသည်။ အဓိကအစိတ်အပိုင်းများမှာ ပုံ (၂) တွင်ပြထားသည့် အတိုင်း ရိုတာ (Rotar)၊ အတွင်းပိုင်း လှုပ်ရှားတပ်ဆင်ပစ္စည်းများ နာဆဲလေ (Nacelle) နှင့် နာဆဲလေ အထိုင်အတွက် တာဝါတိုင် စသည်တို့ဖြစ်ပါသည်။

ပုံ (၂)

**လေအားတာဘိုင်နှင့် လည်ပတ်မှု ဆက်စပ်ပစ္စည်းများ**




လေရဟတ်တာဘိုင်အမျိုးအစားများကို တာဘိုင်ဒလက် (Blades) အချင်း ၁ မီတာမှ စက်မှုလုပ်ငန်းသုံးအတွက် လေတိုက်နှုန်းမြင့်မားသော ဒေသများတွင် အချင်း ၁၆၄ မီတာအထိ တပ်ဆင်ထုတ်လုပ် သုံးစွဲကြပါသည်။ ဤမျှ ကြီးမားသော လေစွမ်းအင်စနစ်ဖြင့် နှစ်စဉ်ပျမ်းမျှ ၃၅ သန်းကီလိုဝပ်နာရီ လျှပ်စစ်ထုတ်လုပ်နိုင်စွမ်းရှိ၍ ဗြိတိန်နိုင်ငံ (UK) ရှိ အိမ်ထောင်စုပေါင်း ၇၆၀၀ ခန့်ကို လျှပ်စစ်လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ကြောင်း လေ့လာသိရှိရပါသည်။ လေရဟတ်တာဝါတိုင် အထိုင်ချတည်ဆောက်မှုနေရာမှန်ကန်ပါက ၇၀ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအထိ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ကို ထုတ်လုပ်ပေးနိုင်သဖြင့် ရုပ်ကြွင်းလောင်စာနှင့် နျူကလီးယားတို့ထုတ်လုပ်နိုင်စွမ်း ၅၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထက် ပိုမိုကြောင်းတွေ့ရှိရပါသည်။

ဤနည်းပညာနှင့် ဆက်စပ်ပြီး ရှေးနှစ်ပေါင်းများစွာကတည်းက လေရဟတ်သုံးရေစုပ်စက်များ (Wind powered Pumps) ဖြင့် မြေအောက်ရေကို အိမ်တွင်းသုံးနှင့် စိုက်ပျိုးရေးသုံးတို့အတွက် တီထွင်လုပ်ကိုင်လာခဲ့ကြပါသည်။ ယနေ့ အချိန်တွင် တောင်အာဖရိကနှင့် နမီးဘီးယား (Namibia) နိုင်ငံများတွင် အသုံးပြုလျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်ကုန်အထိ ကမ္ဘာ့ဒေသအနှံ့တွင် စုစုပေါင်း လေစွမ်းအင်မှ စက်တပ်ဆင်အင်အား ၃၁၈၀၀၀ မဂ္ဂါဝပ်ရှိကြောင်းနှင့် ယင်းမှာ တာဘိုင် ၂၅၀၀၀၀ တပ်ဆင်ထားသည်နှင့် ညီမျှပါသည်။ ၂၀၁၄ ခုနှစ်တွင် နောက်ထပ် ၄၇၀၀၀ မဂ္ဂါဝပ် တပ်ဆင်တည်ဆောက်ရန် လျာထားကြောင်း သိရှိ ရပါသည်။ Alta Wind Energy Center (California, USA) တွင် စက်တပ်ဆင်အင်အား တစ်ခုစီတွင် 1500 kW မှ 3000 kW ရှိ တာဘိုင်စက်ပေါင်း ၄၉၀ ရှိပြီး စုစုပေါင်း စက်တပ်ဆင်အင်အားမှာ ၁၃၀၀ MW အထိရှိ၍ ကမ္ဘာပေါ်တွင် လေစွမ်းအင်ထုတ်လုပ်မှု အကြီးမားဆုံးဒေသ (Largest Wind Farm) ဖြစ်ပါသည်။

သို့ရာတွင် တရုတ်နိုင်ငံ Gansu Province အနောက်ပိုင်းတွင် တာဘိုင် ၁၄၀၀၀ စုစုပေါင်း တပ်ဆင်စက်အင်အား 20000 MW အနက် ယခုအခါ 6000 MW တပ်ဆင်ပြီးစီးနေပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား ၃၉၀၀၀၀၀ MWh ထုတ်ပေးနိုင်စွမ်းရှိကြောင်းလည်း လေ့လာသိရှိရပါသည်။ ထို့အပြင် UK နိုင်ငံသည် ကမ္ဘာ့ပင်လယ်ကမ်းလွန် လေစွမ်းအင်တာဘိုင် ၁၇၅ ခု တပ်ဆင်စက် အင်အား ၆၀၀ MW ရှိကြောင်း ဖော်ပြထားပါသည်။ ၂၀၁၃ ခုနှစ်တွင် ဒိန်းမတ် (Denmark) နိုင်ငံ၏ ကမ္ဘာ့လေစွမ်းအင်ထုတ်လုပ်သုံးစွဲမှုသည် တစ်နိုင်ငံလုံး၏ ၃၂ ရာခိုင်နှုန်းရှိပြီး ၂၀၁၄ ခုနှစ်တွင် ၃၉ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပါသည်။ ယင်း နှစ်များတွင် ပေါ်တူဂီသည် ၂၁ ရာခိုင်နှုန်း၊ စပိန်သည် ၂၀ ရာခိုင်နှုန်း၊ အိုက်စလန်သည် ၁၆ ရာခိုင်နှုန်း ပိုလန်သည် ၉ ရာခိုင်နှုန်းနှင့် ဂျာမနီသည် ၈ ရာခိုင်နှုန်းတို့ဖြင့် အသီးသီးရပ်တည်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၀၄ မှ ၂၀၁၃ခုနှစ် အထိ ကမ္ဘာ့နိုင်ငံအသီးသီး၏ နှစ်စဉ်လေစွမ်းအင် တိုးချဲ့တပ်ဆင်အသုံးပြုလာမှုအခြေအနေကို ပုံ (၃) ဖြင့် တင်ပြပါသည်။

ပုံ (၃)

**ကမ္ဘာ့နိုင်ငံအသီးသီး၏ နှစ်စဉ်လေစွမ်းအင် တိုးချဲ့အသုံးပြုမှု**




Source: World Wind Energy Association

လေစွမ်းအင်ထုတ်ယူသုံးစွဲရာတွင် သဘာဝပတ်ဝန်းကျင်အပေါ် ရိုက်ခတ်မှုများ ရှိနေသည်ကိုလည်း တွေ့ရှိကြရပါသည်။ လေစွမ်းအင်ထုတ်ယူနိုင်ရန် လိုအပ်လေတိုက်ခတ်မှုနှုန်း ရရှိသည့် ကုန်းတွင်းပိုင်းဒေသများ (Wind Farms) တွင် သဘာဝအလှမြင်ကွင်းကို အနှောင့်အယှက်ဖြစ်စေခြင်း၊ လယ်ယာမြေတချို့ ဆုံးရှုံးခြင်း၊ လေမုန်တိုင်းပြင်းထန်စွာ တိုက်ခတ်ချိန်တွင် ခံနိုင်ရည်ရှိမှုအတွက် ဒီဇိုင်းစနစ်မြင့်မားရန်လိုအပ်ခြင်း၊ တာဘိုင်ဒလက်လည်ပတ်မှုကို ချက်ချင်းရပ်တန့်ထိန်းသိမ်းရန်ခက်ခဲခြင်း စသည်တို့ဖြစ်ပါသည်။

လေစွမ်းအင်သည် ယင်း၏ လည်ပတ်နေသော တာဘိုင်ဒလက်များအကြား ဖြတ်ကျော်ပျံသန်းသောငှက်များ သေကျေမှုများကြုံတွေ့ရပြီး အခြားသတ္တဝါများ ဘေးအန္တရာယ်မရှိစေနိုင်သည့် နေရာများကိုပါ ထည့်သွင်းစဉ်းစားရွေးချယ်ရန် လိုအပ်ပါသည်။

၃။ **ဘူမိအပူစွမ်းအင်** (Geothermal Power)

တတိယအနေဖြင့် ဘူမိအပူစွမ်းအင်ထုတ်ယူသုံးစွဲရေးနှင့် ဆက်စပ်ပြီးဆွေးနွေးတင်ပြလိုပါသည်။ ကမ္ဘာ့မြေထု၏ အပေါ်ယံလေးလွှာနှင့် ယင်းမှ အောက်ဘက် အနက်ပိုင်းအထိ ပိုင်းခြားတွေ့ရှိနိုင်ပြီး အပါးဆုံးအလွှာသည် ငါးမိုင်ခန့်၊ အထူဆုံးအလွှာသည် ၂၅ မိုင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။ ယင်းအလွှာများ၏အောက် မိုင်ပေါင်းများစွာထူထဲသော အတွင်းပိုင်းအကျဆုံး ဗဟိုချက်မရှိရာ အပူဓာတ်များသည် အပေါ်သို့တက်ရောက်ပြီး ကြားအလွှာ ကျောက်သားများအပေါ် အပူသက်ရောက်မှုကြောင့် ဖြစ်စဉ်များပေါ်ပေါက်ခဲ့သည့်နောက် ကမ္ဘာ့ဒေသတချို့တွင် သဘာဝရေပူစမ်းများ၊ ရေနွေးငွေ့များ ပန်းထွက်ခြင်းစသည်တို့ကို တွေ့ရှိကြရသည်။

၂၀ ရာစုနှစ် ဝန်းကျင်တွင် အပူပေးစနစ်ဖွံ့ဖြိုးမှုအတွက် အမေရိကန်နိုင်ငံ (USA) နှင့် အိုက်စလန်နိုင်ငံ (Iceland) တို့ လုပ်ကိုင်နေချိန်တွင် အီတလီနိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ရပ်ဖြစ်သည့် ကမ္ဘာ့ပထမဆုံး ဘူမိအပူစွမ်းအင်ဓာတ်အားပေးစက်ရုံကို ထူထောင်နိုင်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ် ဝန်းကျင်တွင် ရုပ်ကြွင်းလောင်စာဆီ (Fossil Fuel) အတွက် ကမ္ဘာ့ဒေသအနှံ့ အကျပ်အတည်းဆိုက်ရောက်ချိန်နှင့် ၁၉၉၀ ပြည့်နှစ် ဝန်းကျင်တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု (Global Climate Change) တို့အပေါ် အခြေခံလျက် ဘူမိအပူစွမ်းအင်နှင့် အပူပေးရေစုပ်စက်များ နည်းပညာဖွံ့ဖြိုးမှုတို့ကို ပိုမိုလုပ်ဆောင်လာခဲ့ပါသည်။

၁၉၄၀ ပြည့်နှစ်တွင် အိုက်စလန် (Iceland) နိုင်ငံ၏ ပထမဆုံး ဘူမိအပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ (Geothermal Power Station) ကို အောင်မြင်စွာ ထူထောင်ခဲ့ပြီး ပထမဆုံး စီးပွားဖြစ် ဘူမိအပူစွမ်းအင်ကို ၁၉၆၉ ခုနှစ်တွင် စတင်လည်ပတ်ခဲ့ပါသည်။ ယနေ့ အိုက်စလန်နိုင်ငံသည် ဘူမိအပူစွမ်းအင်မှ လျှပ်စစ် ၂၆ ရာခိုင်နှုန်းကို ထုတ်ယူသုံးစွဲလျက်ရှိပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ဘူမိအပူစွမ်းအင်ကို ၂၀ ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ ထုတ်ယူသုံးစွဲသည့်နိုင်ငံဖြစ်ပြီး တူရကီ၊ ဂျပန်နှင့် ဟန်ဂေရီနိုင်ငံများအပါအဝင် ယနေ့နိုင်ငံပေါင်း ၂၅ နိုင်ငံတွင် ထုတ်ယူသုံးစွဲလျက်ရှိကြောင်း လေ့လာသိရှိရသည်။ ကမ္ဘာ့ဘူမိအပူစွမ်းအင်ထုတ်လုပ်မှုထိပ်ပိုင်း ရှစ်နိုင်ငံကို ပုံ (၄) ဖြင့် ဖော်ပြအပ်ပါသည်။

ပုံ (၄)

**ဘူမိအပူစွမ်းအင် ထုတ်လုပ်စက်ရုံ ထိပ်ပိုင်း (၈) နိုင်ငံ**




ဘူမိအပူစွမ်းအင်သည် နေရာဒေသတိုင်းတွင် ထုတ်ယူရရှိသုံးစွဲနိုင်ခြင်း မရှိပါ။ ဘူမိအပူစွမ်းအင် ထုတ်ယူနိုင်ရန် ရေနှင့်မြေနေရာ လိုအပ်ချက်များပြားပြီး ထုတ်လုပ်မှု တစ်ယူနစ်အတွက် ကုန်ကျစရိတ်သည် ရုပ်ကြွင်းလောင်စာထက်များစွာပိုမိုကြောင်း လေ့လာတွေ့ရှိရသည်။ ဘူမိအပူစွမ်းအင်ထုတ်ယူရာ တွင် မြေအောက်ရေသက်ရောက်မှုကြောင့် သက်ရှိသတ္တဝါများကို အန္တရာယ် ဖြစ်စေမည့် မြေအောက်သတ္တုပစ္စည်းမျိုးစုံ၏ ဆိုးကျိုးများရှိနေကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် ဟိုက်ဒရိုဂျင်ဆာလဖိုဒ်ကဲ့သို့ ဓာတ်ငွေ့များမြေပြင်ပေါ် ရောက်ရှိလာနိုင်သည့် အန္တရာယ်များကို ကြိုတင်ပြင်ဆင်ကာကွယ်သည့် အစီအမံများဖြင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

ဘူမိအပူစွမ်းအင်အသုံးပြုမှုကြောင့် ရရှိနိုင်သော အကျိုးတရားများမှာ ၂၄ နာရီ စဉ်ဆက်မပြတ် နှစ်ပေါင်းများစွာ အသုံးပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိခြင်းနှင့် ဆူညံနှောင့်ယှက်မှု မရှိခြင်း၊ လယ်မြေများ ရေလွှမ်းမိုးမှုမရှိခြင်း၊ ကာဗွန်ထုတ်လွှတ်မှု လွန်စွာနည်းပါးခြင်း၊ ဓာတ်အားထုတ်လုပ်မှု တည်ငြိမ်၍ အခြေခံဝန်အား (Base Load) အဖြစ် အသုံးပြုနိုင်ခြင်း၊ အနာဂတ်တွင် ကုန်ခမ်းသွားနိုင်သောစွမ်းအင် အရင်းအမြစ်များအပေါ် မှီခိုအားထားရမှု လျှော့ချနိုင်ခြင်း၊ ဓာတ်အားစနစ် ပြင်ပဒေသများ (Off-grids) ကို လျှပ်စစ်ဖြန့်ဖြူးပေးနိုင်ခြင်းစသည်တို့ဖြစ်ပါသည်။

၎င်းအပြင် ဘူမိစွမ်းအင် ထုတ်ယူသုံးစွဲနိုင်ရန် အားနည်းချက်နှင့် ဆိုးကျိုးများမှာ စီးပွားဖြစ်အသုံးပြုနိုင်သည့် အရွယ်အစား ရှာဖွေရရှိရန် ခက်ခဲခြင်း၊ စိန်လွန်တွင်း ၂၀ မှ ၅၀ ခန့် အထိ စမ်းသပ်တူးဖော် စူးစမ်းလေ့လာပြီးနောက် တွင်သာ လျှပ်စစ်ထုတ်ယူနိုင်မည့် လိုအပ်ရေနွေးငွေ့ အပူပမာဏရရှိနိုင်သဖြင့် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် လွန်စွာမြင့်မားခြင်း၊ စိန်လွန်တွင်း တစ်တွင်းလျှင် USD ၂.၈ - ၇.၀ Million အထိ ခန့်မှန်းကုန်ကျခြင်း၊ စိန်လွန်တွင်း တူးဖော်ရာတွင် ဘေးအန္တရာယ်ဖြစ်စေသော ဓာတ်ငွေ့များ ထွက်ရှိနိုင်၍ လေထုညစ်ညမ်းမှု အနံ့အသက်ဆိုးဖြစ်ပေါ်မှု၊ ကမ္ဘာကြီးပူနွေးမှု ဖြစ်ပေါ်နိုင်ခြင်း၊ အရွယ်အစားကြီးမားသော ဘူမိအပူစွမ်းအင် ထုတ်ယူရရှိရန် နေရာအနှံ့တွင် တူးဖော်တွင်းများမှ ထွက်ရှိမည့် ရေပိုက်လိုင်းများ ဆက်သွယ်တည်ဆောက်နိုင်ရန် မြေနေရာကျယ်ပြန့်စွာလိုအပ်ခြင်း၊ ကျောက်မီးသွေးသုံး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်ယူမှုစနစ်များကဲ့သို့ မိုင်ပေါင်းများစွာ တပ်ဆင်သယ်ပို့နိုင်မှု မရှိခြင်း၊ ဘူမိအပူစွမ်းအင်သုံးစက်ရုံနှင့် ဆက်စပ်လုပ်ငန်းများအတွက် ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများရရှိရန် ခက်ခဲခြင်းစသည်တို့ဖြစ်ပါသည်။

### မြန်မာနိုင်ငံနှင့် ဘူမိအပူစွမ်းအင်ဆက်စပ်မှု

မြန်မာနိုင်ငံနှင့် ဘူမိအပူစွမ်းအင် ဆက်စပ်မှုအခြေအနေကို ဆွေးနွေးတင်ပြလိုပါသည်။ မြန်မာနိုင်ငံ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနမှ ၁၉၇၃ ခုနှစ်အတွင်း မီးတောင်ကြောဒေသ ငါးခုတစ်လျှောက်တွင် စုစုပေါင်း ၉၃ နေရာကို စူးစမ်းလေ့လာရှာဖွေခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတို့တွင် စုစုပေါင်း ၉၆ နေရာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ရာတွင် လက်တွေ့ဆောင်ရွက်ရန်နှင့် စီးပွားဖြစ်ထုတ်ယူသုံးစွဲရန် အခွင့်အလမ်း နည်းပါးပြီး ဒေသန္တရအပန်းဖြေခရီးသွားများအတွက်သာ ဆွဲဆောင်အသုံးချနိုင်သေးသည့်အဆင့်ဟု သိရှိရသည်။ ဘူမိအပူစွမ်းအင် ၁ မဂ္ဂါဝပ်ထုတ်ယူရရှိနိုင်ရန် ခန့်မှန်းကုန်ကျငွေမှာ အမေရိကန်ဒေါ်လာသုံးသန်းမှ ငါးသန်းခန့်ဖြစ်၍ ကုန်ကျစရိတ်ကြီးမားကြောင်း တွေ့ရှိရသည်

သို့ဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲ တတိယနိုင်ငံအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကိစ္စအရပ်ရပ်ကို အဘက်ဘက်မှ ရှန်းကန်လုပ်ဆောင်နေလျက် ရှိချိန်တွင် ဘူမိအပူစွမ်းအင် (Geothermal Power) ထုတ်ယူသုံးစွဲရန်မှာ ငွေကြေးကုန်ကျစရိတ်များပြားခြင်း၊ နည်းပညာအကျွမ်းတဝင်ရှိမှု နည်းပါးခြင်း၊ အခြားသဘာဝပတ်ဝန်းကျင်အပေါ် ရိုက်ခတ်မှုများ ရှိခြင်း၊ ထွက်ရှိလျှပ်စစ်ပမာဏမှာ စီးပွားဖြစ် မျှော်မှန်းရန် မဖြစ်နိုင်ခြင်း စသည်တို့ကြောင့် မိတ်ဆက်လုပ်ကိုင်ရန် သက်သက်ဖြင့် စဉ်းစားခြင်းမပြုသင့်သေးဟု သုံးသပ်လိုပါသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

# ခိုင်မာသည့်ဥပဒေရှိပါက တောင်သူများနှင့်အကျိုးတူလယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် ပူးပေါင်းလုပ်ကိုင်ရန်ပြည်ပနိုင်ငံများမှဆန္ဒရှိနေ

ဖြိုးလွင်အောင်(AMIA)
ဓာတ်ပုံ- မေမိုးသဲ

ခိုင်မာသည့်ဥပဒေရှိပါက မြန်မာ့လယ်ယာမြေများတွင် တောင်သူများနှင့် အကျိုးတူလယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် ပူးပေါင်းလုပ်ကိုင်ရန် ကမ်းလှမ်းထားသည့် နိုင်ငံများရှိနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

ကမ်းလှမ်းထားသည့် နိုင်ငံများအနေဖြင့် မြန်မာတောင်သူများနှင့် အကျိုးတူ လယ်ယာစိုက်ပျိုးရေးစနစ်ဖြင့်ပူးပေါင်းလုပ်ကိုင်ရာတွင် စနစ်တကျလုပ်ကိုင်နိုင်ရန်အတွက် တိကျသည့် ဥပဒေမူဘောင်များ ရေးဆွဲပေးရန် တောင်းဆိုထားကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)မှဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။



"အကျိုးတူ လယ်ယာကန်ထရိုက်စနစ်ဆိုတာက လယ်ယာပိုင်ဆိုင်မှုရှိတဲ့ တောင်သူတွေစိုက်ပျိုးချိန်မှာ လိုအပ်တာတွေကို အတိုးမဲ့ထောက်ပံ့ပေးပြီး ထွက်လာတဲ့ ကုန်စည်တွေကိုလည်း ထိုက်သင့်တဲ့ဈေးနှုန်းနဲ့ ပြန်ဝယ်မယ့်စနစ်ပါ။ အဲ့ဒီစနစ်နဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ကမ်းလှမ်းထားတဲ့နိုင်ငံလေး၊ ငါးနိုင်ငံ လောက်ရှိတယ်။ ဒါပေမယ့်သူတို့က ပြဿနာဖြစ်လာရင် ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့ဥပဒေတွေက မရှိတော့ လာမလုပ်ရဲဘူးဖြစ်နေတာ" ဟု ၎င်းကပြောသည်။

လက်ရှိတွင် အဆိုပါဥပဒေမူဘောင်ကိုရေးဆွဲနိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် အစိုးရတာဝန်ရှိသူများနှင့်မြန်မာနိုင်ငံ စိုက်ပျိုးရေးအသင်းအဖွဲ့တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လက်ရှိတောင်သူများနှင့် ပုဂ္ဂလိကစိုက်ပျိုးရေးကုမ္ပဏီများ နှစ်ဦးသဘောတူအကျိုးတူပူးပေါင်းလုပ်ကိုင်ရာတွင် ဥပဒေတိတိကျကျမရှိသည့်အတွက် တောင်သူဘက်မှစာချုပ်ပါကတိများကို ဖောက်ဖျက်ခြင်းများရှိသလို၊ ကုမ္ပဏီများဘက်မှလည်း တောင်သူများအပေါ်တွင် ခေါင်းပုံဖြတ်မှုများရှိနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်ဆန်းက ပြောသည်။

"အကျိုးတူ ကန်ထရိုက်စနစ် အောင်မြင်ဖို့ဆိုရင် တောင်သူဘက်က ရိုးသားဖို့လိုသလို ကုမ္ပဏီတွေဘက်ကလည်း ကတိတည်ဖို့လိုတယ်။ ကျွန်တော်ဟိုတလောက မှော်ဘီဘက်ရောက်တော့ ကန်ထရိုက်စနစ်နဲ့လုပ်ထားတဲ့ တောင်သူကစပါးကိုရိတ်ပြီး ကုမ္ပဏီကလာဝယ်မယ့်အချိန်ကို စောင့်နေတယ်။ ကုမ္ပဏီကသူ အာမခံပေးထားတဲ့ဈေးထက်စပါးဈေးကျနေတော့ လာမဝယ်ဘူး။ အဲ့ဒီတော့ ကန်ထရိုက်စနစ်ဆို တောင်သူတွေကလည်း လန့်နေပြီ" ဟု ၎င်းက ဆက်လက်ပြောပြသည်။

တောင်သူများနှင့် အကျိုးတူလယ်ယာ ကန်ထရိုက်စနစ် လုပ်ကိုင်ရန်အတွက် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်ဝမ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဘရူနိုင်းနိုင်ငံများမှ ကမ်းလှမ်းထားသည်။ အကျိုးတူလယ်ယာစိုက်ပျိုးရေးစနစ်ကို ပူးပေါင်းလုပ်ကိုင်ရာတွင် လယ်ယာပိုင်ဆိုင်မှုရှိသည့် တောင်သူများအတွက် လိုအပ်သည့် မျိုးစပါး၊ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအပါအဝင် စက်ကိရိယာနည်းပညာများကို အကျိုးတူလုပ်ကိုင်ရန် သဘောတူထားသည့်ကုမ္ပဏီများဘက်မှ ထောက်ပံ့ပေးရပြီး စပါးထွက်ပေါ်လာချိန်တွင် ကုမ္ပဏီများဘက်မှ တောင်သူများတွက်ခြေကိုက်နိုင်သည့်ဈေးနှုန်းကို ကြိုတင်သတ်မှတ်ထားပြီး ယင်းဈေးနှုန်းအတိုင်း တောင်သူများက ပြန်လည်ရောင်းချရသည့်စနစ်ဖြစ်ကြောင်း သိရသည်။

# ပြည်ပဆန်တင်ပို့မှု လျော့ကျသွားခြင်းကြောင့် ယခုလတွင် ပြည်တွင်းစပါးဈေးနှင့်ဆန်ဈေးများလျော့ကျလာ

ဖြိုးလွင်အောင်(AMIA)
ဓာတ်ပုံ- မေမိုးသဲ

ယခုလ အတွင်း စပါးသစ်များထွက်ပေါ်လာခြင်းနှင့်အတူ ပြည်ပဆန်တင်ပို့မှု လျော့ကျသွားခြင်းကြောင့် ပြည်တွင်းစပါးဈေးနှင့် ဆန်ဈေးများလျော့ကျလာကြောင်း မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းမှ သိရသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက ဆန်ကြမ်းအမျိုးအစား စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၅၆၀၀၀၀ ဝန်းကျင်ဈေးနှုန်းရှိခဲ့ရာမှ လက်ရှိတွင် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၅၂၀၀၀၀ ဝန်းကျင်ဈေးနှုန်းဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းမှ အတွင်းရေးမှူး ဦးအောင်မြင့်က ပြောသည်။

"ဒီလထဲမှာ ရောဝတီတိုင်းက စပါးသစ်တွေလည်း ပေါ်လာတယ်။ ပြီးတော့ မြန်မာပြည်ကိုဆိုက်ရမယ့် သင်္ဘောတွေက နောက်ကျနေတယ်။ သင်္ဘောတွေရောက်မှ ပြည်ပတင်လို့ရတာ။ သူတို့ဘာလို့နောက်ကျနေကြလဲတော့မသိဘူး။ ပြည်ပတင်ပို့မှု လျော့ကျသွားတော့ ပြည်တွင်းစပါးဈေးလည်းနှစ်သောင်း၊ သုံးသောင်းလောက်ကျသွားတယ်။ ဆန်လည်း တစ်တင်းကို တစ်ထောင်လောက်ကျသွားတယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်း၌ စပါးများစတင်ရိတ်သိမ်းသည့်အချိန်က စပါးတင်း ၁၀၀ လျှင် ငွေကျပ်သုံးသိန်းကျော်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် အစိုးရမှ ငွေစိုက်ထုတ်ကာ စပါးတင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ဝယ်ယူမည်ဟု ထုတ်ပြန်ပြီးနောက်ပိုင်း ပြည်တွင်းစပါးဈေးမှာ တဖြည်းဖြည်းမြင့်တက်လာသည့်အတွက် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးအပတ်က စပါးဝယ်ယူရေးလုပ်ငန်းများ ရပ်ဆိုင်းမည်ဖြစ်ကြောင်း အစိုးရမှကြေညာခဲ့သည်။



"ဒီနှစ်မှာ နယ်စပ်လမ်းကြောင်းကနေ တရုတ်ကိုဆန်တင်ပို့တာကလျော့ကျသွားတယ်။ ပင်လယ်ရေကြောင်းကနေပဲ အာဖရိကနိုင်ငံတွေကို ၂၅ မှတ်တန်ဆန်ကြမ်းတစ်တန်ကို ဒေါ်လာ ၃၂၀ ဝန်းကျင်လောက်နဲ့ တင်ပို့နေရတယ်" ဟု ၎င်းကဆက်လက် ပြောပြသည်။

လက်ရှိ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်ချိန် နှစ်သန်းခန့်တင်ပို့နိုင်ရန်ခန့်မှန်းထားသော်လည်း လက်ရှိအချိန်ထိ ပြည်ပသို့ဆန်တန်ချိန် ကိုးသိန်းဝန်းကျင်သာ တင်ပို့ထားနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၈ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်းခန့်တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

# ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

ဖြိုးလွင်အောင်(AMIA)
ဓာတ်ပုံ-မေမိုးသဲ

၂၀၁၇ခုနှစ်အစ ဇန်နဝါရီလပထမပတ်မှာ လယ်ယာထွက်ကုန်သီးနှံဈေးနှုန်းတွေက အတက်၊ အကျတွေနဲ့ လှုပ်ခတ်နေတာကို တွေ့ရပါတယ်။ ဒီအပတ်မှာ ထူးထူးခြားခြားနှမ်းရောင်စုံဈေးတွေကျဆင်းနေတာကို တွေ့ရပါတယ်။ အလားတူ ပြည်ပကို အဓိကတင်ပို့နေတဲ့ ပဲစင်းငုံနီ(RC) နဲ့ မတ်ပဲ (FAQ/RC) ဈေးနှုန်းတွေလည်း သိသိသာသာ ကျဆင်းနေတာကိုမြင်တွေ့ရပါတယ်။ ကြက်သွန်နီဈေးတွေကတော့ အနည်းငယ်မြင့်တက်လာပါတယ်။ ဒီတစ်ပတ်မှာ မြီးတုံးဆန်ကြမ်းဈေး အနည်းငယ်ကျဆင်းတာကလွဲပြီး အခြားဆန်ဈေးတွေကတော့ ပုံမှန်အတိုင်း အပြောင်းအလဲမရှိ တည်ငြိမ်နေပါတယ်။

**မတ်ပဲ (FAQ/RC) ဈေးသိသိသာသာကျဆင်း**

၂၀၁၇ခုနှစ်အစ ဇန်နဝါရီလပထမပတ်ရဲ့တနင်္လာနေ့က မတ်ပဲ(FAQ/RC) တစ်တန်ကို ငွေကျပ် ၁၁၉၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၁၁၁၁၀၀၀ အထိ ကျဆင်းသွားပါတယ်။ တစ်ပတ်အတွင်းတစ်တန်ကို ငွေကျပ် ၇၉၀၀၀ခန့် ကျဆင်းသွားတာပါ။ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းကတော့ မတ်ပဲ(FAQ/RC) တစ်တန်ကို ငွေကျပ် ၁၆၄၂၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။



**ပဲစင်းငုံနီ (RC) ဈေးနှုန်းများကျဆင်း**

အလားတူ ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစားတစ်ခုဖြစ်တဲ့ ပဲစင်းငုံနီ (RC)ကတော့ ဒီအပတ်ရဲ့တနင်္လာနေ့က တစ်တန်ကို ငွေကျပ် ၈၄၉၀၀၀ ခန့်နဲ့ အရောင်းအဝယ်ဖြစ်နေရာကနေ သောကြာနေ့မှာတော့ တစ်တန်ကိုငွေကျပ် ၇၉၈၀၀၀ အထိ ကျဆင်းသွားတာကို တွေ့မြင်ရပါတယ်။ တစ်ပတ်အတွင်းမှာ တစ်တန်ကို ငွေကျပ် ၅၁၀၀၀ ကျဆင်းသွားတာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဇူလိုင်လမှာတော့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ် ၁၅၀၀၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**ပဲတီစိမ်း ဈေးတည်ငြိမ်**

ပဲတီစိမ်းကတော့ ယခုတစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲကြီးကြီးမားမားမရှိဘဲ ပိဿာချိန် ၆၀ ကို ငွေကျပ် ၉၈၀၀၀ နဲ့ ၁၀၅၀၀၀ ကြားတွင် အရောင်းအဝယ် ဖြစ်နေပါတယ်။

**နှမ်းရောင်စုံဈေးနှုန်းများ ကျဆင်း**

နှမ်းရောင်စုံဈေးတွေကတော့ ဒီအပတ်မှာ ထူးထူးခြားခြား ကျဆင်းနေတာကို တွေ့ရပါတယ်။ တနင်္လာနေ့ ဈေးအဖွင့်မှာ နှမ်းနက်(စမုံ)တစ်အိတ်ကို အမြင့်ဆုံးငွေကျပ် ၁၃၈၀၀၀ ရှိရာကနေ နောက်ဆုံးရက်ဖြစ်တဲ့ သောကြာနေ့မှာတော့ ငွေကျပ် ၁၃၅၀၀၀ ကို ကျဆင်းသွားပါတယ်။ နှမ်းနက်ကတော့ တနင်္လာနေ့က တစ်အိတ်ကိုအမြင့်ဆုံးဈေး ငွေကျပ် ၁၁၀၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၀၂၀၀၀ အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ နှမ်းညိုလည်း တနင်္လာနေ့က တစ်အိတ်ကိုအမြင့်ဆုံးဈေး ငွေကျပ် ၈၅၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကိုအမြင့်ဆုံးဈေး ငွေကျပ် ၈၃၀၀၀ ကို ကျဆင်းသွားပါတယ်။ ပန်းနှမ်းကတော့ တနင်္လာနေ့က တစ်အိတ်ကိုအမြင့်ဆုံး ငွေကျပ် ၇၀၀၀၀ ကနေ သောကြာနေ့မှာတော့ ငွေကျပ် ၆၇၀၀၀ ကို ကျဆင်းသွားတာ တွေ့မြင်ရပါတယ်။

နှမ်းဖြူကတော့တစ်ပတ်လုံးမှာ တစ်အိတ်ကိုအမြင့်ဆုံး ငွေကျပ် ၉၆၀၀၀ နဲ့ တည်ငြိမ်နေတာကို တွေ့ရပါတယ်။

**ဆန်ဈေးနှုန်း တည်ငြိမ်**

ဒီတစ်ပတ်ရဲ့အစ တနင်္လာနေ့က မြီးတုံးဆန်တစ်အိတ်အမြင့်ဆုံးငွေကျပ် ၂၂၀၀၀ ကနေ နောက်ဆုံးရက်ဖြစ်တဲ့ သောကြာနေ့မှာတော့ အမြင့်ဆုံး ငွေကျပ် ၂၁၀၀၀ ကိုကျဆင်းသွားပါတယ်။

ကျန်တဲ့ဆန်ဈေးနှုန်းတွေကတော့ တစ်ပတ်လုံးမှာ ဈေးနှုန်းတည်ငြိမ်နေတာကိုတွေ့ရပြီး ပေါ်ဆန်းမွှေးဆန်တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၄၄၅၀၀၊ ညှော့မထဆန်တစ်အိတ် ငွေကျပ် ၁၉၅၀၀၊ ငစိန်ဆန် တစ်အိတ် ငွေကျပ် ၁၉၀၀၀၊ မိုးသုခဆန်တစ်အိတ် ငွေကျပ် ၂၅၀၀၀၊ နွေသီးထပ် ဆန်တစ်အိတ် ငွေကျပ် ၂၀၀၀၀ နဲ့ တစ်ပတ်လုံးအပြောင်းအလဲမရှိ အရောင်းအဝယ်ဖြစ်နေပါတယ်။

**ကြက်သွန်နီ ဈေးအနည်းငယ်မြင့်တက်**

ဆိပ်ဖြူ၊ မြင်းခြံ၊ မုံရွာ၊ ဆင်ဖြူကျွန်းနယ်တွေက ထွက်ရှိတဲ့ ကြက်သွန်နီဈေးတွေကတော့ ဒီတစ်ပတ်ရဲ့တနင်္လာနေ့မှာ တစ်ပိဿာကို အနိမ့်ဆုံးဈေးငွေကျပ် ၂၂၅ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၇၀၀ နဲ့ အရောင်းအဝယ် ရှိနေရာကနေ ဈေးပိတ်ချိန်ဖြစ်တဲ့ သောကြာနေ့မှာတော့ ကြက်သွန်နီတစ်ပိဿာကို အနိမ့်ဆုံးဈေးငွေကျပ် ၃၅၀ ကနေအမြင့်ဆုံးဈေး ငွေကျပ် ၁၈၀၀ နဲ့ အရောင်းအဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်းမှာ ကြက်သွန်နီတစ်ပိဿာကို ငွေကျပ် ၁၀၀ အထိ မြင့်တက်လာတာ ဖြစ်ပါတယ်။



# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်တို့ ပူးပေါင်းပြီး အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန (ACARE) ဖွင့်လှစ်မည်

ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် အိန္ဒိယနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တို့ပူးပေါင်းပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန ( Advanced Centre for Agricultural Research and Education - ACARE)တည်ထောင်ရန် ၂၀၁၂ ခုနှစ်မေလ ၂၈ ရက် နေ့က နားလည်မှုစာချွန်လွှာကို နိုင်ငံတော်အဆင့် လက်မှတ်ရေးထိုးခဲ့ရာ ဖေဖော်ဝါရီလအတွင်း သုတေသန လုပ်ငန်းများ စတင်အကောင်အထည်ဖော် နိုင်တော့မည်ဖြစ်ကြောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ထံမှ သိရသည်။

"ဒီစီမံကိန်း အကောင်အထည်ဖော်ဖို့ရာ အကြောင်းအမျိုးမျိုးကြောင့် နောက်ကျခဲ့တယ်။ ခုတော့ ဒီစီမံကိန်းအောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ဖို့နဲ့ လိုအပ်တာတွေကို အိန္ဒိယစိုက်ပျိုးရေးသုတေသနဌာန (Indian Agricultural Research Institute- IARI) နဲ့ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ အိန္ဒိယဘက်က စိုက်ပျိုးရေးပညာရှင် တစ်ဦးရောက်လာပါပြီ။ သူတို့က တက္ကသိုလ်ရဲ့ ဌာနတွေကို ပံ့ပိုးတာမဟုတ်ဘဲနဲ့ သုတေ သနလုပ်ငန်းတွေကိုဆောင်ရွက်မှာဖြစ်တယ်။ သုတေသနစင်တာ ( Research Centre) မှာ ခေါင်းစဉ်သုံးခုနဲ့ လုပ်ဆောင်မှာဖြစ်ပါတယ်။ မျိုးရိုးဗီဇဗေဒပညာ (New Genetics)၊ ရိတ်သိမ်းချိန်လွန်နည်းပညာ (Postharvest Technology)၊ ဗဟုသုတစီမံခန့်ခွဲမှု (စိုက်ပျိုးပညာပေးရေး) (Knowledge Management) စတဲ့ စိုက်ပျိုးရေးဆိုင်ရာပညာရပ်တွေ တိုးတက်ပြန့်ပွားရေး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သုတေသနစင်တာ ဖွင့်ဖို့ကို ကျွန်တော်တို့အစိုးရဘက်က အခြေခံအဆောက်အအုံတွေ ဆောက်ပေးရမယ်။ ဝန်ထမ်းခန့်ပေးရမယ်။ အခုတော့ အိန္ဒိယဘက်က ကျွမ်းကျင်တဲ့ပညာရှင်တွေအပြင် အဆင့်မြင့် ဓာတ်ခွဲခန်းသုံးပစ္စည်း၊ လိုအပ်တဲ့စာအုပ်စာတမ်းတွေ၊ စာကြည့်တိုက်အတွက် စာအုပ်စာတမ်းတွေထောက်ပံ့မယ်။ အားလုံး ဒေါ်လာ ရှစ်သန်းကျော်ဖိုးထောက်ပံ့ပါမယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမျိုးကြွယ်က ပြောသည်။

အဆိုပါနားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံဘက်မှ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးရန်ပါရှိသဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲ ခွင့်ပြုချက်တောင်းခံပြီး တည်ဆောက်ခဲ့ရာ ယခုအခါ အဆောက်အအုံများမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အိန္ဒိယဘက်မှလည်း ဓာတ်ခွဲခန်းသုံးပစ္စည်းများ ရောက်ရှိတော့မည်ဖြစ်၍ ဖေဖော်ဝါရီလထဲတွင် လုပ်ငန်းများစတင်အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံက စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူဦးရေစုစုပေါင်းရဲ့ ၆၀ ရာခိုင်နှုန်းကျော်က စိုက်ပျိုးရေးနဲ့အသက်မွေးကြတယ်။ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးရဲ့ ၃၀ ရာခိုင်နှုန်းဝန်းကျင်နဲ့ နိုင်ငံခြားပို့ကုန်ကရနေတဲ့ ဝင်ငွေရဲ့ ၁၇ ဒသမ ၅ ရာခိုင်နှုန်းတို့ကို လယ်ယာစိုက်ပျိုးရေးထွက်ကုန်တွေက ဖြည့်ဆည်းပေးနေပါတယ်။ စပါးစိုက်ဧရိယာဟက်တာပေါင်း ရှစ်သန်းနဲ့ ပဲမျိုးစုံစိုက်ဧရိယာဟက်တာ ၄ ဒသမ ၄ သန်းရှိတယ်။ ဧရိယာကများပြီး ထုတ်လုပ်မှုက အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်လိုက်ရင် နည်းနေတယ်။ ပြီးတော့ တခြားသီးနှံတွေဖြစ်တဲ့ ဝါသီးနှံဆိုရင် ဝ ဒသမ ၃၆ သန်း၊ ကြံ ဝ ဒသမ ၁၆ သန်း၊ မြေပဲ ဝ ဒသမ ၈၇ သန်းနဲ့ ပဲပုပ် ဝ ဒသမ ၁၇ သန်း စိုက်ပျိုးထုတ်လုပ်နေပါတယ်။ တကယ်လို့သာ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းပြီး ရာသီဥတုနဲ့ ပိုးမွှားဒဏ်ခံနိုင်ရည်ရှိတဲ့ မျိုးကောင်းမျိုးသန့်တွေ ထုတ်ပေးနိုင်ခဲ့ရင် စိုက်ပျိုးရေးပို့ကုန်တွေ အများကြီးပို့နေတဲ့ အိမ်နီးချင်းနိုင်ငံတွေထက် သာသွားမယ်။ ဒီလိုနည်းပညာတွေရဖို့ဆိုရင် အရည်အသွေးမြင့် မျိုးစေ့ထုတ်လုပ်ရေးပညာ၊ စပ်မျိုးနည်းပညာနဲ့ လယ်ယာသုံးစက်ကိရိယာများသုံးစွဲမှု၊ စိုက်ကွင်းနှင့် သိုလှောင်ရုံများအတွင်း ကျရောက်သော ရောဂါပိုးမွှားများကို ထိရောက်စွာ နှိမ်နင်းနိုင်မှု စတဲ့နည်းပညာတွေ လိုအပ်နေတယ်။ ရိတ်သိမ်းချိန်လွန် နည်းပညာကိုအသုံးပြုခြင်းဖြင့် တောင်သူတွေရဲ့ ဝင်ငွေတိုးလာမယ်။ ဒါ့ကြောင့်မို့ အဆင့်မြင့် စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဗဟိုဌာနကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှာ တည်ထောင်ဖွင့်လှစ်သွားဖို့ မြန်မာအစိုးရနဲ့ အိန္ဒိယအစိုးရကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခဲ့ကြတာပါ။

ACARE ဟာ တက္ကသိုလ်နဲ့မတူတဲ့အချက်က သူကဘွဲ့ကြို သင်တန်းသားတွေကို သင်တာမျိုး မဟုတ်ဘူး။ သုတေသနစင်တာဖြစ်တဲ့အတွက် မဟာဘွဲ့ရယ်၊ ပါရဂူဘွဲ့ သင်တန်းတွေဖွင့်လှစ်သွားပြီး သုတေသနပညာရှင်တွေကို ဖိတ်ခေါ်ကာ သုတေသနတွေ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီဘက်က ဆရာ ဆရာမတွေနဲ့ ဝန်ထမ်းတွေကို မဟာဘွဲ့ရယ်၊ ပါရဂူဘွဲ့တွေရရှိဖို့ အိန္ဒိယနိုင်ငံကို သင်တန်းတွေ စေလွှတ်သွားမယ်။ သူတို့ဘက်က ပညာရှင်တွေ ဒီဘက်မှာလာပြီး သင်တန်းပေးသွားမယ်။ သုတေသလုပ်ငန်းတွေကို ဖေဖော်ဝါရီလ လောက်ကတည်းကစပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလထဲ လောက်အထိ နှစ်နှစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ACARE သုတေသနစင်တာတွင် ဌာနလေးခုနဲ့ ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ အဲဒီဌာနတွေကတော့ မျိုးရိုးဗီဇဗေဒပညာ (New Genetics)၊ ရိတ်သိမ်းချိန် လွန်နည်းပညာ (Postharvest Technology) ၊ ဗဟုသုတစီမံခန့်ခွဲမှု(Knowledge Management)၊ ဘွဲ့လွန်သင်တန်းဌာနတွေ (Capacity Building) ဖြစ်ပါတယ်။ အဲဒီဌာနလေးခုအတွက် လိုအပ်တဲ့ သင်ရိုး ညွှန်းတမ်းတွေကို အိန္ဒိယဘက်ကပညာရှင်တွေနဲ့ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်က ဆရာ ဆရာမတွေ ပူးပေါင်းပြီးရေးဆွဲသွားမှာဖြစ်ပါတယ်။သဘော တူညီချက်အရ လိုအပ်တဲ့ဝန်ထမ်းတွေခန့်ထားနိုင်ဖို့ ဖွဲ့စည်းပုံကို သက်ဆိုင်ရာကို တင်ထားပြီးပါပြီ။ ခွင့်ပြုချက်ရပြီဆိုတာနဲ့ လိုအပ်တဲ့ဝန်ထမ်းတွေ ခန့်သွားမှာဖြစ်ပြီး လုံလောက်တဲ့ ပညာရှင်တွေစုံပြီဆိုတာနဲ့ မဟာသိပ္ပံကျောင်းသားတွေ၊ ပါရဂူဘွဲ့ ကျောင်းသားတွေကို အထက်မှာပြောခဲ့တဲ့ ဘာသာရပ်တွေ သင်ကြားပို့ချသွားမှာဖြစ်ပါတယ်"ဟု စိုက်ပျိုးစီးပွားပညာဌာနမှ ကထိက ဒေါက်တာနေမျိုးအောင်က ပြောသည်။

ဝန်ထမ်းခန့်ထားရာတွင် လက်ရှိဝန်ကြီးဌာနအောက်တွင်ရှိသည့် ဆရာ ဆရာမများ၊ တခြားဝန်ကြီးဌာနလက်အောက်တွင်ရောက်ရှိနေသည့် ဝန်ထမ်းများ၊ အပြင်မှာရောက်နေသည့် စိုက်ပျိုးရေးဘွဲ့ရဝန်ထမ်းများကို နိုင်ငံတော်သတင်းစာတွင် တရားဝင် ထည့်သွင်းကြော်ငြာပြီး ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"အိန္ဒိယကလွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကကြည့်ရင် သူများနိုင်ငံကပဲ Import အများဆုံးလုပ်ခဲ့ရတယ်။ အခုကျတော့သူက Exporter ဖြစ်နေပြီ။ ထုတ်ကုန်တွေ အများကြီး ထုတ်လုပ်လာနိုင်တယ်။ အရင်တုန်းကထက် သုံးဆကျော်အထိ ထုတ်လုပ်လာနိုင်တယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဗဟိုဌာန (ACARE) ဖွင့်လှစ်လိုက်တဲ့အတွက် ခုနက ဘာသာရပ် သုံးခုနဲ့ပတ်သက်ပြီး နည်းပညာတွေ အိန္ဒိယဘက်ကရပါမယ်။ သုတေသန တွေကနေ ရလာတဲ့ရလဒ်ကို တောင်သူလက်ထဲရောက်သည်အထိ စနစ်တကျလုပ်တယ်။ စိုက်ပျိုးပညာပေးရေးလုပ်ငန်းမှာ စနစ်ကျတဲ့စနစ်တစ်ခု ရှိနေတယ်။ ဒါကြောင့် သူတို့ဆီမှာ စိုက်ပျိုးရေးလုပ်ငန်းတွေ အောင်မြင်နေတာဖြစ်ပြီး ကောင်းတဲ့အချက်တွေနဲ့ လေ့လာ စရာအချက်တွေရှိနေတယ်လို့ ပြောချင်ပါတယ်။

ACARE သုတေသနစင်တာကိုပြောရရင် သူက မျိုးစပ်တဲ့လုပ်ငန်းတွေလုပ်မယ်။ မျိုးရိုးဗီဇဆိုင်ရာ ဘာသာရပ် (New Genetics)နဲ့ပတ်သက်ပြီး ကျွမ်းကျင်တဲ့ပညာရှင်တွေရှိလာမယ်ဆိုရင် ဥပမာ ရာသီဥတုဒဏ်ခံနိုင်တဲ့မျိုးတွေ၊ ရေဝတ်ဒဏ်ခံနိုင်တဲ့မျိုးတွေ၊ ရေမြုပ်ဒဏ်ခံနိုင်တဲ့ မျိုးတွေထုတ်မယ်။ ဒါမှမဟုတ်ရင် အထွက်နှုန်းကောင်းတဲ့၊ အနံ့မွှေးတဲ့၊ အရသာရှိတဲ့စပါးမျိုး၊ ပဲမျိုးတွေ၊ ပြောင်းမျိုးတွေ အစရှိသဖြင့် ထုတ်လာနိုင်မယ်။ မျိုးထုတ်တဲ့နည်းပညာအသစ်တွေ ရလာမယ်ပေါ့။ မျိုးသစ်တွေ ရလာပြီ၊ နည်းပညာအသစ်တွေရလာပြီဆိုရင်လည်း တောင်သူလက်ထဲ အရောက် ပေးနိုင်ဖို့က အဓိကကျပြန်ရော။ ဒီဘာသာရပ်ကို သူတို့ဆီမှာ ဗဟုသုတစီမံခန့်ခွဲမှု နည်းပညာ (Knowledge Management) လို့ခေါ်တယ်။ စိုက်ပျိုးပညာပေး ဘာသာရပ်ပါပဲ။ နောက် ဘာသာရပ်ကတော့ ရိတ်သိမ်းချိန်လွန် နည်းပညာ (Postharvest Technology) ဘာသာရပ်ပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုရင် တောင်သူတွေရလာတဲ့ သီးနှံတွေ ကြည့်လိုက်ရင် အလေအလွင့်တွေ အလွန်များနေတာ တွေ့ရမယ်။ အလေအလွင့်နည်းအောင် ဘယ်လိုထိန်းသိမ်းမလဲ၊ နောက်ပြီး ဒီမှာက ဆန်ဆိုရင် ကုန်ကြမ်းအနေနဲ့ပဲရပ်တယ်။ ပဲဆိုလည်း ကုန်ကြမ်းအနေနဲ့ပဲရပ်တယ်။ တခြားနိုင်ငံတွေမှာက ဆန်ဆိုဆန်နဲ့ ပတ်သက်တဲ့တန်ဖိုးမြင့် စားသောက်ကုန် ပစ္စည်းတွေ၊ အဖျော်ယမကာမျိုးစုံအထိ ပစ္စည်းမျိုးစုံအောင် ထုတ်နိုင်တယ်။ ဒီဘာသာရပ်ကို လေ့လာလိုက်ရင် တန်ဖိုးမြှင့်ထုတ်ကုန်တွေ ဘယ်လိုထုတ်လုပ်ရမလဲဆိုတဲ့ နည်းပညာတွေရလာမယ်။ ဒါ့ကြောင့် ACARE သုတေသနစင်တာ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ပြီဆိုရင် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းအတွက် တကယ်ကို အထောက်အကူပြုမယ့်၊ အကျိုးရှိလာနိုင်မယ့် ဌာနကြီး တစ်ခုဖြစ်လာမှာပါ"ဟု ၎င်းကဆက်လက်ပြောပြသည်။




ထို့ကြောင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန (ACARE) ဖွင့်လှစ်နိုင်မည်ဆိုပါက အထက်ပါ ဘာသာရပ်သုံးခုနှင့်ဆိုင်သည့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် တောင်သူများ၊ စိုက်ပျိုးရေးလောကထဲတွင်လုပ်ကိုင်နေသည့် ပညာရှင်များ၊ လုပ်ငန်းရှင်ကြီးများ၏ အတွေ့အကြုံ ဗဟုသုတများနှင့် ပေါင်းစုအားကို စုစည်းပြီး သုတေသနစင်တာမှ ထွက်ပေါ်လာသည့် အကျိုးရလဒ်များကိုအခြေပြုကာ လယ်ယာသီးနှံ တစ်ခေတ်ဆန်းသစ်လာတော့မည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

---

# လာမည့် ဘဏ္ဍာနှစ်တွင်စိုက်စရိတ်ချေးငွေကို ကျေးရွာများအရောက် ထုတ်ချေးပေးနိုင်ရေး ဆွေးနွေးနေ

ဖြိုးလွင်အောင်(AMIA)

လာမည့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် နှစ်စဉ်ထုတ်ချေးပေးနေသည့် စိုက်စရိတ်ချေးငွေများကို ကျေးရွာများအရောက် ထုတ်ချေးပေးနိုင်ရန်အတွက် ဆွေးနွေးနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ချေးငွေများကို ကျေးရွာများအထိ သွားရောက်ချေးပေးနိုင်ပါက တောင်သူများအတွက် ခရီးကုန်ကျစရိတ်များ သက်သာသွားနိုင်သော်လည်း စိုက်ပျိုးရေးဝန်ကြီးဌာနတွင် ဝန်ထမ်းအင်အားမလုံလောက်ခြင်း၊ ချေးငွေများသယ်ဆောင်ရာတွင်လည်း လုံခြုံရေးအခက်အခဲများရှိနိုင်သည့်အတွက် အသေးစိတ်ဆွေးနွေးနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းက ပြောသည်။

" ချေးငွေတွေကိုကျေးရွာတွေအထိ သယ်သွားမယ်ဆိုရင် လယ်သမားတစ်ယောက် တစ်သိန်းခွဲဆို ပိုက်ဆံတွေက အများကြီးသယ်သွားရဆိုတော့ လုံခြုံရေးက အရေးကြီးတယ်။ ကျွန်တော် တို့ဆီမှာ ဝန်ထမ်းအင်အားကလည်းမလုံလောက်ဘူး။ အဲ့ဒါကြောင့် ကျေးရွာတွေအထိ လိုက်ချေးပေးဖို့ကတော့ ဆွေးနွေးနေတုန်းပဲ"ဟု ၎င်းကပြောသည်။

လာမည့်ဘဏ္ဍာနှစ်အစ ဧပြီလတွင် လယ်သမားများ သာမက လယ်ယာကဏ္ဍနှင့်သက်ဆိုင်သည့် ကုန်သည်များကိုပါ နှစ်ရှည်ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တောင်သူများနှင့် လယ်ယာကဏ္ဍလုပ်ငန်းရှင်များအနေဖြင့် ချေးငွေရယူလိုသည့်အကြောင်းအရင်းကို အသေးစိတ်တင်ပြကာချေးငွေကို ကဏ္ဍအလိုက်တစ်နှစ်မှ ငါးနှစ်အထိ အတိုးနှုန်း ၈ ရာခိုင်နှုန်းနှင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမယ့်ဧပြီလ ၁ ရက်ကစပြီး လယ်ယာမြေအတွက် စိုက်စရိတ်ချေးငွေကို ဧက ၅၀ အတွက် ငွေကျပ်သိန်း ၅၀၀ အထိချေးခွင့်ပေးသွားမှာပါ။ စက်ကိရိယာဝယ်ယူဖို့နဲ့ အခြား လယ်ယာနဲ့ ဆက်စပ်တဲ့ကဏ္ဍတွေအတွက်ပါချေးပေးသွားဖို့ စီစဉ်ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

လက်ရှိတွင် ရာသီအလိုက် စိုက်စရိတ်ချေးငွေရယူလိုသည့်တောင်သူများကို နီးစပ်ရာမြို့နယ်စိုက်ပျိုးရေးဘဏ်များမှတစ်ဆင့် ထုတ်ပေးနေခြင်းကြောင့် ချေးငွေထုတ်ယူရာတွင် ခရီးစရိတ်ကုန်ကျမှုများရှိနေသည့်အပြင် သွားလာရေးခက်ခဲသည့်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများလည်းရှိနေကြောင်း တောင်သူများကပြောသည်။

လက်ရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လယ်သမားများကို မိုးရာသီစိုက်စရိတ်ချေးငွေအနေဖြင့် ငွေကျပ် ဘီလီယံ ၁၄၀၀ခန့် ထုတ်ချေးပေးထားကြောင်း သိရသည်။

# လူသားအကျိုးပြု ဆေးဖက်ဝင် ပီလောပီနံ

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိခ်၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ**

**ပီလောပီနံကို နိုင်ငံတကာတွင် မုန့်ဖုတ်လုပ်ငန်းများ၌ ဆန်မှုန့်၊ ဂျုံမှုန့်များအစား ပီလောပီနံမှုန့်ကို အစားထိုးလာကြပြီး ကင်ဆာအဖုအကျိတ်များ၊ အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ သွေးတိုးရောဂါစသည်တို့ကို ကာကွယ်ပေးနိုင်စွမ်းရှိသည့်အတွက် ဆေးဝါးအဖြစ်ထုတ်လုပ်နေကြပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနစိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ သိရသည်။**



ထို့ပြင် ပီလောပီနံသီးနှံသည် ကစီဓာတ်ထုတ်နိုင်သော သီးနှံများအနက် ကစီဓာတ်ပါဝင်မှုများခြင်း၊ စိုက်ပျိုးရာတွင် လွယ်ကူခြင်း၊ စိုက်စရိတ်သက်သာခြင်းတို့ကြောင့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များမှ စိတ်ဝင်စားမှုများပြားလာကြောင်း ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောပြသည်။

"ကမ္ဘာပေါ်မှာ ပီလောပီနံကို အာဖရိကမှာ ၅၃ ရာခိုင်နှုန်း၊ အာရှမှာ ၂၈ ရာခိုင်နှုန်း၊ လက်တင်အမေရိကမှာ ၁၉ ရာခိုင်နှုန်းစိုက်ပျိုးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ နေရာဒေသအနှံ့စိုက်ပျိုးနိုင်ပေမယ့် သဲဆန်တဲ့နုန်းမြေတွေနဲ့ ရေမဝပ်တဲ့နေရာတွေမှာ ပိုဖြစ်ထွန်းပါတယ်။ အပင်စိုက်ပျိုးချိန်မှာ အစိုဓာတ်လုံလုံလောက်လောက်ရဖို့လိုအပ်ပြီး အထူးသဖြင့်တော့ ဥကြီးထွားချိန်မှာ ရေမဝပ်ဖို့အရေးကြီးပါတယ်။ ဥကြီးထွားဖို့အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်ကနေ ၃၂ ဒီဂရီစင်တီဂရိတ်အထိလိုအပ်ပြီး သူ့ထက်ကျော်သွားရင် ကြီးထွားမှုကိုနှောင့်နှေးစေပါတယ်။ နောက်တစ်ချက်က အလင်းရောင်အပြည့်အဝရဖို့လည်းလိုအပ်ပြီး အရိပ်ကျတဲ့နေရာတွေမှာ စိုက်ပျိုးရင် ၃၀ ရာခိုင်နှုန်းလောက် အထွက်လျော့နည်းနိုင်ပါတယ်။ ပီလောပီနံကို ယာယီအရိပ်ပင်အဖြစ် ကိုကိုးပင်နဲ့ ကော်ဖီပင်ငယ်တွေကြားမှာ စိုက်ပျိုးနိုင်ပြီး ပဲစင်းငုံ၊ ပြောင်း၊ ခြံနဲ့မြေဆောင်ရောဂါရှိတဲ့မြေဖြစ်ရင် မြေပြင်ချိန်ကို တစ်ကေထုံးတစ်တန်လောက်ထည့်ရပြီး pH5-pH6.5 အတွင်းမှာ စိုက်ပျိုးရင် အသင့်တော်ဆုံးဖြစ်ပါတယ်" ဟု မှော်ဘီမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညောင်နှစ်ပင်စိုက်ကွင်းမှ လက်ထောက်ဦးစီးမှူး ဦးအောင်သွင်ကိုက ပြောပြသည်။

ကမ္ဘာပေါ်တွင် ပီလောပီနံမျိုးပေါင်း ၄၀ ကျော်ရှိပြီး အထွက်နှုန်းကောင်းခြင်းမှာ မျိုးကောင်းခြင်းနှင့်စိုက်ပျိုးနည်းစနစ်ပေါ်တွင် အခြေခံကြောင်း၊ မျိုးကောင်းဆိုသည်မှာ မျိုးကိုင်းပေါ်တွင်ပါဝင်သော အဆစ် (node) စိပ်စိပ်ရှိခြင်း၊ ရောဂါပိုးမွှား၊ ရေဝပ်ခြင်းနှင့် ရေငတ်ဒဏ်ခံနိုင်ခြင်း၊ အထွက်နှုန်းကောင်းခြင်းနှင့်စားသုံးရာတွင် အရည်အသွေးကောင်းမွန်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ယခင်က ဒေသမျိုးများသာ စိုက်ပျိုးခဲ့ကြပြီး လူမှုပတ်ဝန်းကျင်တွင် ပီလောပီနံကို တွင်ကျယ်စွာအသုံးပြုလာသည်နှင့်အမျှ အထွက်ကောင်းမျိုးများကို ပြောင်းလဲစိုက်ပျိုးလာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

စိုက်ပေါင်ပြုလုပ်ရာတွင် ပေါင်အကျယ်သုံးပေ၊ ပေါင်ကြားသုံးပေနှင့်ပေါင်အမြင့်ကိုမူ မြေပေါ်မှုတည်၍ ၁ ဒသမ ၅ လက်မကနေ ၂ ဒသမ ၅ လက်မခန့်ပြုလုပ်ရမည်ဖြစ်ပြီး တစ်ကေလျှင် စိုက်ပေါင်အလံ ၁၂၀၀ ခန့် ရရှိမည်ဖြစ်ကြောင်း၊ မြေခံအနေဖြင့် နွားချေးသို့မဟုတ် ကြက်ချေး ၇၅ တင်းခန့် စိုက်ပေါင်အတွင်းထည့်ပြီး စိုက်ပျိုးပေါင်ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။



ပီလောပီနံစိုက်ခင်းကို တွေ့ရစဉ်

"မျိုးကိုင်းကို အပင်သက်တမ်း ၈ လကနေ ၁၅ လရှိတဲ့ကျန်းမာသန်စွမ်းတဲ့အပင်က ရောဂါပိုးမွှားကင်းစင်တဲ့မျိုးကိုင်းတွေ ရွေးထားပြီးမိုးကျတာနဲ့ တစ်ပြိုင်နက်တည်း အဖျားပိုင်းတွေကိုပယ်ပြီး အရှည် ၆ လက်မကနေ ၈ လက်မအရွယ်အပိုင်းလေးတွေကို အောက်ဖက်စောင်းလျက်အနေအထားနဲ့ ပိုင်းဖြတ်ရမယ်။ မျိုးကိုင်းဖြတ်ရာမှာလည်း မျိုးကိုင်းတွေကို လိုအပ်ရင် ပိုးသတ်ဆေး၊ မှိုသတ်ဆေးနဲ့ ၁၀ မိနစ်လောက် စိမ်ပြီး စိုက်ပျိုးရမှာဖြစ်ပြီး အနည်းဆုံး အဆစ် ၅ ဆစ် ၇ ဆစ်ပါဖို့လိုအပ်ပါတယ်။ အပင်စိုက်တဲ့နေရာမှာလည်း အပေါ်မျက်နှာပြင်နဲ့ဘေးမျက်နှာပြင်ဆုံတဲ့နေရာမှာ ၄၅ ဒီဂရီစောင်းပြီး မြေပြင်မှာ အကိုင်းရဲ့ ၃ ပုံ ၂ ပုံဝင်အောင် စိုက်ပျိုးရမှာဖြစ်ပါတယ်။ ပီလောပီနံဟာ အူတိုင်ပွတဲ့သီးနှံဖြစ်တဲ့အတွက်ကြောင့် ထောင်စိုက်ရင်မိုးရေဝင်ပြီး ပျက်စီးနိုင်ပါတယ်။ အမြစ်ထွက် ဧရိယာပိုမိုများစေဖို့ အစောင်းခုတ်ထားတဲ့ မျက်နှာပြင်ကို အောက်ဖက်ကထားပြီး စိုက်ပျိုးရမှာဖြစ်ပါတယ်" ဟု ဦးအောင်သွင်ကိုက ပြောသည်။

စိုက်ပေါင်တစ်ခုတွင် နှစ်တန်းသွားဖြစ်သောကြောင့် တစ်ပင်နှင့်တစ်ပင် မျက်နှာချင်းဆိုင်မစိုက်ဘဲ ဥများလွတ်လပ်စွာကြီးထွားနိုင်စေရန် ဇစ်ဇက်အနေအထားဖြင့် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ တစ်ကေလျှင်အပင်ရေ ၄၈၀၀ ခန့်ဝင်ဆံ့ပြီး အထွက်နှုန်းကောင်းမွန်စေရန် အပင်ရေပြည့်မီခြင်းအပေါ် မူတည်သောကြောင့် စိုက်ပျိုးပြီး ငါးရက်ကြာလျှင် အပင်သေများကို ပြန်လည်ဖာထေးပေးရ မည်ဖြစ်ကြောင်း၊ နှစ်ပတ်သားတွင်တစ်ကေအတွက် ယူရီးယား 50 Kg တစ်အိတ် အသုံးပြု၍ အပင်ခြေတွင်ပျံ့နှံ့စွာကြဲပက်ပေးရမည်ဖြစ်ကြောင်း၊ ဥကြီးထွားချိန်တွင် ရောဂါပိုးမွှားဝင်ရောက်မှုနှင့်ရေဝပ်မှုတို့ကို ကာကွယ်ပေးရမည်ဖြစ်ပြီး ခြောက်ပတ်သားအရွယ် ကစီဓာတ်ဖွဲ့စည်းချိန်တွင် ရေသွင်းခြင်းကို ရှောင်ရှားသင့်ကြောင်း သိရသည်။

"ပီလောပီနံကို ဈေးကွက်ပေါ်မူတည်ပြီး ရှစ်လကစပြီးရိတ်သိမ်းနိုင်ပါတယ်။ မရိတ်သိမ်းမီ တစ်ပတ်ခန့်အလိုမှာ အပင်တွေကို ခုတ်တာဟာ ဥအလေးချိန်ကို တိုးစေပြီး ကစီဓာတ်ဖွဲ့စည်းမှုကို ပိုမိုအားကောင်းစေပါတယ်။ မျိုးချန်မယ့်ကိုင်းတွေကို လေဝင်လေထွက်ကောင်းပြီး အရိပ်ရတဲ့နေရာမှာ အောက်ခြေကို မြေကြီးနဲ့ထိလျက်အနေအထားနဲ့သိမ်းရပါမယ်။ ဒီလိုနည်းနဲ့စိုက်မယ်ဆိုရင် တစ်ပင်ကိုပျမ်းမျှ သုံးပိဿာကနေ ငါးပိဿာအထိရရှိပြီး တစ်ကေကို ၁၅ တန်ကနေ ၂၅ တန်အထိ ထွက်နိုင်ပါတယ်။ စိုက်နည်းစနစ်တွေကိုတော့ ဌာနကကြီးကြပ်ပြီး ပီလောပီနံစိုက်တောင်သူတွေကို သရုပ်ပြပွဲတွေ၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်တာတွေ ပြုလုပ်ပြီး ပြည်တွင်း ပြည်ပလုပ်ငန်းရှင်တွေ ကုမ္ပဏီအဖွဲ့အစည်းတွေ စိုက်ပျိုးနေတဲ့စိုက်ခင်းတွေမှာလည်း နည်းပညာဖြန့်ဖြူးတာတွေလုပ်ဆောင်နေပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ပီလောပီနံကို ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တစ်အရပ်အဖြစ်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့်လူသားတို့၏ ထိခိုက်စေနိုင်သော ဘေးထွက်ဆိုးကျိုးနည်းသည့် သီးနှံအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် ထုတ်လုပ်နိုင်သော သီးနှံတစ်ခုအဖြစ်လည်းကောင်း စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောသည်။

နေကြာစတဲ့ သီးနှံပင်တွေနဲ့လည်း သီးညှပ်အဖြစ် စိုက်ပျိုးနိုင်ပါတယ်။ ပီလောပီနံဟာ နှစ်ရှည်ခံပင်ဖြစ်ပေမယ့်လည်း စီးပွားရေးဈေးကွက်အရ တစ်နှစ်ခံပင်အဖြစ်စိုက်ပျိုးနေကြပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ပီလောပီနံကို မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညောင်နှစ်ပင်စိုက်ကွင်း၌ တစ်နှစ်လျှင်ဧက ၂၀ ခန့် စိုက်ပျိုးလျက်ရှိပြီး ထပ်မံတိုးချဲ့စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

"ပီလောပီနံစိုက်ပျိုးရာမှာ ဒေသ၊ ရာသီဥတုနဲ့ဈေးကွက်ပေါ်မူတည်ပြီး စိုက်ပျိုးရမှာဖြစ်ပါတယ်။ အလွယ်တကူစိုက်ပျိုးနိုင်တဲ့ သီးနှံဖြစ်ပေမယ့်လည်း နည်းစနစ်တကျ စိုက်ပျိုးဖို့လိုအပ်ပါတယ်။ အထွက်နှုန်းကောင်း ပီလောပီနံစိုက်စနစ်မှာ မိရိုးဖလာမြေပုံနဲ့ စိုက်ပျိုးခြင်းကနေ စိုက်ပေါင်စနစ်နဲ့စိုက်ပျိုးဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ ညောင်နှစ်ပင်ကွင်းမှလည်း လက်တွေ့စိုက်ပျိုးနေပါတယ်။ အဲဒီလို စိုက်ပျိုးတဲ့နေရာမှာလည်း မြေပြုပြင်ခြင်း၊ စိုက်ပေါင်ဆွဲခြင်း၊ မျိုးကိုင်းခုတ်ခြင်း၊ မျိုးကိုင်း စိုက်ခြင်း၊ ပေါင်းရှင်းခြင်း၊ အစာကျွေးပေါင်ထပ်ခြင်းနဲ့ ရိတ်သိမ်းခြင်းအဆင့်တွေ ပါဝင်ပါတယ်။ မြေပြုပြင်တဲ့နေရာမှာလည်း မိုးမကျမီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**ကမ္ဘာပေါ်မှာ ပီလောပီနံကို အာဖရိကမှာ ၅၃ ရာခိုင်နှုန်း၊ အာရှမှာ ၂၈ ရာခိုင်နှုန်း၊ လက်တင်အမေရိကမှာ ၁၉ ရာခိုင်နှုန်း စိုက်ပျိုးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ နေရာဒေသအနှံ့ စိုက်ပျိုးနိုင်ပေမယ့် သဲဆန်တဲ့နုန်းမြေတွေနဲ့ ရေမဝပ်တဲ့နေရာတွေမှာ ပိုဖြစ်ထွန်းပါတယ်။ အပင်စိုက်ပျိုးချိန်မှာ အစိုဓာတ်လုံလုံလောက်လောက်ရဖို့လိုအပ်ပြီး အထူးသဖြင့်တော့ ဥကြီးထွားချိန်မှာ ရေမဝပ်ဖို့အရေးကြီးပါတယ်။**

## စပါးအစွမ်းရှိ စိုက်နည်းစနစ် (SRI) ပျိုးထောင်မျိုးစေ့ချ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကျုံတနီးကျေးရွာအုပ်စု တောင်သူ ဦးအောင်ဌေး၏ ၅ ဧက စံပြကွက်တွင် ဇန်နဝါရီလ ပထမပတ်က (SRI) မျိုးစေ့ချပွဲ ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင် စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က (SRI) စိုက်နည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့ကြပြီး ဧကစံပြကွက်၌ မျိုးစေ့ချ/သရုပ်ပြပွဲ ဆက်လက်ကျင်းပခဲ့ကြကြောင်း သိရသည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**



## အခြေခံသမဝါယမအသင်းများသို့ အသေးစားချေးငွေနှင့် လယ်ယာသုံး စက်ကိရိယာများ ပေးအပ်

**ဂန့်ဂေါ ဇန်နဝါရီ ၈**

ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစုမှ မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိ အခြေခံသမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ပွဲကို ဇန်နဝါရီ ၆ ရက်က မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပခဲ့သည်။

ချေးငွေနှင့် စက်ကိရိယာများ ပေးအပ်ပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကိုတင့်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမျိုးညွန့်က ချေးငွေနှင့်ပတ်သက်၍လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်းမှ အခြေခံသမဝါယမအသင်း ၁၂၃ သင်းသို့ ချေးငွေကျပ်သိန်းပေါင်း ၁၀၄၈၂ ဒသမ ၁၆ ကို ပေးအပ်ခဲ့ကြပြီး လယ်ယာသုံးစက်ကိရိယာများအဖြစ် တစ်စီးလျှင် ကျပ် ၂၈၈ သိန်းတန် မြင်းကောင်ရေ ၉၀ အားရှိ ဆိုနာလီကာထွန်စက်ငါးစီးတို့ကို သမဝါယမအသင်းငါးသင်းတို့ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

## စတုမဓုဆေးဆွမ်းတော်ဆက်ပွဲ ကျင်းပမည်

**ပုသိမ် ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြတ်စွာဘုရားနှင့်ရဟန္တာများအား စတုမဓုဆေးဆွမ်းတော်ဆက်ပွဲကို ယခုနှစ်တွင် အကြိမ်(၉၀)မြောက်အဖြစ် ဇန်နဝါရီ ၉ ရက်မှ ၁၂ ရက်အထိ(ပြာသိုလဆန်း ၁၂ ရက်မှ လပြည့်နေ့အထိ) ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဘုရားရှင်လက်ထက်က ရဟန်းတော်များတွင် သည်းခြေလေနာစွဲကပ်လာသဖြင့် ရဟန်းသံဃာတော်များ၊ ဂိလာနများအနေဖြင့် အချိန်အခါမရွေး သုံးဆောင်နိုင်သော စတုမဓုဆေးဆွမ်းတော်ကို ဘုရားရှင်ကိုယ်တော်တိုင် ခွင့်ပြုခဲ့ရာမှ ရဟန်းတော်များ ကျန်းမာချမ်းသာစွာ တရားဓမ္မပွားများနိုင်ခဲ့ကြသည့်ဖြစ်စဉ်ကို အခြေခံ၍ ထိုအစဉ်အလာအတိုင်း ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီ ဂေါပကအဖွဲ့ကကြီးမှူးကာ နှစ်စဉ်ပြာသိုလပြည့်ရောက်တိုင်း ထောပတ်၊ သကာ၊ ပျားရည်၊ နှမ်းဆီ လေးမျိုးစုပေါင်း၍ စတုမဓုဆေးဆွမ်းတော် ကျိုချက်ခြင်းကို ဗုဒ္ဓဝင်ဇာတ်လမ်းဇာတ်ကွက်များဖြင့် သရုပ်ဖော်ကျိုချက်ကြပြီး ကျိုချက်ပြီးသော စတုမဓုဆေးဆွမ်းတော်များကို ဘုရားအမှူးပြုသော ရဟန္တာ ၅၀၀ ရုပ်ပွားတော်များအားလည်းကောင်း၊ ရဟန်းသံဃာတော်များအားလည်းကောင်း၊ ဂိလာနဝေဒနာရှင်များအားလည်းကောင်း ဂေါပကအဖွဲ့က လိုက်လံပို့ဆောင် လှူဒါန်းပေးမြဲဖြစ်ကြောင်း သိရသည်။ **ပုသိမ်လှကြည်**



**စတုမဓုဆေးဆွမ်းတော် လှူဒါန်းမည့် ယာယီစံကျောင်းတော် ပြင်ဆင်ထားစဉ်**

# ယာဉ်ဖြတ်သန်းသွားလာမှုဒဏ်ကြောင့် ရှေးဟောင်းအမွေအနှစ်များ ထိခိုက်မှုမရှိစေရန် ဆောင်ရွက်မည်



**ညောင်ဦး ဇန်နဝါရီ ၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ၌ ယခုနှစ်ခရီးသွားရာသီတွင် ယမန်နှစ်များကထက် ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာသည်နှင့်အညီ ခရီးသွားဧည့်သည်များ ငှားရမ်းအသုံးပြုကြသည့် ပြည်တွင်းခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှ မော်တော်ယာဉ်ကြီး/ငယ်များလည်း နေ့စဉ် အများအပြား ဝင်ရောက်လျက်ရာ သက်တမ်းနှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သော ပုဂံရှေးဟောင်းစေတီပုထိုးများ အနီးပတ်ဝန်းကျင်တွင် အဆိုပါမော်တော်ယာဉ်များ နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာနေခြင်း၏ အကျိုးသက်ရောက်မှုများဖြစ်သည့် တုန်ခါမှုအပါအဝင် အခြားအကြောင်းအရာအမျိုးမျိုးကြောင့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်နိုင်သဖြင့် ဘုရားနှင့်အလှမ်းဝေးပြီး သင့်တော်သောနေရာများကို ရွေးချယ်ကာ ယာဉ်ရပ်နားကွင်းများကို စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်ရပ်နားကွင်းများကို သဗ္ဗညု၊ ရွှေဆံတော်၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ဓမ္မရာဇက စသည့် ဘုရားငါးဆူတို့အနီးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါယာဉ်ရပ်နားကွင်းဆောင်ရွက်ရန် သတ်မှတ်ထားသည့် နေရာငါးနေရာသို့ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ဇန်နဝါရီ ၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ယာဉ်ရပ်နားကွင်းသတ်မှတ်ထားသည့်နေရာ၌ မော်တော်ယာဉ်များ အဝင်အထွက်ပြုလုပ်ရာတွင် အဆင်ပြေချောမွေ့စေရန်၊ နေဝင်ပြီးချိန်တွင် ခရီးသွားဧည့်သည်များနှင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ရပ်နားကွင်းနေရာများတွင် လျှပ်စစ်မီး သွယ်တန်းနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

## အခြေခံငါးမွေးမြူရေးနှင့် သဘာဝနည်းဖြင့်ငါးသားဖောက်ခြင်း နည်းပညာများရယူနိုင်ရန် အသိပေးဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံ၏ ငါးရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမွေးမြူသူများအား ရေမြေသဘာဝနှင့်ကိုက်ညီသော ငါးမျိုးကောင်းမျိုးသန့်များရရှိရန်နှင့် ငါးသားဖောက်မွေးမြူခြင်းနည်းပညာများကို ဖြန့်ဖြူးပေးနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ငါးလုပ်ငန်းစခန်းများနှင့် တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံများ ဖွင့်လှစ်ထားရှိ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဒေသနှင့်ကိုက်ညီသော အရည်အသွေးကောင်းမွန်သည့် ငါးမျိုးကောင်းမျိုးသန့်များရရှိရေးနှင့် စနစ်တကျ မွေးမြူထုတ်လုပ်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးလုပ်ငန်းစခန်းများတွင် ငါးသားဖောက်ခြင်းနှင့် ငါးမွေးမြူခြင်းဆိုင်ရာ အခြေခံသင်တန်းများအား စာတွေ့လက်တွေ့ ကွင်းဆင်းသင်ကြားပေးခြင်း၊ JICA-SAEP စီမံကိန်းနှင့် ပူးပေါင်း၍ အပူပိုင်းဇုန်ဒေသများရှိ စီမံကိန်းနယ်မြေကျေးရွာများတွင်လည်းကောင်း၊ MY Culture စီမံကိန်းနှင့် ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးနှင့် အပူပိုင်းဇုန်ဒေသများရှိ စီမံကိန်းကျေးရွာများတွင်လည်းကောင်း ငါးမွေးမြူရေးနည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ငါးမွေးမြူသူများအား ငါးမွေးမြူခြင်းဆိုင်ရာ အခြေခံဗဟုသုတများနှင့် ငါးသားဖောက်ခြင်း လက်တွေ့နည်းပညာရပ်များကိုသိရှိစေရေး အခြေခံငါးမွေးမြူရေးနှင့် သဘာဝနည်းဖြင့် ငါးသားဖောက်ခြင်းသင်တန်းသို့ တက်ရောက်နိုင်ရန် အသိပေးဖိတ်ခေါ်အပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနရုံးများ၊ ငါးလုပ်ငန်းစခန်းများနှင့် မွေးမြူရေးဌာနခွဲ(နေပြည်တော်)၊ ဖုန်း- ၀၆၇-၄၀၈၄၇၆၊ ၄၁၈၅၃၈ သို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## တပ်မတော်ဆေးရုံမှဆရာဝန်များက မူကြိုကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ကျိုင်းတုံ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းငမ်းမူလတန်းကြိုကျောင်းတွင် တက်ရောက်လျက်ရှိသော ကလေး ငယ် ၉၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများကို ကျိုင်းတုံမြို့ အမှတ်(၃) တပ်မတော်ဆေးရုံခုတင်(၃၀၀)မှ အထူးကုဆရာဝန်များအဖွဲ့က ဇန်နဝါရီ ၆ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကလေးများအား သွားနှင့်ခံတွင်း စစ်ဆေးကုသပေးခြင်း၊ အထွေထွေကျန်းမာရေး စစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ကလေးငယ်များအတွက် ဆေးဝါးများ၊ အာဟာရမုန့်များနှင့် ကျောင်း၌လိုအပ်သည့် အသုံးအဆောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



**နေပြည်တော် လယ်ဝေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် နို့ပေါင်းစက်အခြေပြု နို့စားနွားမွေးမြူရေးကော်မတီတို့ ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများ ကိုယ်ခန္ဓာနှင့်ဉာဏ်ရည် ဖွံ့ဖြိုးစေရန်ရည်ရွယ်ပြီး ကြို့ကုန်းကျေးရွာအုပ်စု သက္ကယ်ချင်းကျေးရွာ မူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများအား ဇန်နဝါရီ ၆ ရက်က နွားနို့များ တိုက်ကျွေးစဉ်။** ကျော်စွာ(လယ်ဝေး)



## မွေးမြူရေးကဏ္ဍတိုးတက်ရေးအတွက် ဥစားဘဲများ အခမဲ့ဖြန့်ဝေပေး



**တနင်္သာရီ ဇန်နဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တနင်္သာရီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ မွေးမြူရေးကဏ္ဍကို စိတ်ပါဝင်စားလာစေရန်နှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးအဆင့်မှ မိသားစုစီးပွားဖြစ် မွေးမြူရေးလုပ်ငန်းဆီသို့ တိုးတက်ပြောင်းလဲလာစေရန် ရည်ရွယ်လျက် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများထံသို့ ဥစားဘဲများကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိအတွင်း ကျေးရွာများမှ ဒေသခံပြည်သူများထံသို့ တစ်အိမ်ထောင်လျှင် ဘဲအထီးနှစ်ကောင်နှင့် အမရှစ်ကောင် စုစုပေါင်း ၁၀ ကောင်နှုန်းဖြင့် ပေးအပ်ခဲ့ရာ ဆင်ခြေဖုန်းကျေးရွာအုပ်စု လယ်တောင်ယာကျေးရွာ၌ ဘဲကောင်ရေ ၂၅၀၊ သကျက်ကျေးရွာအုပ်စု လငုကျေးရွာ၌ ဘဲကောင်ရေ ၂၆၀ နှင့် တောင်ဘိန်း(၂)ကျေးရွာ၌ ဘဲကောင်ရေ ၄၉၀ တို့ကို ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ဥစားဘဲများ ဖြန့်ဝေပေးရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဇော်မြင့်အောင်နှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟုန်စိုးတို့လည်း လိုက်ပါဖြန့်ဝေပေးခဲ့ကြသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## စလင်းမြို့မစျေး၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**စလင်း ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့မြို့မစျေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုများကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စျေးသူစျေးသားများ ပူးပေါင်း၍ ဇန်နဝါရီ ၆ ရက်က ပြုလုပ်ခဲ့ပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဌေးမော်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်တို့ ဦးဆောင်ပြီး စျေးသူစျေးသားများပါဝင်ကာ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။ ထို့နောက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက စျေးအတွင်း တစ်ဆိုင်ခြင်းစီသို့ သွားရောက်၍ စျေးသူစျေးသားများအား ဝေငှပေးခဲ့ကြသည်။ **စစ်ကြည်(စလင်း)**

# အထူးဝမ်းမြောက်ကြည်ညိုစွာဖြင့် ဂုဏ်ပြုပူဇော်ခြင်း



## ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီး

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ (၄)ရက်၊ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြေငြာစာအမှတ် ၁/၂၀၁၇ ဖြင့် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်၏ သာသနာရေးဆိုင်ရာ အမြင့်ဆုံးဘွဲ့ ဖြစ်သည့် "**အဘိဓဇမဟာရဋ္ဌဂုရု**" ဘွဲ့တံဆိပ်တော်ကြီးကို ကျေးဇူးတော်ရှင်သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ဉာဏိဿရ အား ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထိုအတွက် အထူးပင် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြည်နူး ပီတိဖြစ်ရပါသည် ဘုရား။

သီတဂူဆရာတော်ဘုရားကြီး၏ ပြည်တွင်းပြည်ပ သာသနဟိတ၊ ပရဟိတ လုပ်ငန်းကြီးများကို ထင်ထင်ရှားရှား ထီးထီးမားမား အားသွန်ခွန်စိုက် ဆောက်ရွက်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည် ဘုရား။

၁။ သီတဂူရေအလှူတော်

၂။ သီတဂူအာယုဒါနဆေးရုံတော်

၃။ သီတဂူစက္ခုဒါနဆေးရုံတော်များ

၄။ သီတဂူအာရောဂျဒါနဆေးရုံတော်များ

၅။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ

၆။ ပြည်ပသာသနာပြုဝိဟာရများ

၇။ ရေဘေး၊ လေဘေး ကယ်ဆယ်ရေးလုပ်ငန်းများ

၈။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတည်ဆောက်ခြင်း

၉။ နိုင်ငံတစ်ဝန်း စေတီပုထိုးအဟောင်းများပြုပြင်ခြင်း

၁၀။ ငွေကြေးနွမ်းပါးသော ရှင်ငယ်၊ ရဟန်းငယ် ကျောင်းသူ/ကျောင်းသားငယ်များကို ပညာသင်စရိတ် ထောက်ပံ့ခြင်း အစရှိသော လုပ်ငန်းတို့ကို ကျေးဇူးတော်ရှင် သီတဂူဆရာတော်ဘုရားကြီးဦးဆောင်မှုဖြင့် အောင်မြင်စွာ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ခြင်း အတွက်ထပ်လောင်း၍ ဂုဏ်ယူဝမ်းမြောက်မိပါသည် ဘုရား။

သီတဂူဆရာတော်ဘုရားကြီး၏ သာသနာပြုအဖွဲ့တွင် ကပ္ပိယအဖြစ် ပါဝင်ဆောင်ရွက်ခွင့် ရရှိသည့်အတွက်တပည့်တော်တို့ မိသားစုကလည်း အထူးဂုဏ်ယူ ဝမ်းမြောက်မိပါသည်ဘုရား။

သီတဂူ ဦးမောင်သောင်း အတွင်းရေးမှူး (၁) နှင့် ဇနီး သီတဂူ ဒေါ်ကြည်ဝင်း
(ရန်ကုန်ထရန်စဖော်မာ နှင့် အောင်သောင်း ကုမ္ပဏီလီမိတက်မိသားစု)

SAMSUNG

# နှစ်သစ်ကူး အထူးဈေးရောင်းပွဲ

ဇန်နဝါရီ (၆) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ

Samsung Smartphones နှင့် Tablets တွေဝယ်ယူပြီး
လက်ငင်းငွေသားလက်ဆောင်များ နှင့် အထူးလက်ဆောင်ဗူးများရယူပါ









ပျော်ရွှင်စရာနှစ်သစ်ဖြစ်ပါစေကြောင်း SAMSUNG MYANMAR မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

samsungmobilemyanmar samsungmyanmar samsungmyanmar

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 8AM to 6PM

## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အတွက် လိုအပ်သော ရုံးသုံးယာဉ်များဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းများ တင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁၀-၁-၂၀၁၇ ရက်မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၈)ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး ၂၃-၁-၂၀၁၇ ရက်ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့အား ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းလွှာအား ၃၁-၁-၂၀၁၇ ရက် နံနက် ၁၀း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံများအားတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ိ/-နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ်(၈)ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၂၄၇၊ ၀၆၇-၄၁၂၁၇၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလှူရှင် (၅)ဦး၏လှူဒါန်းငွေဖြင့် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်)၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရေဘေးသင့်စာသင်ကျောင်း ငါးကျောင်းတည်ဆောက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင်ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၂-၁-၂၀၁၇ ရက်မှ ၁၉-၁-၂၀၁၇ ရက်ထိ

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၂-၂၀၁၇ ရက်

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အခြေခံပညာဦးစီးဌာန၊ ရုံးအမှတ်(၁၃)၊ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

၂။ ဆောင်ရွက်မည့်လုပ်ငန်းများမှာ-

(က) ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အလက(ခွဲ)-နှမဒါ၊ (၆၀×၃၀) ပေ Plinth Level (၆) ပေ၊ RCC-1 ထပ်

(ခ) ချင်းပြည်နယ်၊ တွန်းဇန်မြို့နယ်၊ အမက-နတ်ဇန်(ဟ)၊ (၆၀×၃၀)ပေ Plinth Level (၆) ပေ၊ RCC- 1 ထပ်

(ဂ) မကွေးတိုင်းဒေသကြီး၊စေတုတ္တရာမြို့နယ်၊ အမက-(တွဲ)-ပန်းချက်၊ (၆၀×၃၀)ပေ Plinth Level (၆) ပေ၊ RCC- 1 ထပ်

(ဃ) ပဲခူး(နောက်)တိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ အမက-ရွာသစ် (၆၀×၃၀)ပေ Plinth Level (၆) ပေ၊ RCC- 1 ထပ်

(င) ဧရာဝတီတိုင်းဒေသကြီး၊သာပေါင်းမြို့နယ်၊ အထက-စက်ဒေါင့်ကြီး (၆၀×၃၀)ပေ Plinth Level (၆) ပေ၊ RCC- 1 ထပ်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၅၄၉၊ ၀၆၇-၄၀၇၆၉၄၊ ၀၆၇-၄၀၇၆၈၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း သီးခြားငွေထုတ်စာရင်းခေါင်းစဉ်ဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဝယ်ယူလိုသည့် အောက်ဖော်ပြပါပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 4-8(T)/MESC/2016-2017 | သာစည်မြို့နယ်ရေပေါင်းဆုံ ပင်မဓာတ်အား ခွဲရုံဝင်းအတွင်း (ပေ၆၀×ပေ ၅၀) E Type ဝန်ထမ်းအိမ်ရာ သံကူကွန်ကရစ် အဆောက်အအုံ (၁)လုံး (RC Buildling 4 Angle Roofing (Colour Sheet), Spetice Tank မီး အပါအဝင်) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၁-၂၀၁၇ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၃-၁-၂၀၁၇ရက် မွန်းလွဲ ၁း၀၀နာရီတွင် တင်ဒါပိတ်မည် ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
၂၇ လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၉၁၂၁

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရိက္ခာဆန်ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်အတွင်း အကျဉ်းထောင်/ စခန်းများရှိ အကျဉ်းသား/အချုပ်သားများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန်များကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်ရက်** - ၉-၁-၂၀၁၇ ရက်မှ ၃-၂-၂၀၁၇ ရက်အထိ ကချင်ပြည်နယ်ဦးစီးမှူးရုံး အကျဉ်းဦးစီးဌာန

၃။ **အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်ရက်၊ အချိန်နှင့်နေရာ** - ၆-၂-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီ ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဖုန်း-၀၇၄-၂၂၈၀၁၊ ၀၇၄-၂၉၅၀၃ ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(ခ) ဖုန်း-၀၉-၆၄၀၀၃၂၆၊ ၀၇၄-၂၁၄၀၁ ကချင်ပြည်နယ်ဦးစီးမှူးရုံး အကျဉ်းဦးစီးဌာန

**တင်ဒါစိစစ်ရေးအဖွဲ့**
**ကချင်ပြည်နယ်**
**ပြည်ထဲရေးဝန်ကြီးဌာန**

## ရေးဖြေစာမေးပွဲကျင်းပမည့်ရက် ကြေညာခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ခန့်ထားမည့် ဒုတိယဦးစီးမှူး (စီမံ၊ ဥပဒေ၊ ဥယျာဉ်၊ သုတေသန)၊ အငယ်တန်းအင်ဂျင်နီယာ (၂)၊ ပုံဆွဲ (၂)နှင့် စာရင်းကိုင် (၂)ရာထူးနေရာများအတွက် ရေဖြေစာမေးပွဲကို အောက်ပါအတိုင်း နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) ၂၈-၁-၂၀၁၇ မြန်မာစာ၊ အင်္ဂလိပ်စာ

(ခ) ၂၉-၁-၂၀၁၇ အထွေထွေဗဟုသုတ

၂။ ဖြေဆိုရမည့် အချိန်နှင့်နေရာတို့ကို စာမေးပွဲဖြေဆိုခွင့်ကတ်ပြားတွင် တစ်ပါတည်းဖော်ပြထားမည်ဖြစ်ပြီး ၂၃-၁-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၄၀)၊ နေပြည်တော်တွင် မှတ်ပုံတင်မူရင်းနှင့်အတူ ထုတ်ယူကြပါရန် အသိပေးအပ်ပါသည်။

**စိစစ်ရွေးချယ်ရေးအဖွဲ့**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ဓာတ်ခွဲခန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) Distillation Unit (Model:VA PODEST-450 (VAP-450) - (၁)ခု

(ခ) Watch Dog 2900 ET weather Station - (၃)ခု

၂။ တင်ဒါပုံစံများအား ကြော်ငြာပါသည့်ရက်မှစ၍ ငွေကိုင်ဌာန ဖုန်း-၀၆၇-၄၁၆၆၈၆ တွင် ဝယ်ယူနိုင်ပြီး ၁၃-၁-၂၀၁၇ရက် (သောကြာနေ့) ၁၆း၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၄၀၂၃၄၀၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် စာရေးကိရိယာနှင့် Computer Copiers ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**စာရေးကိရိယာ**

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | စာအိတ် လတ် ပုံစံ (၇) | ၁၀၀၀ |
| ၂ | စာအိတ် သေး | ၁၀၀၀ |
| ၃ | မျဉ်းပါစာအုပ် | ၁၀၀ |
| ၄ | TF-17 (အတွင်း/အပြင်) | ၁၀၀၀ |
| ၅ | TF-131 | ၃၀၀၀ |
| ၆ | စာတွဲကလစ် (စက္ကူဘူး) | ၁၀၀ |
| ၇ | TF-18 (အတွင်း/အပြင်) | ၅၀၀ |

**Computer,Copier ဆက်စပ်ပစ္စည်း**

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | External Harddise (1TB) | 10 Nos |
| ၂ | Canon Fax L-140 Fx9 Fax Cartridge | 10 Nos |
| ၃ | Canon LBP 2900 Printer Cartridge | 20 Nos |
| ၄ | Konica Printer Cartidge (1500W) | 20 Nos |
| ၅ | Copier Drum Unit (Set) | 7 Nos |

၂။ တင်ဒါပိတ်ရက်မှာ ၂၀-၁-၂၀၁၇ ရက် (သောကြာနေ့) ညနေ ၃နာရီ ဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၃၂၊ ၄၁၁၄၄၆**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင်
## Electronic Toll Collection စနစ်တပ်ဆင်အသုံးပြုရန်
## အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ တိုးလ်ဂိတ်ကြီး(၆)ဂိတ်နှင့် မီနီဂိတ်(၁၁) ဂိတ်များတွင် ငွေကြေးကောက်ခံမှုစနစ် (Electronic Toll Collection)ကို တပ်ဆင်အသုံးပြုမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသောကုမ္ပဏီများမှ အဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းရာတွင် အောက်ပါအချက်အလက်များနှင့် မိမိတို့ကုမ္ပဏီ၏ စွမ်းဆောင်နိုင်မည့် နည်းပညာ၊ အစီအမံတို့အား ပြည့်စုံစွာဖြင့် အဆိုပြုတင်သွင်းရမည် ဖြစ်ပါသည်။

(က) ကုမ္ပဏီမှတ်ပုံတင်၊ ကုမ္ပဏီအကြောင်းနှင့်အတွေ့အကြုံများ (Company Certificate Company Profile)

(ခ) ဆောင်ရွက်မည့်နည်းပညာ၊ အသုံးပြုမည့်ပစ္စည်းများနှင့် ဆောင်ရွက်မည့်ပုံစံ (Technical and Operation Proposal)

၃။ အဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း အဆိုပြုလျှောက်လွှာများဝယ်ယူနိုင်ပါသည်။

(က) **လျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၉-၁-၂၀၁၇ရက်

(ခ) **လျှောက်လွှာပိတ်မည့်ရက်** - ၂၀-၁-၂၀၁၇ရက် ၁၂း၀၀နာရီ

(ဂ) **တင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ အမြန်လမ်းမကြီးထိန်းသိမ်း ပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော် (စီလမ်းဆုံ)

(ဃ) **Power Point ဖြင့် ရှင်းလင်းတင်ပြရမည့်ရက်** - ထပ်မံအတည်ပြု ပြန်ကြားပေးမည်

(င) **Power Point ဖြင့် ရှင်းလင်းတင်ပြရမည့် နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ အစည်းအဝေးခန်းမ

(စ) **ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ** - ဖုန်း-၀၆၇-၈၁၀၀၁၄၆၊ ၀၉-၄၄၈၅၃၆၂၈၂

**အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော ဧည့်မထ (၂၅ရာခိုင်နှုန်း)ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ အောက်ပါအတိုင်း ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) စစ်တွေအကျဉ်းထောင် ၆၅၄၈ အိတ်

(ခ) ဘူးသီးတောင်အကျဉ်းထောင် ၄၅၈၇ အိတ်

(ဂ) ကျောက်ဖြူအကျဉ်းထောင် ၄၈၈၂ အိတ်

(ဃ) သံတွဲအကျဉ်းထောင် ၂၁၉၃ အိတ်

စုစုပေါင်း ၁၈၂၁၀ အိတ်

၂။ တင်ဒါပေးသွင်းသူသည် တင်ဒါအာမခံစပေါ်ငွေအဖြစ် ငွေကျပ်သိန်း ၁၀၀ ကို Payment Order Cheque (PO Cheque)အား ဘဏ်တွင်ပြုလုပ်၍ တင်ဒါလျှောက်လွှာပုံစံနှင့်အတူ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး၊ စစ်တွေမြို့သို့ ပေးအပ်ရမည်။

၃။ တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ၁၉-၁-၂၀၁၇ရက်မှ ၂၇-၁-၂၀၁၇ ရက်ထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်သည်။

၄။ အိတ်ဖွင့်တင်ဒါများကို ၁-၂-၂၀၁၇ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၅။ အိတ်ဖွင့်တင်ဒါဖွင့်မည့်အချိန်မှာ ၃-၂-၂၀၁၇ရက် ၀၉း၀၀နာရီဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၄၃-၂၁၀၄၀၊ ၀၄၃-၂၃၄၁၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့**

## ဖခင်အမည်မှန်

ဥတ္တရခရိုင်၊ တပ်ကုန်းမြို့၊ အထက (၁) မှ အလယ်တန်းပြဆရာမ ဒေါ်တင်မမ ၉/တကန(နိုင်)၀၉၈၂၂၀၏ ဖခင်အမည်မှန်မှာ ဦးညွန့်ရွှေ (PMA-၀၆၈၉၉၂) ဖြစ်ပါကြောင်း။

**ဦးညွန့်ရွှေ PMA-၀၆၈၉၉၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသိန်းထွန်း၏သမီး ဥတ္တရခရိုင်၊ တပ်ကုန်းမြို့၊ အထက(၁)မှ ဒေါ်သီတာ သိန်းထွန်းနှင့်ဒေါ်သီတာမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်သီတာသိန်းထွန်း(ခ)ဒေါ်သီတာ**
**၉/တကန(နိုင်)၀၀၈၉၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၁၆၀၅၅ Trawlergi ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွေး ၁/ဗမန(နိုင်)၀၀၃၈၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဗန်းမော်)၊ ဗန်းမော်မြို့**

## အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားသည့် (Recruitment Point System)
## EPS-TOPIK အောင်မြင်ပြီး Skills-Test (ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း)၊
## Competency Test (လုပ်ကိုင်နိုင်မှုစွမ်းရည်စစ်ဆေးခြင်း)
## စာမေးပွဲအောင်မြင်သူများအတွက် အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ကိုရီးယားသမ္မတနိုင်ငံတွင် EPS စနစ်ဖြင့် အလုပ်လုပ်ကိုင်လိုသူများအတွက် မြန်မာနိုင်ငံတွင် ပထမအကြိမ်ဆောင်ရွက်သော အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားသည့် (Recruitment Point System)အရ ကိုရီးယားဘာသာစကား အရည်အချင်းစစ်ဆေးသည့် EPS-TOPIK အောင်မြင်သူများမှ Skills-Test (ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း)၊ Competency Test (လုပ်ကိုင်နိုင်မှုစွမ်းရည်စစ်ဆေးခြင်း)များကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၉ရက်ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းတို့အနက် ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည့် (ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း) စာမေးပွဲအောင်မြင်သူများအတွက် အလုပ်လျှောက်လွှာ(Job Application Form) များအား ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၆ရက်မှစ၍ ယှဉ်တွဲပါရက်များအလိုက် ဖော်ပြထားသော EPS-TOPIK စာမေးပွဲခုံနံပါတ်များအတိုင်း နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ လျှောက်လွှာများ စိစစ်ထုတ်ပေးခြင်း/လက်ခံခြင်းများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ဒဂုံမြို့သစ်မြောက်ပိုင်း)တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အပြီးသတ်စာမေးပွဲအောင်မြင်သူတို့၏ လျှောက်လွှာများအား အောက်ပါနေ့ရက်များအလိုက် ယှဉ်တွဲဖော်ပြပါခုံနံပါတ်များအတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်-

| | | | | | | |
|---|---|---|---|---|---|---|
| (က) | ၁၆-၁-၂၀၁၇ ရက် | ခုံအမှတ် | ၅၀၀၀၀၁ | မှ | ၅၀၂၂၀၉ | ထိ |
| (ခ) | ၁၇-၁-၂၀၁၇ ရက် | ။ | ၅၀၂၂၁၂ | မှ | ၅၀၄၅၄၄ | ထိ |
| (ဂ) | ၁၈-၁-၂၀၁၇ ရက် | ။ | ၅၀၄၅၄၆ | မှ | ၅၀၇၁၄၆ | ထိ |
| (ဃ) | ၁၉-၁-၂၀၁၇ ရက် | ။ | ၅၀၇၁၄၈ | မှ | ၅၀၉၆၈၂ | ထိ |
| (င) | ၂၀-၁-၂၀၁၇ ရက် | ။ | ၅၀၉၆၈၃ | မှ | ၅၁၂၄၃၃ | ထိ |

၃။ ကျန်းမာရေးဆေးစစ် အောင်မြင်ပြီးသူများ၏ အလုပ်လျှောက်လွှာများ ပြန်လည်တင်သွင်းခြင်းကို အောက်ဖော်ပြပါ နေ့ရက်များ၌ယှဉ်တွဲဖော်ပြပါ ခုံနံပါတ်များအတိုင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| | | | | | | |
|---|---|---|---|---|---|---|
| (က) | ၁၉-၁-၂၀၁၇ ရက် | ခုံအမှတ် | ၅၀၀၀၀၁ | မှ | ၅၀၀၉၄၁ | ထိ |
| (ခ) | ၂၀-၁-၂၀၁၇ ရက် | ။ | ၅၀၀၉၄၂ | မှ | ၅၀၁၈၃၇ | ထိ |
| (ဂ) | ၂၁-၁-၂၀၁၇ ရက် | ။ | ၅၀၁၈၃၈ | မှ | ၅၀၂၇၆၆ | ထိ |
| (ဃ) | ၂၃-၁-၂၀၁၇ ရက် | ။ | ၅၀၂၂၇၈ | မှ | ၅၀၃၇၃၅ | ထိ |
| (င) | ၂၄-၁-၂၀၁၇ ရက် | ။ | ၅၀၃၇၃၇ | မှ | ၅၀၄၇၅၁ | ထိ |
| (စ) | ၂၅-၁-၂၀၁၇ ရက် | ။ | ၅၀၄၇၅၅ | မှ | ၅၀၅၈၇၁ | ထိ |
| (ဆ) | ၂၆-၁-၂၀၁၇ ရက် | ။ | ၅၀၅၈၇၅ | မှ | ၅၀၆၉၀၃ | ထိ |
| (ဇ) | ၂၇-၁-၂၀၁၇ ရက် | ။ | ၅၀၆၉၀၄ | မှ | ၅၀၇၉၃၃ | ထိ |
| (ဈ) | ၂၈-၁-၂၀၁၇ ရက် | ။ | ၅၀၇၉၃၆ | မှ | ၅၀၉၀၄၁ | ထိ |
| (ည) | ၃၀-၁-၂၀၁၇ ရက် | ။ | ၅၀၉၀၄၂ | မှ | ၅၁၀၁၁၆ | ထိ |
| (ဋ) | ၃၁-၁-၂၀၁၇ ရက် | ။ | ၅၁၀၁၁၇ | မှ | ၅၁၁၄၀၁ | ထိ |
| (ဌ) | ၁-၂-၂၀၁၇ ရက် | ။ | ၅၁၁၄၀၃ | မှ | ၅၁၂၄၃၃ | ထိ |

၄။ လျှောက်လွှာထုတ်ယူရာတွင် သတိပြုရမည့်အချက်များ-

(က) လျှောက်လွှာအား ကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ်၊ စာမေးပွဲဖြေဆိုခွင့်ဖြတ်ပိုင်းများနှင့်အတူ ပြသထုတ်ယူရမည်။

(ခ) ဓာတ်ပုံရိုက်ခြင်းအား စာမေးပွဲစစ်ဆေးခဲ့စဉ်က တင်ပြသည့်ပုံ၊ နိုင်ငံကူးလက်မှတ်ပါပုံနှင့် ယခုတင်ပြသည့် ဓာတ်ပုံတို့ ကွဲလွဲမှုမရှိစေရန် သတိပြုရပါမည်။

(ဂ) ဆေးစစ်ခြင်းအားသတ်မှတ်ထားသည့် ဆေးခန်းများ၌သာ ပြုလုပ်ရပါမည်။

၅။ အလုပ်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ-

(က) အလုပ်လျှောက်လွှာနှင့် ပတ်စ်ပို့ဓာတ်ပုံ (၆)ပုံ

(ခ) ကျန်းမာရေးဆေးစစ်ချက်မှတ်တမ်းမူရင်းနှင့် မိတ္တူ

(ဂ) နိုင်သားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ

(ဃ) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ(နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံးတစ်နှစ်ကျန်ရှိရမည်။)

(င) ကိုယ်ပိုင်ငွေစာရင်း Bank Account ဖော်ပြရမည်ဖြစ်သဖြင့် နိုင်ငံပိုင်/ပုဂ္ဂလိကဘဏ်တစ်ခုခုတွင် Passport ပါ အမည်အတိုင်း ဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဘဏ်ငွေစာရင်းစာအုပ်မူရင်း/မိတ္တူ ပူးတွဲတင်ပြရန်။

(စ) အိမ်ထောင်စုဇယားမူရင်းနှင့် မိတ္တူ

(ဆ) ပညာအရည်အချင်းအထောက်အထားမူရင်းနှင့်မိတ္တူ

(ဇ) စက်မှု၊ လက်မှုပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအထောက်အထားရှိက မူရင်းနှင့် မိတ္တူ

(ဈ) အခြားအလုပ်ခွင် Training သင်တန်းဆင်းလက်မှတ်များရှိက မူရင်းနှင့် မိတ္တူ

၆။ အလုပ်လျှောက်လွှာများ ထုတ်ပေးခြင်းနှင့်လက်ခံခြင်းများအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ (ဒဂုံမြို့သစ်မြောက်ပိုင်း) မြို့နယ်၊ (၄၃) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၌ ပြုလုပ်ပါမည်။

၇။ အလုပ်လျှောက်လွှာတွင် အချက်အလက်များ၊ တင်ပြသည့်အထောက်အထားများ မှန်ကန်စွာဖြည့်စွက်ဖော်ပြရန် လိုအပ်ပါသည်။ မမှန်မကန်ဖော်ပြဖြည့်စွက်ခဲ့ပါက ကာယကံရှင်၏ တာဝန်သာဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်လျှောက်လွှာနှင့်ပတ်သက်၍ သိရှိလိုသောအချက်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃**

ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာ ဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် ဇန်နဝါရီလအတွင်း အောက်ပါ သင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

**''Logistics Management Course for Entrepreneurs''**

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၁၁-၁-၂၀၁၇ရက်မှ ၂၀-၁-၂၀၁၇ရက် (ညနေပိုင်း ၈ရက် သင်တန်း)

**သင်တန်းကြေး** - ၄၀၀၀၀(ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ/ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန်**-ပါရမီလမ်း၊ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)
ဖုန်း-၀၁-၅၂၂၈၇၅၊ ၀၁-၅၂၂၈၇၆၊ ၀၉-၂၅၂၈၅၄၃၃၉

## ဟင်္သာတတက္ကသိုလ်
## ဘွဲ့နှင်းသဘင် ဓာတ်ပုံရိုက်ကူးခွင့် တင်ဒါခေါ်ယူခြင်း

၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ၌ ကျင်းပမည့် ဟင်္သာတတက္ကသိုလ်၊ (၁၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်း လျှောက်ထားလိုသူများသည် ဈေးပြိုင်စနစ်ဖြင့် အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို ၁၈-၁-၂၀၁၇ရက်မှ ၇-၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ တင်သွင်းကြရမည်ဖြစ်ပြီး တင်ဒါ စည်းမျဉ်းစည်းကမ်းများကို ဟင်္သာတတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာနစိတ်နှင့် ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာဌာန၊ ဖုန်း-၀၄၄-၂၁၁၃၆၊ ၂၁၅၄၄၊ ၂၁၅၄၉လိုင်းခွဲ-၂၁၄၊ ၂၄၂ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**(၁၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်**
**ဓာတ်ပုံရိုက်ကူးခွင့် တင်ဒါခေါ်ယူရေးအဖွဲ့**
**ဟင်္သာတ တက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
## ရန်ကုန်မြို့
# လျှောက်လွှာခေါ်ယူခြင်း

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတွင် ဒုတိယ ဦးစီးမှူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး (၉)နေရာ လစ်လပ် လျက်ရှိပါသည်။ လစ်လပ် ရာထူး(၉)နေရာတွင် စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိသူများ၊ ဝိဇ္ဇာဘွဲ့ရရှိသူများနှင့် ကွန်ပျူတာ သိပ္ပံဘွဲ့ရရှိသူများအား ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တွင် ကနဦးလစာကျပ် ၁၈၀၀၀၀/-ဖြင့် အလုပ်သင်အဖြစ် စတင်ခန့်ထားပါမည်။ ရွေးချယ် ခြင်းခံရသူများသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ပြီးမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထား၍ နှစ်တိုးလစာကို ခံစား ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါ ဘွဲ့တစ်ခုခုရရှိသူ များဖြစ်ရပါမည်-
  - (၁) ဝါဏိဇ္ဇဘွဲ့ (B.Com)
  - (၂) စီးပွားရေးပညာဘွဲ့(စာရင်းအင်း) B.Econ(Statistics)
  - (၃) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) B.Econ (Economic)
  - (၄) စာရင်းကိုင်ပညာဘွဲ့ (B.Act)
  - (၅) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
  - (၆) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
  - (၇) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English)
  - (၈) ဥပဒေဘွဲ့ (LL.B)
  - (၉) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)
- (ဂ) ၂၈-၂-၂၀၁၇ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်စေရ။ အစိုးရ ဝန်ထမ်းများအား အသက်(၃၀)ထိ ခွင့်ပြုသည်။

၄။ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့် ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ရေးဖြေစာမေးပွဲအစီအစဉ်ကိုသတင်းစာ များတွင် ထပ်မံကြေညာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေးကျပ် ၅၀၀/- ပေးသွင်းရမည်ဖြစ်ပါ သည်။ ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်တွင် စာမေးပွဲဝင်ကြေး ပေးသွင်းသူများသည် ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)ရှိ ငွေစာရင်းအမှတ် (MD-010123) သို့ ငွေစာရင်းခေါင်းစဉ် ၁၈။ ၁၆။ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံး "၁။ ပစ္စည်းများ ရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၀၂။ဆောင်ရွက်ပေးမှုအတွက် ရငွေများ"ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ် အောက်ရှိ ကွက်လပ်တွင် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ရုံး၊ ဒုတိယဦးစီးမှူးရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်းဟု ဖော်ပြ၍ပေးသွင်း ရမည်ဖြစ်ပါသည်။ နယ်မှပေးသွင်းသူများသည် Fax ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၆။ လျှောက်လွှာတွင်-
- (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးသက္ကရာဇ်(အသက်)
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
- (စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့် ရက်စွဲ
- (ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်
- (ဈ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ(မိဘနေရပ်)တို့ကို ဖော်ပြရမည်။

၇။ လျှောက်လွှာနှင့်အတူ
- (က) ဝင်ကြေးပေးသွင်းသည့်ချလန်မူရင်း
- (ခ) ဘွဲ့လက်မှတ်မိတ္တူ
- (ဂ) ရရှိသည့်ဘွဲ့နှင့် အမှတ်စာရင်းမိတ္တူ
- (ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူ
- (င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့်သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ၃၁-၁-၂၀၁၇ နောက်ပိုင်းရရှိသည့် အကျင့် စာရိတ္တထောက်ခံချက်မူရင်းတို့ပါရှိရမည်။

၈။ ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် ညွှန်ကြားရေးမှူးချုပ်၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၊ရန်ကုန်မြို့သို့ လိပ်စာ တပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်စာပြုလုပ်၍ သော်လည်းကောင်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးသို့ ၂၈-၂-၂၀၁၇ ရက်နောက်ဆုံးထား၍ ပေးပို့ရမည်။

၉။ ဝန်ထမ်းများသည် ဌာနအကြီးအကဲခွင့်ပြုချက်လက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤကော်မရှင်ရုံးသို့ ၁၀-၃-၂၀၁၇ ရက် နောက်ဆုံးထား၍အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို ၂၈-၂-၂၀၁၇ ရက် နောက်ဆုံးထား၍ ဤကော်မရှင်ရုံးသို့ ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

## လယ်တီဆရာတော်ကြီးနည်းနိဿယဖြင့် သံဃာတော်များ တရားစခန်းဖွင့်လှစ်မည်

လယ်တီဆရာတော်ကြီး၏ ကမ္မဋ္ဌာနာနည်းနိဿယနှင့်အညီ မဟာသဒ္ဓမ္မဇောတိကဓဇ ဝိပဿနာဆရာကြီးဦးဂိုအင်ကာ၏ ခွင့်ပြုချက်ရရှိထားသော သီရိလင်္ကာနိုင်ငံရှိ တရားပြဆရာတော် VENERABLE ANURADHAPURA AMATAWIMALA THERO မှအထူးအစီအစဉ်အရ သံဃာတော်များအတွက် ၂၀၁၇ ခုနှစ်တွင် ၁၀ ရက်တရားစခန်း များကို ဖွင့်လှစ်ပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော သံဃာတော်များ အောက်ပါရိပ်သာတွင် စာရင်းပေးသွင်း နိုင်ပါကြောင်း။

| စဉ် | ရိပ်သာအမည် | လိပ်စာ | နေ့ရက် | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဓမ္မမဏ္ဍပရိပ်သာ | မန္တလေးမြို့ | ၁၃-၁-၁၇ မှ ၂၄-၁-၁၇ ထိ | ၀၉-၇၇၇၃၈၄၅၂၁၊ ၀၉-၂၅၉၁၁၃၂၃၈ |
| ၂ | ဓမ္မရွှေရိပ်သာ | ရွှေဘိုမြို့ | ၂၈-၁-၁၇ မှ ၈-၂-၁၇ ထိ | ၀၉-၂၅၉၇၉၅၆၀၀ |
| ၃ | ဓမ္မဇောတိရိပ်သာ | ရန်ကုန်မြို့ | ၁၃-၂-၁၇ မှ ၂၄-၂-၁၇ ထိ | ၀၁-၅၄၉၂၉၀၊ ၅၄၆၆၆၀ |
| ၄ | ဗာရာဏသီဘုန်းကြီးကျောင်း | ပုလဲမြို့သစ် မင်္ဂလာဒုံမြို့နယ် | ၂၆-၂-၁၇ မှ ၉-၃- ၁၇ ထိ | ၀၉-၄၃၂၁၁၇၇၇၊ ၀၉-၇၃၁၅၄၄၈၁ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
## ဓာတုဗေဒစစ်ဆေးရေးဌာန၊ ဌာနခွဲ(နေပြည်တော်)
## တင်ဒါခေါ်ယူခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒစစ်ဆေးရေးဌာန၊ DNA ဌာနခွဲမှ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်း (ဓာတုဆေးရည်/ဆေးမှုန့်များနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ)အား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၁-၂၀၁၇ ရက်မှ ၂၅-၁-၂၀၁၇ ရက်ထိ
**အိတ်ဖွင့်တင်ဒါသွင်းရမည့်ရက်** - ၂၆-၁-၂၀၁၇ ရက်

တင်ဒါအဆိုပြုလွှာဖွင့်ဖောက်စစ်ဆေးခြင်းအား ၂၆-၁-၂၀၁၇ ရက် နံနက် ၉း၃၀နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိ မြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ လှတော်ဝင်လမ်းရှိ ဓာတုဗေဒစစ်ဆေးရေးဌာန DNA ဌာနခွဲတွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံများအား တစ်စောင်လျှင် ၁၀၀၀၀ ကျပ် (ကျပ်တစ်သောင်း)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒစစ်ဆေးရေးဌာန၊ DNA ဌာနခွဲ၊ နေပြည်တော်၌ သတ်မှတ်ရက်များတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း-၀၆၇-၈၁၀၃၂၉၆၊ ၀၆၇-၈၁၀၃၂၉၈၊ ၀၆၇-၈၁၀၃၂၉၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဓာတုဗေဒစစ်ဆေးရေးဌာန**
**DNA ဌာနခွဲ(နေပြည်တော်)**

# အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်မည့် အဆောက်အအုံများ Pile ရိုက်ခြင်းလုပ်ငန်းဆောင်ရွက် ရာတွင် စည်းကမ်းတကျဆောင်ရွက်မှုရှိစေရန် ဘေးပတ်ဝန်းကျင်ရှိ အဆောက်အအုံများ၊ လမ်းများ၊ ရေမြောင်းများ၊ ပလက်ဖောင်းများ ထိခိုက်မှုမရှိအောင် ဆောင်ရွက်စေရန်နှင့် အဆိုပါဆောင်ရွက်ချက်များကို တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ထောက်ခံချက်ပေးထားသည့် Pile ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေ သော ကုမ္ပဏီ (၄၃)ခုအား လိုင်စင်ထုတ်ပေးခဲ့၍ ကြေညာခဲ့ပြီး ယခုထပ်မံ၍ ထောက်ခံချက်ရရှိသည့်အောက်ဖော်ပြပါကုမ္ပဏီ (၇)ခု အား လိုင်စင်ထုတ်ပေးထားပြီးဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | Myanmar D & C Engineering Company | No.E3B, Hlaing Yandanar Villa, Thazin St, Hlaing Township, Yangon. 09-421075333, 09-250271615 E-mail:dinhnguyenpe@gmail.com. pyaephyokywe7@gmail.com. |
| (ခ) | ရွှေအုတ်ခဲ ဆောက်လုပ်ရေး | အမှတ် (၄၄)၊ ဆောင်းနှင်းသဇင်လမ်း၊ FMI City၊ လှိုင်သာယာ မြို့နယ်။ 09-5045478, 09-49229508 |
| (ဂ) | CROWN ADVANCED CONSTRUCTION COMPANY LIMITED | အမှတ် (၄၅)၊ ဦးထွန်းညိုလမ်း၊ စက်မှုဇုန်(၃)၊ ရွှေပြည်သာမြို့နယ်။ 01-618601, 01-618600, 09-5061333 FAX; 01-618009 |
| (ဃ) | BOSTOM Co.,Ltd. | တိုက်(ဘီ)၊ အခန်း (၁၀၀၅)၊ ရွှေဟင်္သာကွန်ဒို၊ ရွှေဟင်္သာလမ်းနှင့် ပြည်လမ်းထောင့်၊ ကမာရွတ်မြို့နယ်။ 09-8300414, 09-785527994 |
| (င) | Asia Express (YGN)Bored & Press Piling Co.,Ltd. | အမှတ် (၂၇၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်။ 01-291106, 09-8601823,09-795326942 |
| (စ) | DTCN HOLDING (MYANMAR) CO.,LTD. | အမှတ် (၃၂)၊ ဖွံ့ဖြိုးရေး (၅)လမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နယ်။ 09-254905121, 09-791658016 |
| (ဆ) | LUCKY CONCRETE PRECAST PRODUCT MANUFACTURING CO.,LTD. | No.217/222, U Tun Nyo Street, Industry Zone (1), Dagon Seikan Township 01-593725, 09-973659312 E-mail:luckyconcrete@gmail.com |

၂။ ၁-၁-၂၀၁၆ရက်မှစ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်တင်ပြရာတွင် ဤကော်မတီမှ အသိအမှတ်ပြု Pile ရိုက်ခြင်းလုပ်ငန်းလိုင်စင် ရယူထားသည့် ကုမ္ပဏီများကိုသာ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြမည့်သူများ သိရှိနိုင်ပါရန်နှင့် Pile ရိုက်ခြင်းလုပ်ငန်းလိုင်စင် လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများအနေဖြင့် အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၏ ထောက်ခံချက်ပူးတွဲတင်ပြ၍ လျှောက်ထားနိုင်ကြောင်း အသိပေး အပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ (၁၀)ထပ်ရုံးသို့ ရုံးချိန်အတွင်း လာရောက်၍ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၄၀၇၇၊ ၀၁-၃၇၄၀၅၅သို့လည်းကောင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဗန်းမော်မြို့ ဟန်းတဲရပ်ကွက် ဟတ-၄၈၁နေ ဦးမြင့်ဆွေ၁/မကတ(နိုင်) ၀၁၂၈၇- ဒေါ်ပြုံးကြည် ၁/ဗမန(နိုင်) ၀၃၉၀၃၆တို့၏သား မောင်ကောင်းမြင့်သူ ၁/ဗမန(နိုင်)၁၀၆၁၆၃သည် မိဘတို့ကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ကာ မိမိသဘောဆန္ဒအလျောက် အိမ်မှဆင်းသွား ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့် လွှတ်၍ ၎င်းနှင့်ပတ်သက်သော အမှု ကိစ္စမှန်သမျှလုံးဝတာဝန်ယူဖြေရှင်းမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်ဆွေ**

## အများသိစေရန်ကြေညာခြင်း

ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ဥတ္တံတားလမ်း၊ အိမ်အမှတ်၁၀/၇၅၊ မြေတိုင်းအမှတ် ၁၀/အနောက်မစိုးရိမ်၊ ဦးပိုင်အမှတ်၇၂^ကတွင် နေထိုင်သူ ကျွန်မ ဒေါ်ခင်သက်ဝါ ၉/မခန(နိုင်)၁၂၁၄၀၉ သည် ပျဉ်းမနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဘိုးဘပိုင်မြေကွက်အရောင်းအဝယ်စာချုပ်အမှတ် ၈၆/၂၀၁၆(၂၈-၇-၂၀၁၆)ပါ စာချုပ်အရ ဦးရွှေပင် ၁၂/ကမရ(နိုင်)၀၂၇၆၈၃နှင့် ကျွန်မ ဒေါ်ခင်သက်ဝါတို့ပူးတွဲ ဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်ဖြစ်ပါသည်။ ထို့ကြောင့်ယင်းမြေကွက်နှင့် ပတ်သက်၍ ကျွန်မဒေါ်ခင်သက်ဝါ၏ အတိအလင်း သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦး တစ်ယောက်မျှ မိမိတစ်ဦးတည်း အမည်သို့ ပြောင်းလဲခြင်း၊ ကျူးကျော်နေထိုင်ခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းနှင့် အခြားတစ်နည်း နည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်သက်ဝါ ၉/မခန(နိုင်)၁၂၁၄၀၉**
**ဖုန်း-၀၉-၇၉၇၇၂၂၇၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်း မြို့၊ လုလင်ကျော်အုပ်စု၊ အုန်းကုန်း ကျေးရွာနေ ကိုနိုင်ဝင်း၇/လပတ (နိုင်)၀၅၃၈၂၂သည် မိဘများ ဆိုဆုံးမမှုကို နားမထောင်သဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ် လိုက်သည်။

**ဦးအောင်မြ-ဒေါ်ကျင်သန်း**

## သက်ဆိုင်သူနှင့်အများသိစေရန် ကြေညာခြင်း

ဒလမြို့နယ်နေ ကျွန်တော် ကိုဆန်းဦး ၁၂/တတန(နိုင်)၁၂၉၉၆၄နှင့် အင်းစိန်မြို့နယ်၊ အမှတ်(၂၆၈)၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်နေ ကျွန်မ မမေသီရိခင် ၁၂/အစန(နိုင်) ၁၉၇၇၄၁တို့သည် မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေနှင့်အညီ တရားဝင်လက်ထပ်ပေါင်းသင်းနေထိုင်မှုရှိ နေသော ငယ်ပေါင်းဇနီး မောင်နှံဖြစ်ကြောင်း သက်ဆိုင်သူနှင့်အများ သိစေရန် ကြေညာအပ်ပါသည်။

**ကိုဆန်းဦး** **မမေသီရိခင်**
**၁၂/တတန(နိုင်)၁၂၉၉၆၄** **၁၂/အစန(နိုင်)၁၉၇၇၄၁**

## ဖခင်အမည်မှန်

ချောက်မြို့နယ် စလေစံပြ ကိုယ်ပိုင် အထက်တန်းကျောင်းနဝမတန်း(B)မှ မောင်အောင်အောင်ဦး၏ ဖခင် အမည်မှန်မှာ ဦးလှိုင် ၈/ခမန(နိုင်) ၂၂၆၅၀၆ ဖြစ်ပါကြောင်း။

**ဦးလှိုင်**

## ဖခင်အမည်မှန်

ချောက်မြို့နယ် ဆူးတောကျေးရွာ အထက (ခွဲ)နဝမတန်းမှ မအိသဉ္ဇာနွယ်နှင့် လေးပင် ကုန်းကျေးရွာ အလက(ခွဲ) အဌမတန်းမှ မရွှန်းလဲ့လဲ့နိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် ၈/ခမန(နိုင်)၁၃၅၃၂၃ ဖြစ် ပါကြောင်း။

**ဦးသိန်းနိုင်**

## ဖခင်အမည်မှန်

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ခတက္ကန် (တ) အထက(ခွဲ) သတ္တမတန်း(A)မှ မောင်အောင် မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးလှိုင်မြင့် ၅/ မရန(နိုင်) ၁၄၄၀၀၇ ဖြစ်ပါကြောင်း။

## ရခိုင်သဟာယအသင်း(ရန်ကုန်)နှင့်
## ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်)
## ရခိုင်ပညာရည်ချွန်ဆု၊ ထူးခြားထူးချွန်ဆုပေးပွဲကျင်းပမည်

ရခိုင်သဟာယအသင်း(ရန်ကုန်)နှင့် ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်) တို့၏ နှစ်စဉ်ပုံမှန်ကျင်းပမြဲဖြစ်သော ရခိုင်ပညာရည်ချွန်ဆုနှင့် ထူးခြား ထူးချွန်ဆုပေးပွဲကို ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ဗဟန်းမြို့နယ်၊ အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ရခိုင်တစ်ပြည်နယ် လုံးတွင် (သိပ္ပံတွဲ)ဖြင့် ပထမ၊ ဒုတိယ၊ တတိယရရှိသူများ၊ (၅) ဘာသာနှင့် (၆)ဘာသာဂုဏ်ထူးရှင်များ၊ နိုင်ငံတစ်ဝန်းလုံးမှအောင်မြင်ပြီး ရန်ကုန်မြို့၌ ကျင်းပမည့် ဆုချီးမြှင့်ပွဲသို့တက်ရောက်နိုင်မည့် (၃)ဘာသာနှင့်အထက် အသင်းနှစ်သင်း၏ အသင်းဝင်သားသမီးဂုဏ်ထူးရှင်များနှင့် နိုင်ငံတကာအဆင့်၊ နိုင်ငံတော်ဗဟိုအဆင့်တို့၌ အားကစား၊ စာပေ၊ ဂီတ၊ အနုပညာနယ်ပယ်တွင်ဆု ရရှိကြသူများသည် သက်ဆိုင်ရာဆု၊ ဂုဏ်ပြုလက်မှတ်အထောက်အထားများ နှင့်အတူ (၂၇-၁-၂၀၁၇)ရက် နောက်ဆုံးထား၍ ရခိုင်သဟာယအသင်း(ရန်ကုန်)၊ ရုံးအမှတ် (၄၅)၊ ဒု-ထပ်၊ ၁၆၆လမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၁-၄၃၀၁၇၂၊ ရခိုင်အမျိုးသမီးအသင်းမှ ဒေါ်ခင်နှင်းကြည် ဖုန်း-၀၉-၂၀၄၆၁၈၂တို့ထံသို့ ဆက်သွယ်လျှောက်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

**ဆုပေးပွဲကျင်းပရေးအဖွဲ့**

## ၁၉၉၁-၉၄ ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

သူငယ်ချင်းတို့ရေ ကျောင်းပြီးခဲ့တဲ့ ၂၂နှစ်အကြာမှာ တို့တစ်တွေရဲ့ ဆရာကြီး ဆရာမကြီးများကို ရိုရိုသေသေ ကန်တော့ကြရင်းပြန်ဆုံကြရအောင် ကြိုးစားအရောက် လှမ်းလာခဲ့ဖို့ နွေးထွေးစွာဖိတ်ခေါ်ပါရစေ။

**နေရာ** - M3 Food Center ဗဟန်းအားကစားဝင်း၊ တော်လှန်ရေးပန်းခြံရှေ့
**နေ့ရက်** - ၁၄-၁-၂၀၁၇ရက်(စနေနေ့)
**အချိန်** - နံနက် ၉နာရီ မှ မွန်းလွဲ ၁နာရီထိ

အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန်-
ကမ္ဘောဇဘဏ်(ကမာရွတ်ဘဏ်ခွဲ-၁) 021-30200701825001
Daw Thuza,Daw Su Su Htay

| | |
|---|---|
| ကိုအောင်သိန်း | ဖုန်း-၀၉-၅၁၅၀၃၇၄ |
| မဖြူဖြူခိုင် | ဖုန်း-၀၉-၅၁၆၇၈၅၁ |
| ကိုကျော်လင်းဦး | ဖုန်း-၀၉-၄၅၀၀၅၂၅၆၇ |
| မမီမီသိန်း | ဖုန်း-၀၉-၇၉၉၂၅၃၄၈၂ |
| ကိုလှမျိုးထွန်း | ဖုန်း-၀၉-၂၅၀၀၇၁၄၈၀ |
| မယဉ်မင်းထွေး | ဖုန်း-၀၉-၄၃၂၀၀၀၉၆ |
| ကိုရီလွင် | ဖုန်း-၀၉-၇၈၅၁၆၇၁၆၃ |
| မသူဇာ | ဖုန်း-၀၉-၅၀၂၁၈၉၅ |
| ကိုသန်းမြင့် | ဖုန်း-၀၉-၅၁၂၀၄၇၄ |
| ကိုအောင်ကိုကိုဇော် | ဖုန်း-၀၉-၇၃၁၇၄၀၉၇ |

Aung's College A (Tu Tu - Su Su)
Jo-4/ Lo-4 ဝင်ခွင့်၊ PPTT အမှတ်စဉ်(၄/ ၁၇)သင်တန်း၊ဝင်ခွင့်
လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး(အမျိုးသား)(ဆေးနည်းပြ)
အငယ်တန်းစာရေး(အမျိုးသမီး)ဒုလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး
အိုးအိမ်ဒုဦးစီးမှူး (သီးသန့်တန်းခွဲသစ်များ စတော့မည်အမြန်ဆက်သွယ်ပါ)
၁၀၆၊စဉ့်အိုးတန်းလမ်း၊လသာ။ ဖုန်း-250727,09-5163884

အရည်အချင်းပြည့် အတွေ့အကြုံရင့်ဆရာများ ဦးစီးသော
မာန် PPTT-4 ဝင်ခွင့် သင်တန်းများ
PPTT-3 ဝင်ခွင့် တွင် Roll No ( 1 to 6)
အတွင်း ဝင်ခွင့်ရခဲ့ကြသည်။
တိုက်(၇)၊ လှည်းတန်း(၁)လမ်း၊ရန်ကုန်။ Ph:09786583429

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ဆရာစံရပ်ကွက်၊ ဆရာစံလမ်းသွယ်၊ အမှတ် (၈၄-အီး/ဂျီ)ဟုခေါ်တွင်သည့် Grand ဆရာစံကွန်ဒိုအဆောက်အအုံ၊ အကျယ်အဝန်း ၁၆၈၄ စတုရန်းပေရှိသော အခန်းအမှတ် (၅/C ) ကွန်ဒို တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန်းစန်းကြည် ၁၀/မလမ (နိုင်)၁၃၆၅၉၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး ငွေ၏တစ်စိတ်တစ်ဒေသတန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ် သက်၍ ပိုင်ဆိုင်မှုအတွက် အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ် (၃၂)၊ အခန်းအမှတ် (၁၀)၊ ဒုတိယထပ်၊ ၂၃လမ်း၊**
**လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇**

SHWE YAMONE

ရွှေယမုံ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ ပုသိမ်သား ရေချို/ရေငန် ငါးပုစွန်၊ ပင်လယ်စာ နှင့်

PA THEIN THAR SEAFOOD DISTRIBUTION

Export

Processing

# မီးဖိုချောင်သုံးပစ္စည်းဖြန့်ဖြူးရေး

ဂျပန်နိုင်ငံတွင် မြန်မာ့ရေထွက်ကုန်ပစ္စည်းရောင်းအားအကောင်းဆုံး ရွှေယမုံကုမ္ပဏီမှ

" ဖြည့်တွင်းအတွက် အထူးအစီအစဉ် "







သင့်ရဲ့စားသောက်ဆိုင်၊ ဟိုတယ်၊ အလှူပွဲတွေအတွက်သာမက အိမ်ရှင်မတွေအတွက်ပါ လိုအပ်နေတဲ့ ငါး၊ ပုစွန်၊ ပင်လယ်စာတွေနဲ့ မီးဖိုချောင်သုံး၊ ငရုပ်၊ အာလူး၊ ကြက်သွန်၊ ငရုပ်ဆီ၊ ငံပြာရည် ကအစ ဟင်းခတ် ပစ္စည်းအားလုံးကို စိတ်ရှုပ်စရာမလိုဘဲ သက်သာသော ဈေးနှုန်း၊ မှန်ကန်သောပစ္စည်း၊ ကောင်းမွန်သောအရည်အသွေး (Quality) အပြည့်ရရှိနိုင်တဲ့ ပုသိမ်သားပင်လယ်စာနှင့် စားသောက်ကုန် ဖြန့်ဖြူးရေးကို ဖုန်းလေးတစ်ချက်ဆက်လိုက်ပါ။

ပုသိမ်သား ရေချို၊ ရေငန်ငါးပုစွန်ပင်လယ်စာဖြန့်ဖြူးရေးမှ လူကြီးမင်း၏ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် သီးသန့်အော်ဒါလိုအပ်သူများအား မီးဖိုချောင်သုံးကုန်ခြောက်များဖြစ်သောအရွယ်အစား ဆိုဒ်စုံ- ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုပ်ရှည်၊ ငရုပ်ပွ၊ ပဲခြမ်း၊ မန်ကျည်းသီး၊ ငံပြာရည်၊ ရှာလကာရည်၊ အချဉ်ရည်နှင့် ပဲငံပြာရည်များကိုလည်း နေ့စဉ်အရောက်ပို့စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျှက်ရှိပါသည်။

အမြန်ဆုံး အိမ်ရှေ့အရောက်ပို့ဆောင်ပေးနေပါသည်။ ကားကြပ်တဲ့ဒုက္ခ၊ အလေးချိန်ခွင်မမှန်တဲ့ဒုက္ခ၊ ဈေးကြီးတဲ့ဒုက္ခတွေကင်းဝေးစေဖို့ အားကိုးရတဲ့ "ပုသိမ်သား" လာပြီ။ လတ်ဆတ်မှု၊ အလေးချိန်အတွက် ဈေးနှုန်းအာမခံပါသည်။

PATHEIN THAR MARINE PRODUCT GROUP (GOLDEN P.T BPAND), SINCE 1996
HOT LINE : 01-685450, 09-73162427, 09-32832147 Tel : 01-685780, 685781, 685320, 685331
Fax : 01-685472, Website : www.patheinthar seafood.com



ကိန္နရီမောင်နှံစာပေ

- ❖ သီလ ၊ သမာဓိ ၊ ပညာ = ပုဆိုး ၊ တိုက်ပုံ၊ ခေါင်းပေါင်း။
- ❖ ပုဆိုး (သီလ)ပါမပါ လုံမလုံ အရင်ငုံ့ကြည့်ပါ။
- ❖ ဖြစ်ဆိုတာ ပျက်ဆိုတာ။ ဖြစ်သိပျက်သိဆိုတာ
- ❖ စိတ်သိဖြစ်ပျက်မှ ဉာဏ်အမြင်ဖြစ်ပျက်သို့တက်ရန်။
- ❖ ကြာကြာထိုင်နိုင်တာထက်၊ ဘယ်လို့နှလုံးသွင်းရခြင်းကိုသိဖို့လို။

မောင်ကံထူး ၏

"စိတ်အသိနှင့် ဉာဏ်အမြင်" တွင်လေ့လာကြည့်စေလိုပါသည်။

ဒုတိယအကြိမ် ထွက်နေပါပြီ

ဖြန့်ချိရေး ။ စာပေလောက (၆) ၀၉ - ၇၃၀၁၉၆၆၅



ပါကေး အစားထိုး ကြမ်းခင်း

Special Promotion

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော

Since 1996

Home
think of House, think of Home



Grade A,B,C,D စစ်မှန်မှုကိုစက်ဖြင့် "အခမဲ့" လက်တွေ့စစ်ဆေးပေးသည်။

Buy Flooring → Get Box
၄ ကျင်း ဝယ်လျှင် ၁ ပုံး လက်ဆောင်

- ★ Grade A,B,C,D အစစ်များသာရောင်းပါသည်
- ★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
- ★ လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း

ပိတ်ရက်မရှိ

(အင်းစိန်) (သင်္ဃန်းကျွန်း) (ပဲခူး) (မန္တလေး) (တောင်ကြီး)
(အောင်ဆန်းကွင်း) (မြောက်ဥက္ကလာ) (မော်လမြိုင်) (ပြင်ဦးလွင်) (မုံရွာ) (နေပြည်တော်)

HOTLINE: 09-79 700 70 70
09-79 700 70 80



Number One Directory In Myanmar
YELLOW PAGES




ဘယ်နေရာမဆို ဘာပဲလိုလို ?

ရန်ကုန်လမ်းညွှန် 2017

BOOK A B | WEBSITE | MOBILE

ထွက်ပြီ

Everything U Need

HOTLINE : 01-8619277 | www.yangondirectory.com

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးကျော်ဒင်**
**ရဲမှူးကြီး(ငြိမ်း)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**
**ကယားပြည်နယ်ကောင်စီဥက္ကဋ္ဌ(ငြိမ်း)**
**အသက်(၈၆)နှစ်**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ ဒေါနိုးကူးလမ်း၊ အိမ်အမှတ် ၅၄နေ ဒေါ်သန်းကြည်၏ ခင်ပွန်းသည် ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၃း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကန္တရဝတီလူမှုရေးအသင်း (ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ**
**ဦးကျော်ဒင် (ခ) ဦးထေးရယ်**
**ရဲမှူးကြီး (ငြိမ်း)**
**ကယားပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ**
**ပထမအကြိမ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**
**ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဝင်**
**အသက်(၈၆)နှစ်**

ပီတိလူမှုကူညီရေးအသင်း(စမ်းချောင်း)၏ အသင်းနာယကကြီးဖြစ်သူ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ငြိမ်း)-ဒေါ်ခင်မေလတ် တို့၏ ဖခင်သည် ၅-၁-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပီတိလူမှုကူညီရေးအသင်း (စမ်းချောင်း)**

## ဒေါ်ခင်အေး (မော်လမြိုင်ကျွန်း)

**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃) ရပ်ကွက်၊ ဖိုးရာဇာ ၂လမ်း၊ အမှတ် (၉၇၉/B)နေ (ဦးမောင်ညွန့်- ဒေါ်သစ်)တို့၏ သမီး၊ ဦးရွှေ၏ ချစ်လှစွာသော ဇနီး၊ ဒေါ်ဆွေဆွေမြင့်(ခ)ဒေါ်စန္ဒာအောင်၊ ဦးဆန်းဝင်း [ဟိုတယ်/ခရီး၊ ဆရာအတတ်သင် (ငြိမ်း)]- ဒေါ်သန်းသန်းလွင် (GM-KMA Foundation)၊ (ဦးနေစိုး)-ဒေါ်သန်းသန်းအေး၊ ဦးကျော်စွာထွန်း-ဒေါ်ဆွေဆွေသန်း (Rich Land Hotel)၊ ဦးကျော်စိုးမိုး (ငွေမိုးစက်မှုလုပ်ငန်း)-ဒေါ်ရီရီဆွေ (ထ/ခွဲ၊ အလက-၁၀၊ မြောက်ဥက္ကလာပ)တို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၇-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၉-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ညီညီစိုး ၆/ထဝန(နိုင်)၀၀၀၀၂၆၏ နိုင်ငံကူး လက်မှတ် M-525725 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ညီညီစိုး ဖုန်း-၀၉-၇၈၅၀၇၇၀၈၈**

## (၃)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဦးကျော်ဝင်း (ထောင်မှူး-ငြိမ်း)**
**က-၂၇၇၆၊ ထောင်မှူးလောင်း အပတ်စဉ်(၂)**
**ဒုတိယရဲအုပ်လောင်း အပတ်စဉ်(၁၅)**
**၉-၁-၂၀၁၄ မှ ၉-၁-၂၀၁၇ ရက်**

မကွေးမြို့တွင် မိသားစုနဲ့ ရုတ်တရက် ခွဲခွာသွားသည်မှာ (၃)နှစ်ပြည့် မြောက်ခဲ့ပေမယ့် မိသားစုမှ အမြဲတမ်းလွမ်းဆွတ်သတိရလျက် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ကုသိုလ်ကောင်းမှုတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနှစ်မှာတော့ စစ်ကိုင်းတောင်ရိုး နာဂဝံသချောင်မှာ ရဟန်းသံဃာများနဲ့သီလရှင်များကို ဆွမ်းဆက်ကပ်လှူဒါန်းပြီး မေတ္တာပို့အမျှပေးဝေခဲ့ပါတယ်။ ရောက်ရာဘုံဘဝမှာ အေးချမ်းစွာ သာဓုခေါ်နိုင်ပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေ။

ဇနီး - ဒေါက်တာဒေါ်တင်တင်အေး
ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန၊ နေပြည်တော်
သား - မောင်စွမ်းရည်ဖြိုး
Deputy Project Manager-ICT Service
Myanmar Computer Company Limited
သမီး - မညွှန်းသွဲ့ဟန် (စတုတ္ထနှစ်-မြန်မာစာ)

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နှင်းပွင့်**
**အသက်(၄၉)နှစ်**

Capt . ကျော်စိုး - Marine Superintendent(Norstar Ship Management) ၏ ချစ်လှစွာသော ဇနီး၊ မောင်မင်းသန့်ကျော်စိုး၏ ချစ်လှစွာသော မိခင် ဒေါ်နှင်းပွင့်သည် ၅-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားဖြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Norstar Crew Management Co.,Ltd. &**
**Norstar Ship Management Pte.Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးငြိမ်းချမ်း**
**(ကြည်း-၄၈၉၀၆)**
**(တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ်-၈)**
**အသက်(၃၄)နှစ်**

ဗိုလ်ကြီးမြတ်လေးဖြူ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မြတ်ထူးနေနှင့် မောင်မြတ်ထက်နေ တို့၏ဖခင်ဖြစ်သူ (သူငယ်ချင်း) ဗိုလ်ကြီးငြိမ်းချမ်းသည် ၅-၁-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ... ကောင်းရာသုဂတိလားပါစေ။

**တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ်(၈)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုရဲမှူးကြည်လင် (နေပြည်တော်)**
**အသက်(၅၄)နှစ်**

မလှိုင်မြို့နယ်၊ ကျောက်တန်းစံပြကျေးရွာနေ ဦးလူးမော်-(ဒေါ်မယ်မြင့်) တို့၏သား ဒုရဲမှူးကြည်လင် (ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့)၊ ရုံးအမှတ် (၃၈)၊ နေပြည်တော်သည် ၂၄-၁၂-၂၀၁၆ ရက် နံနက် ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်အေးကြင်မိသားစု**
**ပင်လောင်းမြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နှင်းပွင့်**
**အသက်(၄၉)နှစ်**

Capt. ကျော်စိုး Marine Superintendent (Norstar ship Management) ၏ ချစ်လှစွာသောဇနီး၊ မောင်မင်းသန့်ကျော်စိုး၏ ချစ်လှစွာသောမိခင် ဒေါ်နှင်းပွင့်သည် ၅-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ မနှင်း ကောင်းရာသုဂတိ ရောက်ရှိပါစေ။

**ချစ်သောသူငယ်ချင်းများ-**
**ခိုင်သက်စိုး၊ ကေခိုင်ထွန်း၊ မိမိနိုင်၊ ဇင်ဇင်မိုး၊**
**ခင်အေးကြွယ်၊ မချိုဝင်း၊ မစန္ဒာ၊**
**မနီလာ၊ မစန်းစန်းငွေ၊ မသင်းသီရိ၊ ရီရီဝင်း၊ မိုးနန္ဒာ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာ**
**ဦးကျော်ဒင်**
**ရဲမှူးကြီး(ငြိမ်း)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**
**ကယားပြည်နယ်ကောင်စီဥက္ကဋ္ဌ(ငြိမ်း)**
**အသက်(၈၆)နှစ်**

သူငယ်ချင်း ကိုခင်မောင်လတ်-မမူမူစံတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မရွှေစင်၊ မလေး**

## ဦးသန်းထွန်း

**အသက် (၅၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းလမ်း၊ အမှတ် ၁၅၆နေ ဦးမောင်လတ်-ဒေါ်အေးကျင်တို့၏သား၊ ဦးမြင့်သိန်း(မစဘ-သဃ်န်းကျွန်း)၊ ဦးကြည်နိုင်-ဒေါ်သင်းသင်းမာ၊ ဦးဆန်းနိုင်(မစဘအင်းစိန်)-ဒေါ်ငွေးငွေးခိုင်(မစဘအငြိမ်းစား)၊ ဦးနေထွန်းဦး [(မစဘ ငွေစု(၂)]၊ ဒေါ်ကြည်ကြည်ဝင်း (မစဘအင်းစိန်)၊ ဒေါ်တင်တင်လတ်၊ ဦးကျော်သန်း (Blue-Mountain)-ဒေါ်သိမ့်နွယ်အေး၊ ဦးဇော်မင်းဦး-ဒေါ်ချိုဇင်ဇင်လတ် (မစဘ မော်ကျွန်း)၊ ဦးဇော်မြင့်နိုင်-ဒေါ်ခင်သန္တာတို့၏ အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ဘကြီးသည် ၇ -၁-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## (၁၉)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင် (ငြိမ်း)**

တုနှိုင်းမမီသော အနန္တကျေးဇူးရှင် ဖခင်ကြီးကွယ်လွန်ခဲ့တာ ယနေ့ (၉-၁-၂၀၁၇) ရက်မှာ (၁၉)နှစ် တိတိပြည့်ခဲ့ပါပြီ။ ကြီးမားလှသော ဖေဖေရဲ့ ကျေးဇူးတရားများကို ယနေ့ထက်တိုင် တစ်နေ့မှမေ့မရပါ။ ပေးဆပ်၍ မကုန်နိုင်တဲ့ ဖေဖေရဲ့ အေးမြလှသောမေတ္တာတရားကျေးဇူးများကို ရည်စူးပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သည့် အလှူဒါနများ၊ ယနေ့ (၁၉)နှစ်ပြည့်မှာ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ပြုလုပ်သည့် အလှူဒါန၊ ကောင်းမှုကုသိုလ်အစုစုများကို ဖေ ဖေ့အား အမျှပေးဝေပါသည်။ မြင့်မြတ်အေးချမ်းသောဘုံဘဝမှာ သာဓုခေါ်ပါ ဖေဖေ ....

**ချစ်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းနှင့်**
**ချစ်သားသမီး၊ မြေးတစ်စု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဒင် (ခ) ဦးထေးရယ်**
**ရဲမှူးကြီး (ငြိမ်း)**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (ငြိမ်း)**
**ကယားပြည်နယ်ကောင်စီဥက္ကဋ္ဌ (ငြိမ်း)**
**အသက်(၈၆)နှစ်**

လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ ဒေါနိုးကူးလမ်း၊ အမှတ် ၅၄ နေ ဒေါ်သန်းကြည်၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်ဒင်(ခ)ဦးထေးရယ်သည် ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၃း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကယားပြည်နယ်**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အမာနီ (အထပြ) (အထက -၃၊ ပဲခူး-ငြိမ်း)**
**အသက်(၇၆)နှစ်**

ပဲခူးမြို့၊ ညောင်ဝိုင်းတောင်ပိုင်းရပ်၊ မဟာဟံသဇီနမုနိသွန်းတော်မူဘုရားကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းသန်း၏ဇနီး ဒေါ်အမာနီ အသက်(၇၆)နှစ်သည် ၂-၁-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သွန်းတော်မူဘုရားဂေါပကအဖွဲ့နှင့်**
**ဝတ်အသင်းသူ/အသင်းသားများ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/4789 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ရှုအင်

# (Chirman)

# Tiger Shark Co.,Ltd. TZK Co.,Ltd & Victoria Cliff Hotel & Resort.

## ဝင်းဝင်းပွဲရုံ

## အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၃၈နှင့် စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ် (၉/၁၅)နေ [ဦးမောင်သန်း(ခ) ခေါ်ဘွန်တန်]၏ ချစ်လှစွာသောဇနီး၊ ဦးသန်းစိုး-ဒေါ်ယုယုနွယ်၊ ဦးဇော်ဝင်း၊ ဦးခင်မောင်ဝင်း(ခ)ဦးစိန်ကား-ဒေါ်ရှုပို၊ ဒေါ်ဥမ္မာဝင်း-ဒေါက်တာခင်မောင်ဦးတို့၏ ချစ်လှစွာသောမိခင်၊ မဖူးပွင့်သင်း၊ မောင်ဝေဖြိုးလင်း၊ မောင်အောင်ကျော်ဝင်း၊ မောင်ဇွဲမျိုးအောင်၊ မောင်ဘုန်းပြည့်စုံ၊ မောင်ဇွဲရန်ပိုင်ဝင်း၊ မသဲသဥ္ဇာဝင်းတို့၏အဘွားသည် ၇-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အမှတ် (၉/၁၅)၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖုကျန့်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ဒင် (ထားဝယ်)
### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
### အသက်(၉၃)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဇနီး ဒေါ်ခင်သန်းဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်/ခရီး)တို့၏ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းမိသားစု**
**C.F.D.T.C မှော်ဘီ/ပုသိမ်ကြီး**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ဒင် (ထားဝယ်)
### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
### အသက်(၉၃)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဇနီး ဒေါ်ခင်သန်းဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်/ခရီး)တို့၏ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု**
**ရှမ်းပြည်နယ် (တောင်ကြီး) သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ဒင် (ထားဝယ်)
### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
### အသက်(၉၃)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဇနီး ဒေါ်ခင်သန်းဝင်း(ဒုတိယညွှန်ကြား ရေးမှူး ချုပ်၊ ဟိုတယ်/ခရီး)တို့၏ဖခင်ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**တွဲဖက်ပြည်နယ်အရာရှိနှင့်ဝန်ထမ်းမိသားစု**
**ရှမ်းပြည်နယ် (လားရှိုး) သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ဒင်
### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
### အသက်(၉၃)နှစ်

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းတို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီးသည် ၇-၁-၂၀၁၇ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**မန္တလေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ဒင် (ထားဝယ်)
### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
### အသက်(၉၃)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဇနီး ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်/ခရီး)တို့၏ ဖခင်ဖြစ်သူ ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ(သစ်စက်)နှင့်စက်ရုံမှူးများ**
**ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
**မြန်မာ့သစ်လုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီးဆန်းအောင် (ငြိမ်း)
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကျောင်းအုပ်ကြီး(ငြိမ်း)၊ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
### အသက်(၆၂)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ဗိုလ်မှူးကြီးဆန်းအောင်(ငြိမ်း) သည် ၇-၁-၂၀၁၇ရက်(စနေနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ငွေ-ဒေါ်ခင်မြချစ်**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီးဆန်းအောင် (ငြိမ်း)
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ကျောင်းအုပ်ကြီး(ငြိမ်း)၊ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း
### အသက်(၆၂)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၃၂၂၄၊ ခတ္တာလမ်းနှင့် ပုဂံ(၃)လမ်းထောင့်နေ ဗိုလ်မှူးကြီးဆန်းအောင်(ငြိမ်း)သည် ၇-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၈း၁၅နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်သိန်းဇော်(ငြိမ်း)-ဒေါ်မူမူဝင်း**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီးဆန်းအောင် (ငြိမ်း)
### အသက်(၆၂)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ခတ္တာလမ်း၊ အမှတ် ၃၂၂၄နေ ဗိုလ်မှူးကြီးဆန်းအောင်(ငြိမ်း)သည် ၇-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၈း၁၅ နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းထွန်း-ဒေါ်ဝေဝေ**
**သိရောမဏိကျောက်မျက်ရတနာကုမ္ပဏီ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးအောင်မြင့်
### (ဒုတိယရဲမှူးကြီး၊ ငြိမ်း)
### အသက်(၇၇)နှစ်

ပုသိမ်မြို့၊ မြက်တိုရပ်၊(၁၃)ရပ်ကွက်နေ ဒေါ်ရှုယဉ်၏ခင်ပွန်း၊ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာ့စစ်သံ(ကြည်း၊ရေ၊လေ)ဗိုလ်မှူးချုပ်ချစ်ဆွေ-ဒေါ်နီနီအောင်၊ ဦးစိုင်းထွန်းနိုင်ဝင်းအောင်-ဒေါ်ချောစုစုထွေး၊ ဦးစိုင်းသီဟမင်း-ဒေါ်တင်သန္တာဝင်းတို့၏ဖခင်၊ မချောသန္တာသွယ်၊ မောင်စိုင်းကောင်းထက်နိုင်၊ မောင်စိုင်းဟိန်းထက်စံ၊ မောင်ဖွဲ့ပြည့်စုံ၊ မောင်ဉာဏ်လင်းစံတို့၏အဘိုးသည် ၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇း၄၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၇ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ သရေခေါင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး
### ဦးဝမ်ကြည် (ဝါးခယ်မ)
### A.G.T.I, B.E, Dip in Hydropower (NTH)., D.M.A F.MES., ASEAN Engg., ACP Engg:
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### အသက်(၇၂)နှစ်

ဦးဝမ်ကြည် နာမကျန်းဖြစ်နေစဉ်အချိန်အတွင်း အထူးကြပ်မတ်ကုသပေးပါသော ဗဟိုရိုစည်ဆေးရုံမှ Medical Oncologist ဒေါက်တာဒေါ်ရှုမွန်၊ သွေးနှင့်အထွေထွေရောဂါအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးထွန်းလွင်ငြိမ်း၊ အထွေထွေအထူးကုသမားတော်ကြီး ပါမောက္ခ ဒေါက်တာဦးဇော်လင်းအောင်နှင့် လက်ထောက်ဆရာဝန်၊ ဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ နာမကျန်းဖြစ်နေချိန်မှ မီးသင်္ဂြိုဟ်ပြီးစီးချိန်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ထွတ်(ဝန်ကြီး၊ငြိမ်း)နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ(ငြိမ်း)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ Asia World Co.,Ltd., National Infrastructure Holding Co.,Ltd, Gold Energy Co.,Ltd., High Tech Concrete Co.,Ltd., Great Motion Construction Co.,Ltd.,၊ လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း၊ မြန်မာနိုင်ငံရေအားလျှပ်စစ်အသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ Myanmar Tunneling & Underground Space Committee (MTUSC)၊ ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၄-၁၉၆၅)ခုနှစ်ကျောင်းသား/ကျောင်းသူဟောင်း သူငယ်ချင်းများ၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ တပည့်များ၊ ဝါးခယ်မမြို့နယ်အသင်း၊ လွမ်းသူ့ပန်းခြင်းများ ပို့ပေးကြသူများ၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော် လည်းကောင်း၊ အားပေးစကားပြောကြားကြသော လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ တပည့်များနှင့် ရပ်ကွက်သူ/သားများ၊ နာရေးလိုက်ပါပို့ဆောင်ပေးကြသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်ဝင်း
### (ကျားဆီစက်)(ညောင်တုန်း)
### အသက်(၇၂)နှစ်

ညောင်တုန်းမြို့နေ (ဦးအော်ကင်စစ်)-ဒေါ်ကြင်တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ် ၁၇၈နေ [ဦးမြဝင်း(ခ)ဦးကျင်ဖောင်း-ဒေါ်ညွန့်]တို့၏ညီမ၊ ဦးအောင်ဝင်း-ဒေါ်လှလှဝင်း၊ ဦးသန်းဇော်ဦး-ဒေါ်သိင်္ဂီအောင်၊ ဒေါ်သီတာအောင်တို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေး နှစ်ယောက်တို့၏အဘွားသည် ၈-၁-၂၀၁၇ ရက် နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၁-၂၀၁၇ရက် နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁-၂၀၁၇ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ဦး
### (နေပြည်တော်)
### အသက်(၆၅)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေး၊အမှတ် ၁၃၀နေ (ဦးကံမောက် - ဒေါ်မြသွေး)တို့၏သား၊(ဦးကံ-ဒေါ်သန်းကြည်)တို့၏သားသမက်၊ ဒေါ်သန်းသန်းဌေး၏ခင်ပွန်း၊ ဦးဝဏ္ဏဦး-မဝင်းဝင်း၊ ဦးဘိုဘိုကျော်-မပိုင်းစန္ဒာထွန်း၊ ကိုကျော်ဝင်းလှိုင်၊ မသီတာဝင်းတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုး၊ ဦးကျော်ဦး (B.B.K ရွှေတူးဖော်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်) သည် ၈-၁-၂၀၁၇ရက် နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၁-၂၀၁၇ရက် ညနေ ၃နာရီတွင် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး နေပြည်တော်မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် သီရိရတနာအဆင့်မြင့်ဈေး နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်သိန်း
### ကလော GTI-Civil-70 Batch
### နန်းထိုက်ဦးကုမ္ပဏီ
### အသက်(၇၂)နှစ်

ပြွန်တန်ဆာမြို့နယ်နေ ရှေ့နေကြီး ဦးသန်းချောင်း-ဒေါ်နီတို့၏သား၊ရန်ကုန်မြို့နေ (ဦးထွန်းရီ)-ဒေါ်ဝင်းတို့၏သားသမက်၊ ရဲအုပ်ညီညီ(သတင်းရဲတပ်ဖွဲ့-နေပြည်တော်)-ဒေါ်ဇာဇာလှိုင် (လယ်/ပြ၊ နေပြည်တော်)တို့၏ မွေးစားဖခင်၊ ဒေါ်အေးအေးမြင့် (B.A Dramatic)၏ ခင်ပွန်းသည် ၅-၁-၂၀၁၇ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၁၁/F)၊ မဇ္ဈိုလမ်း၊ ရေကျော်(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## စိုက်ယဒ်မိုဟမ္မဒ် ဇက္ကရီယာနူးရ်
### (ခ) ဦးတင်လှိုင်
### အသက်(၆၄)နှစ်

မန္တလေးမြို့၊ ၈၃လမ်း၊ စစ်ကိုင်းတန်းရပ်နေ (ဟာဂျီ ဦးလှပေါ်-ဟာဂျီမ ဒေါ်လှမေ၊ ရွှေလရောင် သစ်စက်ပိုင်)၊ ပျဉ်းမနားမြို့နေ (ဦးချစ်ရွှေ-ဒေါ်မမကြီး)တို့၏မြေး၊ ရန်ကုန်မြို့နေ (ကန်ထရိုက်တာ ဦးမောင်မောင်-ဒေါ်မြင့်မြင့်)တို့၏သား၊ မန္တလေးမြို့၊ ၈၃လမ်း၊ တိုက်တန်းရပ်နေ(ဦးဘကျော်-ဒေါ်သိန်း)တို့၏သားသမက်၊ ၁၆လမ်းနေ (ဟာဂျီ ဦးအောင်မြင့်) - ဟာဂျီမ ဒေါ်စန္ဒာလွင်၊ ရန်ကုန်မြို့၊ ၂၈လမ်းနေ ဟာဂျီ ဦးမင်းမောင်-ဟာဂျီမဒေါ်ခင်မေခင်၊ မန္တလေးမြို့၊ ၂၈လမ်းနေ (ဟာဂျီ ဦးထွန်းအောင်ကျော်-ဟာဂျီမ ဒေါ်မြင့်မြင့်စန်း)တို့၏ ညီ/မောင်၊ ၈၃လမ်း ကျော်သိန်းဆွေ ရိပ်သာနေ (ဇာခြည်လှိုင်)၊ ကိုသက်ဝေမြင့် - မရွှန်းလဲ့နဒီအောင်(ခ)ဇာဖြူလှိုင်တို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ၉-၁-၂၀၁၇ ရက် (တနင်္လာနေ့) ဇိုဟိုရ်နမာဇ်အပြီး ၈၃လမ်း၊ ၂၇×၂၈ကြား ဇာမိသားစုနေအိမ်မှ အေးရိပ်ငြိမ်ကဘာရ်စတာန်သို့ ပို့ဆောင် ဒဖ္ဖနာမည်ဖြစ်ပြီး ဂျနာဇာနမာဇ်ကို စစ်ကိုင်းတန်းဗလီတွင် ဖတ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်သန်းနွယ်
### အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁) ရပ်ကွက်၊ ရန်ကင်းလမ်းသွယ် (၇)၊ အမှတ် ၁၀၄၊ အခန်း ၁နေ (ဦးထွန်းစိန်-ဒေါ်မမလေး)တို့၏သမီး၊ (ဦးဟုန်လျှောင်-ဒေါ်အမာ)တို့၏ချွေးမ၊ ဦးအုံးကြည်(အင်ဂျင်နီယာမှူးကြီး၊ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊(ဦးသန့်ဇင်-ဒေါ်တင်တင်)၊ ဦးကျော်လေး(အင်ဂျင်နီယာမှူး၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-(ဒေါ်ခင်နွဲ့နွဲ့)တို့၏အစ်မ၊(ဒေါ်အေးအေးမွန်)၊ ဒေါက်တာမောင်မောင်သန်း (Country Program Coordinator/RECOFTC)-ဒေါ်မိုမိုကြည်၊ ဒေါ်မိမိကြည် [စာရင်းကိုင်(၁)၊ရန်ကုန်မြောက်ပိုင်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]၊ ဦးသန်းဆွေ(Field Coordinator/RECOFTC)-ဒေါ်ပွင့်ပွင့်ရည်၊ ဦးအောင်ဇော်မင်း (MIS Officer/PSI)တို့၏မိခင်၊ မောင်စိုင်းဝဏ္ဏထွန်း၊ မချစ်စုစုစံတို့၏အဘွားသည် ၈-၁-၂၀၁၇ရက် နံနက် ၄း၃၀ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၇ရက်(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်စန်းမြင့်
### (ဆေးမှတ်တမ်းထိန်းအရာရှိ၊ငြိမ်း)
### (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
### အသက်(၇၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ပခန်းငယ်မြို့နေ ကျောင်းဆရာကြီး (ဦးလေးမောင် - ဒေါ်လုံး)တို့၏ သမီး၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ လက်ပန်ပြားရွာနေ ကျောင်းဆရာကြီး (ဦးမင်းဖုံ-ဒေါ်ခင်အေး)တို့၏သမီးချွေးမ၊ ဦးသောင်းကြည်၊ ဦးတင်အုန်း-ဒေါ်မြရင်၊ ဦးခင်စန်းမောင်-ဒေါ်မြမြကြည်၊ ဦးကျော်ဝင်းမောင် - ဒေါ်ခင်သန်းထွေးတို့၏အစ်မ၊ ဦးအောင်ကျော်-ဒေါ်မီမီမြင့် (အထက-၁၊ မရမ်းကုန်း)၊ ဦးကြည်ဆွေဦး (သိန်းကမ္ဘာ ပီနံအိတ်စက်ရုံ) - ဒေါ်စန်းစန်းအေး၊ဦးတင်ထွန်း-ဒေါ်မိမိဆွေ(ဇူလီယန်ကုမ္ပဏီ)၊ ဒေါ်နီနီမြင့် (G.S.M Co;)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား၊ ပျဉ်းမပင်တောင်ပိုင်း၊ (၈)ခန်းတွဲ၊ မေတ္တာလမ်း၊ အမှတ် ၁၂၉၊ အခန်း (၃)နေ ဦးမြင့်ဆွေ၏ချစ်လှစွာသောဇနီးသည် ၇-၁-၂၀၁၇ရက်(စနေနေ့)နံနက် ၅း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၉-၁-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁-၂၀၁၇ရက် (သောကြာနေ့) နံနက်တွင် ပျဉ်းမပင်တောင်ပိုင်း၊(၈)ခန်းတွဲ၊မေတ္တာလမ်း၊ အမှတ် ၁၂၉၊ အခန်း ၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၅၇)ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ် ၁၅၈၂နေ (ဦးတင်အေး-ဒေါ်မြရီ)တို့၏သား၊ ဦးသောင်းဖေ-ဒေါ်ညွန့်ရီတို့၏သားသမက်၊ ဒေါ်တင်သန်းဆွေ၏ခင်ပွန်း၊ဒေါ်စန်းစန်း၊(ဦးချစ်ဝင်း)-ဒေါ်လှလှ၊ ဦးစိန်ငွေ-ဒေါ်သိန်းသိန်းတို့၏မောင်၊ တူ၊ တူမ ငါးယောက်တို့၏ဦးလေးသည် ၇-၁-၂၀၁၇ရက် (စနေနေ့)ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက္ကသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### သာကေတမြို့နယ်
### ဇရာဝဏ်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်
### ဘဒ္ဒန္တဉာဏိက
### သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၅)ဝါ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မြခွာညိုလမ်း၊ ဇရာဝဏ်ကျောင်းတိုက်၊ ပဓာနနာယက ဘဒ္ဒန္တဉာဏိက ဆရာတော်ကြီးသည် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၁၀ရက်) ၇-၁-၂၀၁၇ရက်(စနေနေ့) နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၁၄ ရက်) ၁၁-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် သာခုကီဋ္ဌနသဘင်ဆင်ယင်ကျင်းပပြီး မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) စျာပနပွဲဖြစ်မြောက်ရေးကော်မတီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မရိပ်သာ ဒါယိကာမကြီး
### ဒေါ်စိန်ရင် အသက်(၉၇)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊မင်းဓမ္မလမ်း၊ရွှေကမ္ဘာအိမ်ရာနေ(ဦးဘဆင်-ဒေါ်နှင်းညွန့်)တို့၏သမီး၊ (ဦးဘိုးမြိုင်-ဒေါ်စောမြ)တို့၏သမီးချွေးမ၊ (ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးလှ၊ တိုင်းမင်းကြီး၊ ငြိမ်း)၏ဇနီး၊ (ဦးလှဖေ-ဒေါ်အမာ)၊ (ဦးအောင်ကြွယ်)-ဒေါ်ခင်လှရီ၊ (ဦးမြင့်လွင်)၊ (ဦးစိန်မောင်)-ဒေါ်ခင်ဦးကြည်၊ (ဦးမောင်မောင်-ဒေါ်ခင်ခင်အေး)တို့၏အစ်မ/ညီမ၊ ဦးကျော်မြင့်-ဒေါ်သင်းသင်းလှ၊ ဗိုလ်မှူးချုပ်မျိုးလှ(ငြိမ်း)-(ဒေါ်ခင်နှင်းအေး)၊ ဒေါ်ချိုချိုလှ၊ ဒေါ်စန်းစန်းလှ၊ ဦးထွန်းလှ-ဒေါ်အေးသန်း၊ Capt.ဦးအောင်ထွေးလှ-ဒေါက်တာဒေါ်မြမြမွန်တို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးကျော်ဒင်
### ရဲမှူးကြီး(ငြိမ်း)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)
### ကယားပြည်နယ်ကောင်စီဥက္ကဋ္ဌ(ငြိမ်း)
### အသက်(၈၆)နှစ်

ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ငြိမ်း)-ဒေါ်ခင်မေလတ်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်သည် ၅-၁-၂၀၁၇ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦး-ဒေါ်ခင်မာဝင်း**
**အကျဉ်းဦးစီးဌာန**

## ဘုရား၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်စော အသက်(၈၅)နှစ်
### မင်းတန်းရွာ၊ မြောင်းမြမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မင်းတန်းကျေးရွာနှင့် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၈၊ သုံးလွှာနေ (ဦးမူ)၏ဇနီး၊ပုဇွန်တောင်မြို့နယ်၊အထက်ပုဇွန်တောင်လမ်း၊ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက် ၆/ ၂၀၃နေ ဦးခင်မောင်ကြည်-ဒေါ်လှလှမော်(ခေတ္တ-စင်ကာပူ)၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၈၊ သုံးလွှာနေ ဦးတိုင်းဇော်-ဒေါက်တာအေးအေးမော်(တွဲဖက်ပါမောက္ခ၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏မိခင်၊ မောင်နေမျိုးအောင်(2nd year, SMU, စင်ကာပူ)၊ မောင်သန်းထိုက်အောင် (ဒုတိယနှစ်၊ ရန်ကုန်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ မောင်ရဲရင့်ဝေယံ [Grade-8 (L) TTC၊ ကမာရွတ်]၊ မရွှေရည်လင်းလက် [Grade-2 (F), TTC၊ လှိုင်]တို့၏အဘွားသည် ၇-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၆း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ရေကျော်၊ ယုဇနလမ်း၊ အမှတ် ၈ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ထွန်း အသက်(၆၄)နှစ်
### မြန်မာ့လေကြောင်း(ငြိမ်း)၊ (အထက-၅၊တာမွေ၊ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မြို့သစ် ၃လမ်း၊ အမှတ် ၁၆၊ တတိယလွှာ၊ ခေါင်းရင်းခန်းနေ (ဦးလှကြည်)-ဒေါ်နုနုခင်တို့၏သား၊ (ဒေါ်လဲ့လဲ့ဝင်း)၏ခင်ပွန်း၊ (ဒေါ်ခင်ကြည်လင်း)၏မောင်၊ ဒေါက်တာခင်မောင်ဆွေ-ဒေါ်ဝါဝါမြင့်၊ ဦးသင်းလွင်(ညွှန်ကြားရေးမှူး၊ MPPE)-ဒေါ်ခင်ဆွေဝင်းတို့၏အစ်ကို၊ သမီးသုံးယောက်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၈-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ကန်၊ ရိပ်သာ၊ စာသင်ကျောင်း၊ ရေတွင်း၊ နတ်လမ်း၊ လမ်း၊တံတား ဒါယကာကြီး
### ဦးဇော်ဝင်း အသက်(၅၉)နှစ်
### လှိုင်ထိပ်ခေါင်အအေးခန်းစက်ရုံ(ဥက္ကဋ္ဌ)
### ကြယ်ရောင်စဉ်ကုမ္ပဏီလီမိတက်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ကြာသပတေးလမ်းနေ (ဦးသိန်း-ဒေါ်ကျင်မြ)တို့၏သား၊ အုတ်ဖိုကျေးရွာနေ (ဦးမြင့်)-ဒေါ်တင်ရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့် ၃လမ်း၊ အမှတ် ၉နေ ဒေါ်ဌေးဌေးဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုခန့်ဇော်အောင်(လှိုင်ထိပ်ခေါင် အအေးခန်းစက်ရုံ၊ ကြယ်ရောင်စဉ်ကုမ္ပဏီလီမိတက်၊ မန်နေဂျင်းဒါရိုက်တာ)-မစုမွန်မွန်စိန်(ဒါရိုက်တာ)တို့၏ချစ်လှစွာသောဖခင်၊ မသက်ဧကရီဇော်၊ မောင်သုထက်ခန့်တို့၏ဘိုးဘိုးကြီး၊ ဦးသန်းလွင်-(ဒေါ်တင်)-ဒေါ်ကြည်ကြည်သန်း၊ (ဦးမောင်ခိုင်)-ဒေါ်အေး၊ ဦးတင်ဝင်း-ဒေါ်သန်းကြည်၊ဦးမောင်လှိုင်-ဒေါ်စန်းစန်းရီ၊ ဦးလှမြင့်-ဒေါ်တင်ကြွေ၊ ဦးမြင့်စံ-ဒေါ်စန်းတို့၏ညီ/မောင်၊ ဦးဉာဏ်ဝင်း-ဒေါ်သန်းဝင်း၊ (ဦးတိုးမောင်)-ဒေါ်ငွေကြည်၊ ဦးဇော်လင်း-ဒေါ်နီနီလှိုင်၊ ဦးမျိုးညွန့်-ဒေါ်ငြိမ်းငြိမ်းဆင့်၊ ဦးသောင်းအေး၊ ဒေါ်ခင်မာ၊ ဦးကျော်လွင်-ဒေါ်ခင်ထွေးမော်၊ ဦးဆန်းညွန့်-ဒေါ်သီသီမိုး၊ ဦးဇော်မင်းညွန့်-ဒေါ်တင်တင်မော်၊ ဦးညီညီလွင်-ဒေါ်ခင်မျိုးဆန်းတို့၏အစ်ကိုသည် ၇-၁-၂၀၁၇ရက်(စနေနေ့) ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ရိုးမရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ အပြေးသမား ၈၀၀၀ ပါဝင်ဆင်နွှဲ ကင်ညာနိုင်ငံသား ငါးနှစ်ဆက်တိုက် ဗိုလ်စွဲသွားခဲ့

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)




ပဋ္ဌမအကြိမ်မြောက် ရိုးမရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပစဉ်

**ရန်ကုန် ဇန်နဝါရီ ၈**

ပဋ္ဌမအကြိမ်မြောက် ရိုးမရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ အမျိုးသားအပြည့် မာရသွန်ပြိုင်ပွဲ (၄၂ ကီလိုမီတာ)တွင် ကင်ညာနိုင်ငံသား Joseph Gitau Kariuki က ငါးနှစ်ဆက်တိုက် ဗိုလ်စွဲသွားခဲ့သည်။

အဆိုပါ ကင်ညာနိုင်ငံသားသည် စံချိန် ၂ နာရီ ၃၄ မိနစ် ၂၈ စက္ကန့် ဖြင့် ပန်းဝင်ဗိုလ်စွဲသော်လည်း ယခင်နှစ်စံချိန် ၂ နာရီ ၂၄ မိနစ် ၄၂ စက္ကန့်အောက် လျော့ကျခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သောင်းအေးက ၂ နာရီ ၄၅ မိနစ် ၁၃ စက္ကန့်ဖြင့် ဒုတိယ၊ ဂျပန်နိုင်ငံမှ Kenta Komatsu က ၂ နာရီ ၅၈ မိနစ် ၃၉ စက္ကန့်ဖြင့် တတိယရခဲ့သည်။

အမျိုးသမီးအပြည့်မာရသွန် (၄၂ ကီလိုမီတာ)ပြိုင်ပွဲတွင် ကင်ညာနိုင်ငံသူ Valentine Serem က စံချိန် ၃နာရီ ၇မိနစ် ၃၆ စက္ကန့်ဖြင့် ပထမ၊ ဂျပန်နိုင်ငံသူ Kaori Tamada က ၄ နာရီ ၅ မိနစ် ၀၀ စက္ကန့်ဖြင့် ဒုတိယ၊ မြန်မာနိုင်ငံမှ ရင်နွယ်စိုးက ၄ နာရီ ၅ မိနစ် ၅၇ စက္ကန့်ဖြင့် တတိယရခဲ့သည်။

ယင်း ၄၂ ကီလိုမီတာတန်းတွင် အမျိုးသား အမျိုးသမီးနှစ်မျိုးစလုံး ပထမဆု အမေရိကန်ဒေါ်လာ ၂၇၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၁၄၀၀ နှင့် တတိယဆု အမေရိကန်ဒေါ်လာ ၉၀၀ သတ်မှတ်ထားကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## မလေးရှားရောက် မြန်မာအလုပ်သမားများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်သင့်

သတင်းဆောင်းပါး - ညီညီထွန်း၊ မျိုးမြင့်၊ ကျော်သူထက် (သတင်းစဉ်)

"မလေးရှားနိုင်ငံ စီးရီးဆာဒန်းပြည်နယ်မှာ ဇန်နဝါရီ ၅ ရက် ည ၁၀ နာရီ ဝန်းကျင်မှာ လူသတ်မှုတစ်ခု ဖြစ်ပွားတယ်လို့ ပြည်နယ်ရဲဌာနက အကြောင်းကြားလာပါတယ်။ Elecol Switchgear Sdn Bhd ကုမ္ပဏီမှာ အလုပ်လုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံက အလုပ်သမားတွေ အချိန်ပိုဆင်းပြီး အပြန်လမ်းမှာ မျက်နှာဖုံးစွပ်လူလေးဦးက ဓားတွေနဲ့ ဝိုင်းဝန်းတိုက်ခိုက်ကြတဲ့အတွက် အခင်းဖြစ်ပွားတဲ့နေရာမှာ မြန်မာအလုပ်သမားလေးဦးသေဆုံးပြီးတော့ နှစ်ဦးကတော့ ပြင်းထန်စွာဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။

"ဒဏ်ရာရရှိသူတွေအနက် သုံးဦးကတော့ ဆေးရုံမှာ ကုသမှုခံယူနေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သံရုံးက တာဝန်ရှိတဲ့သူတွေရယ်၊ အလုပ်သမားသံအရာရှိတွေရယ်၊ စစ်သံရုံးက တာဝန်ရှိသူတွေရယ်၊ ပန်းအလက်ာက ပရဟိတအဖွဲ့က တာဝန်ရှိသူတွေက သေဆုံးသွားတဲ့သူတွေလုပ်ကိုင်တဲ့ စက်ရုံကိုလည်း လိုက်သွားတယ်။ ဆေးရုံကိုလည်း လိုက်သွားတယ်။ လျော်ကြေးရရှိရေးနဲ့ သတင်းအချက်အလက် ပြည့်ပြည့်စုံစုံရရှိရေးအတွက် ဆောင်ရွက်နေပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦးက ပြောသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က "မလေးရှားမှာ မြန်မာအလုပ်သမားတွေ အကြမ်းဖက်

*စာမျက်နှာ ၈ ကော်လံ ၁* ◆

### တပ်မတော်စစ်ကြောင်းနှင့် TNLA လက်နက်ကိုင်အဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွား ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

*စာ- ၉*

### တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ နှစ် နှစ်ထောင်သက်တမ်းရှိသည့် မြို့ဟောင်းတွေ့ရှိ

*စာ- ၁၀*

